# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပညာရှိ**

စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

ဓမ္မဋ္ဌဝဂ်(ဓမ္မပဒ-၂၅၈)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက် | ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၃ ရက်၊ သောကြာနေ့ | အတွဲ (၆၀)၊ အမှတ် (၃၃၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိ

## မြန်မာထေရဝါဒ ဗုဒ္ဓဝိဟာရ (မော်စကို)သို့ သွားရောက်၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီး Army General Kuzhugetovich Shoigu ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပပြုလုပ်လျက်ရှိသည့် International Army Games- 2021 ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ရန်အတွက် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ Sheremetyevo လေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရုရှားဖက်ဒရေးရှင်း နိုင်ငံ၊ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ သံမှူးကြီး ဦးဇော်လင်းဦး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ကျော်စိုးမိုးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်


*စာမျက်နှာ ၃ ကော်လံ ၁* ❒




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ (မော်စကို)၌ သီတင်းသုံးနေသည့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။


**ယနေ့ ဖတ် စ ရာ**

မြန်မာသဘောင်္သား ၅၀၀၀ ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံ — ပြည်တွင်းသတင်း — စာ - ၃

အပြုသဘောဆောင်တဲ့အမြင်တွေ ပြောဆိုမှုတွေနဲ့ ရှင်သန်နိုင်ကြစေ — ဆောင်းပါး — စာ - ၈

ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDPs စခန်း၌ ခိုလှုံနေသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံ — ပြည်တွင်းသတင်း — စာ - ၁၄

မြန်မာ့အလင်း

# ဆေးဝါးအတုအန္တရာယ် ဂရုပြုကာကွယ်

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရေးတွင် ကာကွယ်ဆေးထိုးနှံမှုက အရေးပါသည်။ မိမိတို့နိုင်ငံတွင် ယခုနှစ်အတွင်း လူဦးရေ၏ ၅၀ ရာခိုင်နှုန်းထက်မနည်း ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူခြင်းနှင့် လှူဒါန်းမှုတို့မှ ရရှိသော ကာကွယ်ဆေးများကို ဦးစားပေးအစီအစဉ်အလိုက် ထိုးနှံပေးလျက်ရှိသည်။ တစ်ဖက်တွင်လည်း ပုဂ္ဂလိကဆေးဝါးလုပ်ငန်းရှင်များ၊ ဆေးရုံဆေးခန်းများ၊ လူမှုရေးအသင်းအဖွဲ့များကို နိုင်ငံတကာနှင့် အာရှတွင် ထိုးနှံနေသည့် အရည်အသွေးအာနိသင်ရှိပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ တင်သွင်းဖြန့်ဖြူးခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းတို့ကို ဆောင်ရွက်ခွင့်ပြုခဲ့သည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတင်သွင်း ဖြန့်ဖြူးခြင်းနှင့် ထိုးနှံပေးခြင်း ဆောင်ရွက်ရာတွင် လိုက်နာရမည့်အချက်များကိုလည်း ချမှတ်ပေးခဲ့သည်။

မြန်မာနိုင်ငံတွင် လက်ရှိအသိအမှတ်ပြုထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးငါးမျိုးရှိရာ အိန္ဒိယနိုင်ငံထုတ် ကိုဗစ်ရှီးလ်နှင့် ကိုဗက်ဆင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ် ဆိုင်နိုဖမ်းနှင့် ဆိုင်နိုဗက်၊ ရုရှားနိုင်ငံထုတ် စပွတ်နစ်ဗီတို့ ဖြစ်သည်။ ယင်းအနက် အိန္ဒိယနိုင်ငံထုတ် ကိုဗစ်ရှီးလ်ကာကွယ်ဆေးကို ပထမအသုတ် ကိုဗစ်ကာကွယ်ဆေးထိုးနှံမှုတွင် လူဦးရေ ၁ ဒသမ ၈ သန်းကို နှစ်ကြိမ်ထိုးနှံပေးခဲ့သည်။ ယင်းနောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအတုများ ပေါ်ထွက်လာကြောင်း အိမ်နီးချင်းနိုင်ငံအချို့မှ သတင်းများနှင့်အတူ မိမိတို့နိုင်ငံတွင်လည်း ကိုဗစ်-၁၉ ကာကွယ်ဆေးအတုများကို Online မှ လည်းကောင်း၊ အခြားနည်းလမ်းများနှင့်လည်းကောင်း ရောင်းချမှုများရှိနေကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သြဂုတ် ၁၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း သတိပေးချက်တစ်ရပ်ထုတ်ပြန်၍ ကာကွယ်ဆေးအတုများ အရှေ့တောင်အာရှနိုင်ငံများ၊ အိန္ဒိယနှင့် အာဖရိကနိုင်ငံများတွင် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သြဂုတ် ၁၆ ရက်တွင် အသိပေးခဲ့သလို မြန်မာနိုင်ငံသို့လည်း အကြောင်းကြားခဲ့သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးအတုသည် အိန္ဒိယနိုင်ငံထုတ် COVISHIELD ကာကွယ်ဆေးကို တုပထားခြင်းဖြစ်ပြီး ဆေးပုလင်းတစ်လုံးလျှင် ၁၀ ကြိမ်စာ ထိုးနှံနိုင်သည့် 5 ml ပုလင်းနှင့် ဆေးပုလင်းတစ်လုံးလျှင် လေးကြိမ်စာပါဝင်သည့် 2 ml ပုလင်းများကို အတုအပပြုလုပ်ရောင်းချနေခြင်းဖြစ်သည်ဟု သိရသည်။ ဆေးဝါးအတုများမှာ မည်သည့်အာနိသင်မျှ မရှိသည့်အပြင် ဆေးကြောင့် ဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကာကွယ်ဆေးထိုးနှံပေးသူများရော ကာကွယ်ဆေးထိုးခံမည့်သူများပါ အထူးဂရုပြုကြရမည်ဖြစ်သည်။ တရားဝင်လမ်းကြောင်းမှ တင်သွင်းလာသည့် ဆေးဝါးများတွင် ထုတ်လုပ်သည့် မူလကုမ္ပဏီမှသည် သယ်ယူသည့်လမ်းကြောင်းနှင့် ဆေးဝါးတင်သွင်းလက်ခံသည့် ကုမ္ပဏီတို့အထိ ထုတ်လုပ်မှု၊ တင်ပို့မှု၊ ဖြန့်ဖြူးမှု တစ်ဆက်တစ်စပ်တည်း စစ်ဆေးကြည့်ရှုနိုင်ပြီး ဆေးဝါးသိုလှောင်မှုတွင်လည်း အအေးလမ်းကြောင်းမပြတ် ဆောင်ရွက်ရသည့်အတွက် ဆေးဝါး၏ အာနိသင်မှာလည်း စိတ်ချရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအတုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ နယ်စပ်ဒေသများမှ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေရန် လိုကြောင်း၊ မြို့ကြီးများတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆေးဝါးကုမ္ပဏီများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ တင်သွင်းခွင့်ပေးထားကြောင်း၊ အထူးသဖြင့် နယ်စပ်ဒေသမှ ပြည်သူများအနေဖြင့် ဆေးဝါးအတုများ ထိုးနှံမှုမရှိစေရေးအတွက် ဒေသခံပြည်သူများ သိရှိစေရေး အမြဲမပြတ် အသိပေးထုတ်ပြန်ဆောင်ရွက်နေရန်လိုကြောင်း၊ ဆေးဝါးအတုများသည် လူ့အသက်အန္တရာယ်အထိ ဖြစ်ပေါ်စေနိုင်သဖြင့် ထိုသို့ဆောင်ရွက်သူများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့ရာ ဆေးအတုကြောင့် ဘေးအန္တရာယ်များ ပေါ်ပေါက်မလာစေရေး ဂရုပြုဆောင်ရွက်ကြရန်နှင့် ဆေးအတုတင်သွင်းသူ၊ ဖြန့်ဖြူးရောင်းချသူများကိုလည်း ဖော်ထုတ်အရေးယူနိုင်ရေး အလေးပေး ဆောင်ရွက်နိုင်ရန် နှိုးဆော်အပ်ပါကြောင်း။ ။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆေးနှင့် ပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် စက်တင်ဘာ ၂ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီ ၃၄ ခုမှ Minerals With Antioxidents Tablet ကိုးခု၊ Itraconazole ၁၃ ခု၊ Ursodiol Tablets ငါးခု ၊ Mirtazapine Tablets ငါးခု၊ Cefixime Oral Suspension ၅၀၊ Quetiapine Tablet ငါးခု၊ Sodium Valproaate ၁၇ ခု၊ Teneligliptin Hydrobromide Hydrate ငါးခု၊ Azithromycin ရှစ်ခု၊ Joyclav Tablets ၅၀၊ Akuceftil ၃၀၊ Akudinir ၃၀၊ Topsar ရှစ်ခု၊ Vaclo Tablets ၄၂၂၂ ခု၊ Medixon Tablets ၂၅၅၈ ခု၊ Lazr Capsule ၁၅၀၀၊ Vitamin-C ၁၄၈၈ ခု၊ Zinc Tablets ၂၀၁၆ ခု၊ Mamofen Tablets ၁၃၀၀၊ Zexate Injection ၂၄၀ ၊ Gemita 1G Powder For Injection ၂၄၁ ခု၊ Fravirenz Tablets ၄၁၅၅၃၀၊ Paracetamil ၂၁၀ ၊ Osicart Forte Tablets ၂၆၂၄ ခု၊ Caplor Tablets ၁၁၂၆၉ ခု၊Clonox Injection ၆၀၂၄၀၊ Xeparin (Enoxaparin Sodium Injection) ၁၀၀၀၀၊ Lijenta-M Tablets ၄၃၂၀၊ Diacana Tablets ၅၇၆၀၊ Multivitamin ABC ၆၄၅၆၀ ၊ Elores Injection ၁၀၀၀၀၊ Ambu Bag ငါးခု၊ Vadapter ၅၀၀၊ Minimn Melt 60Mg Oral ၇၄ ခု၊ Oximeter ၄၀၀၀၊Oxygen Concentractor Spare Parts ၁၃၆၉ ခု၊ Spirometer ၁၅၀၀၊ Ansal Cannula ၂၀၀၀၊ Oxygen Mask ၂၀၀၀၊ Humidifier Bottle ၄၅ ခု၊Flow Meter ၄၃ ခု၊ Analyzer တစ်ခု၊ Oxygen Concentractor ၂၉၀၊ ရန်ကုန်ဆိပ်ကမ်းများမှ Oxygen Concentractor သုံးခု၊ Cylinder ၂၃၀ နှင့် ဆေးမျိုးစုံ ၂၂ မျိုး (၆၇၁၅၈ ဒသမ ၆၈ Kg)၊ နယ်စပ်(ချင်းရွှေဟော်၊ မူဆယ်၊ မြဝတီ၊ လွယ်ဂျယ်) တွင် ကုမ္ပဏီ ၂၀ တို့မှ Oxygen Cylinder ၂၂၁၇ ခု၊ Oxygen Concentrator ၁၅၀၊ Mask ၃၂၁၂၅ Kg ၊ Liquid Oxygen ၁၄၇၃၁ $m^3$၊ Liquid Oxygen ၃၈ ဒသမ ၇၇ တန်၊ Flow Meter ၅၅၉၀ ၊ PPE ၅၂၀၊ Oxygen Plant ငါးခု၊ Oxygen Mask ၅၀၀၊ Face Shield ၃၀ Kg၊ Glove ၁၁၉၇၄ ဒသမ ၃ Kg၊ Sodium Chloride Injection ၃၅၁၅၂ Kg၊ Glucose Injection ၅၄၃၈၄ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ) ပါမောက္ခချုပ် ဒေါက်တာမီမီခင် ကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဒေါက်တာ အောင်ဆွေထွန်း | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (ပညာရေး)<br>ပညာရေးဝန်ကြီးဌာန |
| ( ခ ) ဒေါက်တာ သက်လွင် | ပါမောက္ခချုပ်<br>ပြည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂-၉-၂၀၂၁) ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotic | | | | |
| 2 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 3 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 4 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 5 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 6 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 7 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 8 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 9 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 10 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## စည်းလုံးသံ ချိုချိုတေးရယ်နဲ့

❊ ကျန်းမာမှ ချမ်းသာမယ်
ကျန်းမာဖွယ် ကျင့်ကြံပွား၊
ဆောင်ရန်ရှောင်ရန် သတိချပ်
သိမှတ်စေသား။

❊ ချင့်ချိန်လို့ တွေးဆကြံ
ကိုဗစ်ရန်ဆိုးသမို့၊
အမျိုးသားရေး သိုင်းဖွဲ့ယှက်
တိုက်ဖျက်ကြစို့။

❊ အချိန်တိုတို
ဖြိုဖို့လို ပြိုဖို့တွေး၊
ဗိုင်းရပ်စ်ပိုး သွားလာလမ်း
ထောက်လှမ်းလို့ပေး။

❊ အရေးကြီး
သွေးနီးဖို့ပြင်၊
သည်ဖြစ်စဉ် သည်ဖြစ်ရပ်
သိမှတ်စေချင်။

ဖြစ်ပျက်မှုစုံအလင်
မြင်သာအောင် ကြည့်ကြစမ်း၊
တစ်ယောက်စ ရာထောင်နှယ်
ဆပွားဖွယ် ဗိုင်းရပ်စ်ပိုးပေမို့
ရိုက်ချိုးလို့ သုတ်သင်
အမြစ်ပင် မကျန်
စည်းလုံးသံ ချိုချိုတေးရယ်နဲ့
(ခုချိန်မှာလေ) ငြိမ်းအေးဖို့မှန်း။

ဖိုလေးလုံးသောင်းကိုကို

## ဆေးဝါးအတုများ ထိုးနှံမှုမရှိစေရေး အမြဲမပြတ်အသိပေး ထုတ်ပြန်ဆောင်ရွက်နေရန်လို

ယခုအခါ ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးအတွက် ပြည်ပနိုင်ငံများမှ ကာကွယ်ဆေး ဆေးဝါးအတုများ ဝင်ရောက်လာမှုများ ရှိသည်ဟု ကြားသိရသဖြင့် ပြည်သူများ ထိခိုက်မှုများရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနကလည်း ယင်းကိစ္စနှင့်ပတ်သက်၍ ဩဂုတ် ၂၂ ရက်တွင် ကြေညာချက်ထုတ်ပြန်၍ ပြည်သူလူထု သတိပြုနိုင်ရန် အသိပေးကြေညာထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာနယ်စပ်ဒေသများမှ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ မြို့ကြီးများတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆေးဝါးကုမ္ပဏီများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ တင်သွင်းခွင့်ပေးထားကြောင်း၊ အထူးသဖြင့် နယ်စပ်ဒေသမှ ပြည်သူများအနေဖြင့် ဆေးဝါးအတုများ ထိုးနှံမှုမရှိစေရေးအတွက် ဒေသခံပြည်သူများ သိရှိစေရေး အမြဲမပြတ်အသိပေး ထုတ်ပြန်ဆောင်ရွက်နေရန်လိုကြောင်း၊ ဆေးဝါးအတုများသည် လူ့အသက်အန္တရာယ်အထိ ဖြစ်ပေါ်စေနိုင်သဖြင့် ထိုသို့ဆောင်ရွက်သူများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန် လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၃-၈-၂၀၂၂ ရက်နေ့တွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

❒ *ရှေ့ဖုံးမှ*

ခဲ့ကြပြီး ခေတ္တတည်းခိုမည့် ဟိုတယ်သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။

**လှူဖွယ်ပစ္စည်းများ လှူဒါန်း**

ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ (မော်စကို)သို့ သွားရောက်ပြီး ကျောင်း၌ သီတင်းသုံးနေသည့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင် သီတဂူ ဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရနှင့် ကျောင်းထိုင်ဆရာတော်ဒေါက်တာ ဘဒ္ဒန္တ အစ္ဆရိယတို့အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် သီတဂူဆရာတော်ကြီးထံ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးဆိုင်ရာများ မေးမြန်းလျှောက်ထားပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**နေ့ဆွမ်းဆက်ကပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် သီတဂူဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား မော်စကိုမြို့ Sheremetyevo လေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin က ကြိုဆိုနှုတ်ဆက်စဉ်။

## မြန်မာသင်္ဘောသား ၅၀၀၀ ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံ

**ရန်ကုန် စက်တင်ဘာ ၂**

တရုတ်ကုန်သည်များအသင်းနှင့် မီးပြတိုက်လူမှုကူညီရေးအသင်းတို့ပူးပေါင်း၍ မြန်မာသင်္ဘောသားဦးရေ ၅၀၀၀ ကို ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား စက်တင်ဘာ ၁ ရက်ကစ၍ သတ်မှတ်နေရာတို့တွင် ထိုးနှံပေးနေကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော သင်္ဘောသားတစ်သိန်းကျော်ရှိပြီး ကိုဗစ်-၁၉ ရောဂါကြောင့် ကာကွယ်ဆေး ထိုးနှံပြီးသူများကို သင်္ဘောလိုင်းများက ဦးစားပေးခေါ်ယူနေသည့်အတွက် နိုင်ငံတကာသင်္ဘောများတွင် ပြန်လည်လိုက်ပါ၍ အလုပ်အကိုင်အခွင့်အလမ်း ပြန်လည်ရရှိရန်နှင့် ကာကွယ်ဆေး ကြိုတင်ထိုးနှံမှုဖြင့် ရောဂါကူးစက်မှုကို ကာကွယ်ထိန်းချုပ်နိုင်ရန် ထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

"သင်္ဘောသား ၅၀၀၀ အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဝယ်ယူထားပြီး မနေ့ကစပြီး ပထမအကြိမ် လူဦးရေ ၂၅၀၀ ကို သတ်မှတ်နေရာတွေမှာ ထိုးနှံပေးနေပါတယ်။ ဆေးနှစ်ကြိမ်ထိုးရမှာဖြစ်ပြီး တစ်ဦးကို ငွေကျပ် ၆၀၀၀၀ ကျပါတယ်။ လက်ရှိသင်္ဘောလိုက်နေတဲ့ လူဦးရေ ၃၀၀၀၀ နီးပါးမှာ ဆေးမထိုးရသေးတဲ့ သင်္ဘောသား ၂၀၀၀၀ အထက်မှာရှိတယ်။ သင်္ဘောကုမ္ပဏီတွေက ကာကွယ်ဆေးထိုးနှံထားသူတွေကို ဦးစားပေး သင်္ဘောတက်ဖို့ ကန့်သတ်ချက်နဲ့ နိုင်ငံတကာဆိပ်ကမ်းတွေမှာ ထိတွေ့ဆက်ဆံရတဲ့အခါ ဆေးထိုးထားရင် အသက်ကိုကာကွယ်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်း ဆက်လက်ရှင်သန်နေမှာဖြစ်တဲ့အတွက် အဲဒါကြောင့် ကာကွယ်ဆေးထိုးနှံဖို့ ဆောင်ရွက်ခဲ့တာပါ"ဟု သင်္ဘောသားများဖြင့် ဖွဲ့စည်းထားသော မီးပြတိုက်လူမှုကူညီရေးအသင်းမှ ကပ္ပတိန် ဦးစိန်သန်းက ပြောသည်။

ကနဦးအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို သင်္ဘောသား ၅၀၀၀ အား ထိုးနှံပြီးပါက သင်္ဘောသား ၂၀၀၀၀ ကို ဆက်လက်ထိုးနှံနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ**

**(သတင်းစဉ်)**

## စစ်ကိုင်းမြို့ ကမ်းနားလမ်း ရောဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

**စစ်ကိုင်း စက်တင်ဘာ ၂**

စစ်ကိုင်းမြို့နယ်အတွင်းရှိ သဘာဝရေပြင်များ၊ ဆည်တာတမံများ၊ မြစ်ချောင်း အင်းအိုင်များအတွင်းသို့ ငါးမျိုးကောင်းငါးမျိုးသန့်များ ရေရှည်တည်တံ့စေရန်၊ ငါးမျိုးများပေါများစေရန်၊ ငါးအထွက်နှုန်းတိုးတက်လာစေရန်၊ ပြည်တွင်းငါးစားသုံးမှု မြင့်မားလာစေရန်တို့ကို ရည်ရွယ်၍ စစ်ကိုင်းခရိုင်ဦးစီးဌာနမှူးက ကြီးမှူးကာ ရောဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို စက်တင်ဘာ ၁ ရက်က စစ်ကိုင်းမြို့ ကမ်းနားလမ်း ဆက်သွယ်ရေးတာဝါတိုင်အနီး၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်းစိန်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအယ်လ်တူးရိန်နှင့် အဖွဲ့ဝင်များ တက်ရောက်ပြီး ရေဦးငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ ၁၀၀၀၀၀ နှင့် ငါးခုံးမကြီးကောင်ရေ ၁၀၀၀၀၀ စုစုပေါင်းငါးကောင်ရေ နှစ်သိန်းကို မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကင်းတားရေလှောင်တမံ ရေသောက်ဧရိယာတွင် စပါး၊ ချည်မျှင်ရှည်ဝါနှင့် သီးနှံစုံ တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးထုတ်လုပ်နိုင်ရေးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂

**ကင်းတားရေလှောင်တမံ ရေသောက်ဧရိယာတွင် စပါး၊ ချည်မျှင်ရှည်ဝါနှင့် သီးနှံစုံ တစ်နှစ်သုံးသီး စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် သီးနှံများ အထွက်နှုန်းကောင်းမွန်ရေး အားပေးကူညီလျက်ရှိကြောင်း၊ ဓာတ်မြေဩဇာများ စနစ်တကျအသုံးချရေး၊ သဘာဝမြေဩဇာနှင့် သစ်စိမ်းမြေဩဇာ အသုံးချရေး၊ ဆည်၊ ကန်၊ ရေလှောင်တမံများ ရေရှည်တည်တံ့ပြီး ရေကိုအလေအလွင့်မရှိစေဘဲ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးနှင့် သဘာဝဘေး ကာကွယ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း စက်တင်ဘာ ၁ ရက်က ကင်းတားရေလှောင်တမံ၊ ကင်းတားရေလွှဲဆည်နှင့် ရေသောက်စနစ်များကို ကြည့်ရှုစစ်ဆေးစဉ် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက တာဝန်ရှိသူများကို ဆွေးနွေးပြောကြားသည်။**



ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ကင်းတားရေလှောင်တမံ၊ ကင်းတားရေလွှဲဆည်နှင့် ရေသောက်စနစ်များကို ကြည့်ရှုစစ်ဆေးစဉ်။

**တစ်နှစ်သုံးသီး စိုက်ပျိုး**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ပန်းလောင်မြစ်ပေါ်တွင် တည်ဆောက်ထားသည့် ကင်းတားရေလှောင်တမံနှင့် ကင်းတားရေလွှဲဆည်များ၏ ရေသောက်စနစ်အတွင်း၌ နှစ်စဉ် စပါး ၊ ချည်မျှင်ရှည်ဝါ ၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ ဧက တစ်သိန်းငါးသောင်းကျော် ဆောင်ရွက်လျက်ရှိရာ ရေသောက်စနစ်များ အဆင့်မြှင့်တင်ခြင်း၊ စိုက်ပျိုးရေပေးဝေမှုနှင့် ရေစီမံခန့်ခွဲမှုနည်းပညာ အသုံးပြုခြင်း၊ ရေလိုအပ်ချက်နည်းပြီး ဝင်ငွေရသီးနှံအမယ်သစ်များကို စပါးအခြေခံသီးနှံပုံစံတွင် ပြောင်းလဲစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြင့် စပါးအပါအဝင် သီးနှံစုံကို တစ်နှစ်သုံးသီး စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဦးစီးဌာနများ ပူးပေါင်း၍ လိုအပ်ချက်များ ဖြည့်ဆည်းကူညီမှုပေးနိုင်ရန် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ယနေ့ ကွင်းဆင်းစစ်ဆေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝမ်းတွင်းမြို့နယ် ရွှေတောင်ခြံသို့ ရောက်ရှိကြပြီး ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများကို လည်းကောင်း၊ မျိုးအဖြစ်အသုံးပြုမည့် ဝါစေ့များ အပင်ပေါက်အားကောင်းမွန်စေရန်နှင့် စက်ဖြင့် အစေ့ချစိုက်ပျိုးနိုင်ရေးအတွက် ဝါစေ့အမွေးချွတ်သရုပ်ပြခြင်းကိုလည်းကောင်း၊ ချည်မျှင်ရှည်ဝါ စိုက်ခင်းအား ခေတ်မီစက်ကိရိယာအသုံးပြုဆေးဖျန်းနေမှုကိုလည်းကောင်း၊ ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာရှိ ဝါမျိုးစေ့ထုတ်စိုက်ခင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝါစိုက်တောင်သူများ၊ ဝါလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

**တိုးမြှင့်တင်သွင်းအသုံးပြု**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝါမျိုးကောင်းမျိုးသန့်များ တိုးတက်စိုက်ပျိုးနိုင်ရေးနှင့် တစ်ဧကအထွက်နှုန်းတိုးရေးအတွက် တောင်သူနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း၍ အကျိုးတူလယ်ယာစနစ် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယာသီးနှံစိုက်ပျိုးစရိတ်ချေးငွေ အချိန်မီရရှိရေးနှင့် ဝါစိုက်ပျိုးလုပ်ငန်းအတွက် စိုက်ပျိုးစရိတ်ချေးငွေတိုးမြှင့်ရရှိရေး၊ အထွက်နှုန်းနှင့် အရည်အသွေး ပိုမိုမြင့်မားသော ပြည်ပမျိုးကောင်း မျိုးသန့်များ တိုးမြှင့်တင်သွင်းအသုံးပြုနိုင်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဝါစိုက်ပျိုးထုတ်လုပ်ရာတွင် ခေတ်မီလယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေး၊ စိုက်ပျိုးရေ စီမံခန့်ခွဲရေး၊ မျိုးနှင့် သွင်းအားစုဆိုင်ရာ လိုအပ်ချက်များကို ဝါစိုက်တောင်သူများ၊ ဝါလုပ်ငန်းရှင်များနှင့် ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်၊ ဒေသခံတောင်သူများထံမှ သီးနှံများ ဒေသပေါက်ဈေးအတိုင်း ဝယ်ယူအားပေး

**နေပြည်တော် စက်တင်ဘာ ၂**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် အဖွဲ့ဝင်များသည် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ် စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ လည်းကောင်း အသီးသီး သွားရောက်၍ ဥစားကြက်မွေးမြူရေးလုပ်ငန်း၊ နို့စားနွားမွေးမြူရေးလုပ်ငန်း၊ DYL ဝက်မွေးမြူရေးလုပ်ငန်း၊ ငါးမွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ (ဝဲပုံ)

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများ ဖြစ်ပေါ်ခဲ့ပြီး ဈေးကွက်အတွင်း ရောင်းချရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ စိုက်ခင်းများမှ သီးနှံများကို နယ်မြေခံတပ်မတော်သားများက ဒေသပေါက်ဈေးအတိုင်း ဝယ်ယူပေးလျက်ရှိရာ စက်တင်ဘာ ၁ ရက်နှင့် ယနေ့တို့တွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ယာကြီးကျေးရွာရှိ ဒေသခံတောင်သူများထံမှ ကြက်သွန်နီ ၁၀၀၀၀ ပိဿာနှင့် ဖက်တောကျေးရွာရှိ ဒေသခံတောင်သူများထံမှ ကြက်သွန်နီ ၁၃၀၀၀ ပိဿာတို့ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများက ဒေသပေါက်ဈေးအတိုင်း သွားရောက်ဝယ်ယူ အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဧရာဝတီမြစ်ရေ ဆိပ်သာမြို့၊ ဟသ်ာတမြို့နှင့် ဇလွန်မြို့တို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနေ

**နေပြည်တော် စက်တင်ဘာ ၂**

ယနေ့ နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိပ်သာမြို့၊ ဟသ်ာတမြို့နယ်နှင့် ဇလွန်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

# တိုင်းရင်းဆေးကို ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်နှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂**

တိုင်းရင်းဆေးကို ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်နှင့် ပတ်သက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန COVID-19 Central Command Center ခန်းမ၌ ကျင်းပသည်။ (ယာပုံ)



### တိုင်းရင်းဆေးဝါးများ ပြန်လည်ဖော်ထုတ်

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း က မြန်မာ့တိုင်းရင်းဆေးပညာသည် အများပြည်သူ အားကိုးအားထားပြုရသော ပညာရပ်ဖြစ်ပါကြောင်း၊ တိုင်းရင်းဆေးကျမ်းများတွင် ရှေးယခင်ကတည်းက အဖျားရောဂါများနှင့် ပတ်သက်၍ ကုသခဲ့သော တိုင်းရင်းဆေးဝါးများရှိကြောင်း၊ မာဓဝနိဒါန်း ဆေးကျမ်းတွင်လည်း ဝိသမအဖျား အမျိုးမျိုးအတွက် ဆေးခါးကြီးပါဝင်သော တိုင်းရင်းဆေးဖုံဖြင့် ဖော်စပ် အသုံးပြုထားသည်ကို တွေ့ရှိရကြောင်း၊ ထိုကဲ့သို့သော တိုင်းရင်းဆေးဝါးများကို ပြန်လည်ဖော်ထုတ်၍ ကိုဗစ်-၁၉ ရောဂါတွင် အသုံးပြုနိုင်ရန် ဆောင်ရွက်သင့်ကြောင်း။

နိုင်ငံတကာတွင်လည်း ဆေးဖက်ဝင်အပင်များဖြင့် ကိုဗစ်-၁၉ ရောဂါအတွက်အသုံးပြုရန် သုတေသနများ ပြုလုပ်သည်ကို တွေ့ရှိရကြောင်း၊ တိုင်းရင်းဆေးဝါးများကို ပြန်လည်ဖော်ထုတ် အသုံးပြုရာတွင် Ethical Board အဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါအတွက် အသုံးပြုမည့် တိုင်းရင်းဆေးဝါးကို Clinical Research လုပ်ရန်လိုကြောင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆေးသုတေသနဦးစီးဌာနနှင့် တပ်မတော်ဆေးသုတေသနတပ်တို့ကလည်း ပူးပေါင်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်း။

### အဆင့်မြင့်နည်းပညာဖြင့် ထုတ်ရန်လို

ဆေးဝါးများကို အသုံးပြုရာတွင် လူနာအတွက် Safety ဖြစ်ဖို့ အရေးကြီးပါကြောင်း၊ Patient Safety အတွက် IRB (Institutional Review Board) သို့တင်ပြ၍ စနစ်တကျ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်၍ အသုံးပြုရာမှ အကျိုးသက်ရောက်မှုရှိပါက ပြည်သူများအတွက် အမြောက်အမြားထုတ်လုပ်ပေးနိုင်ရန် လိုအပ်မည် ဖြစ်ကြောင်း၊ ရေရှည်တွင်ဆေးခါးကြီးကဲ့သို့ ဆေးဖက်ဝင် အပင်များ၊ ကုန်ကြမ်းများ လုံလောက်စွာရရှိနိုင်ရန် အတွက် ဆေးပင်များကို အဆင့်မြင့်နည်းပညာဖြင့် စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ကြောင်း၊ တိုင်းရင်းဆေး ပညာဦးစီးဌာနအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းများအတွက် ဆောင်ရွက်နေသည်များရှိကြောင်း၊ လက်ရှိအသုံးပြုနေသော တိုင်းရင်းဆေးခန်းသုံး ဆေးအဖုံများကို အသုံးပြု၍ ကိုဗစ်-၁၉ ရောဂါ ကုသမှုတွင် စနစ်တကျ စမ်းသပ် အသုံးပြုရန် စီစဉ်နေပါကြောင်း ပြောကြားသည်။

### ညှိနှိုင်းဆွေးနွေး

ထို့နောက် တက်ရောက်လာသူများက တိုင်းရင်းဆေးဝါး သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံတိုင်းရင်းဆေး ဆရာအသင်းနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးထားရှိသည့် အခြေအနေ၊ Clinical Research ဆောင်ရွက်ရန် Proposal ပြင်ဆင်ထားမှု၊ သုတေသန စာတမ်းတစ်ခုအနေဖြင့် သုတေသန လုပ်ငန်းလည်း ပီပြင်အောင် ဆောင်ရွက်ရမည့် သုတေသနနည်းလမ်းများ၊ တိုင်းရင်းဆေးရုံ/ဆေးကုဌာနများတွင် ကိုဗစ်-၁၉ Asymptomatic to Mild Symptoms လူနာများအား တိုင်းရင်းဆေးဝါးများဖြင့် တိုက်ကျွေးရန် စီစဉ်ထားရှိမှု၊ ရေရှည်တွင် ကုန်ကြမ်းများရရှိရန် ဆေးခါးကြီးပင်များကို တိုင်းရင်းဆေးပညာဦးစီးဌာနရှိ ပရဆေးဥယျာဉ် (၈) ခု၌ စိုက်ပျိုးထားရှိမှု အခြေအနေများ၊ တပ်မတော်ဆေး သုတေသနတပ်၌ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ တိုင်းရင်းဆေးနှင့် ပတ်သက်၍ နနွင်း၊ သစ်ကြံပိုး၊ တမာ၊ ချင်း၊ နွယ်ချို တို့၏ Acute Toxicity, Heavy Metals, Immunomodulatory, Antiinflammatory Test များ ဆောင်ရွက်ထားရှိမှု၊ ဆေးပင်များ ပေါက်ရောက်ရာ ရေမြေသဘာဝမတူညီ၍ Bioactive Compound များ ပါဝင်မှုကို လေ့လာနေမှု၊ ဆေးခါးကြီး Extract ထုတ်၍ Capsule Filling ဆောင်ရွက်နေမှုများကို ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် တာဝန်ရှိသူများ၊ တပ်မတော်ဆေးသုတေသနတပ် တပ်မှူး ဗိုလ်မှူးချုပ်ကြီးမြင့်နှင့် တာဝန်ရှိသူများ၊ တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသိန်းဇော်လင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးအတွက် အရေးပါသည့် အသားကဏ္ဍ ပိုမိုဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂**

စားနပ်ရိက္ခာဖူလုံရေး အတွက် နိုင်ငံတစ်ဝန်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အရှိန် အဟုန်မပျက် ဆောင်ရွက်နိုင်ရေး နှင့် တောင်သူများ၊ လုပ်ငန်းရှင်များ၏ လိုအပ်သော နည်းပညာနှင့် အကူအညီများပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက သက်ဆိုင်ရာဒေသ အာဏာပိုင်များ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။



ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁ ရက်တွင် စိုက်ပျိုးရေးသိပ္ပံ ကျောင်းတွင် တိုးချဲ့ဖွင့်လှစ်မည့် မွေးမြူရေး ဒီပလိုမာ သင်တန်းများအတွက် သင်ကြားရေး အထောက်အကူပြု လုပ်ငန်းများ တည်ဆောက်မွမ်းမံနေမှုများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးရေး၊ ဆရာ ဆရာမများ အရည်အချင်းမြှင့်တင်ပေးနိုင်ရေး၊ သင်ကြားမှု သင်ယူမှု မထိခိုက်စေရေးနှင့် ကျန်းမာရေးဆိုင်ရာ အစီအမံများ ထည့်သွင်း ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးဗဟိုဌာန (နေပြည်တော်) ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင် က ငါးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်း က သဘာဝဘေးဒဏ်ခံ ဒေသများသို့ တိရစ္ဆာန်အစာနှင့် တိရစ္ဆာန်သုံး ဆေးဝါး ဖြန့်ဖြူး ပေးနေမှုများကိုလည်းကောင်း၊ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်ဖြန့်ဖြူးခြင်း၊ မြစိမ်းရောင် (အသားကဏ္ဍ) ကျေးရွာ ထူထောင်ခြင်းနှင့် နေပြည်တော်၊ တပ်ကုန်းမြို့နယ်တွင် ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်ဇုန် တည်ထောင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကဝမြို့နယ် ရွှေလှေရေထိန်းတံခါးအတွင်း ငါးမျိုးစိုက်ထည့်

**ကဝ စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ငါးရိက္ခာပိုမိုဖမ်းယူစားသုံးနိုင်ရေးနှင့် ငါးသယံဇာတများ ပေါများစေရေးတို့ကို ရည်ရွယ်၍ ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက ကဝမြို့နယ် ရွှေလှေရေထိန်းတံခါးအတွင်းသို့ ငါးမျိုးစိုက်ထည့်အခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူး ဦးစိုးမင်း၊ ကဝမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်မောင်ဖုန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးမျိုးစိုက်ထည့်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များဖြစ်သည့် စိုက်ပျိုးရေးဦးစီးဌာနမှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှူး၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှူး၊ သနပ်ပင်စခန်း တာဝန်ခံ၊ ဝန်ထမ်းများနှင့် ရေလုပ်သားကြီးများသည် သနပ်ပင် ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးခုံးမကြီးကောင်ရေ ၁၆၀၀၀၀၊ ငါးမြစ်ချင်းကောင်ရေ ၁၀၀၀၀၀ တို့ကို မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘီးလင်း၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ပေး

**ဘီးလင်း စက်တင်ဘာ ၂**

မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် သာယာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို ယမန်နေ့က သတ္တမအကြိမ်မြောက် ထုတ်ချေးပေးသည်။

ထိုသို့ ထုတ်ပေးရာတွင် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၁၇၄ ဦးတို့အား ငွေကျပ် ၄၃ ဒသမ ၉၅ သန်းကို ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဘေးအန္တရာယ် ကင်းရှင်းစေရန် ကျန်းမာရေး အသိပညာပေး လမ်းညွှန်မှုများနှင့်အညီ အသင်းသားများ၏ အိမ်တိုင်ရာရောက် သွားရောက် ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထိန်းသိမ်းလို့ထား မြန်မာ့ဝါး

ကိုကျော်စွာ(ကျိုက်ပိ)

ဝါးသည် မြန်မာလူမျိုးတို့အတွက် အသုံးပြုမှုအများဆုံးဖြစ်ပြီး မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် ပေါက်ရောက်လေ့ရှိပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဝါးပေါက်ရောက်မှု တတိယအများဆုံးဟု သိရသည်။ ဝါးကို မြန်မာ့လူနေမှုစနစ်တွင် ပုံစံအမျိုးမျိုးဖြင့် အသုံးပြုလျက်ရှိပါသည်။ လူနေအိမ်များဆောက်လုပ်ရာတွင် ဝါးကို အသုံးပြုကြသည်။ အခြားသော လူ့အသုံးအဆောင်ပစ္စည်းများ ပြုလုပ်ရာတွင်လည်း သုံးလေ့ရှိပါသည်။ အချို့သော မြန်မာ့လက်မှုပစ္စည်းများသည်လည်း ဝါးကိုအခြေခံ၍ ပြုလုပ်ကြပါသည်။ ဥပမာ-မြန်မာ့ယွန်းထည်ပစ္စည်းများပင် ဖြစ်သည်။



တောင်သာမြို့နယ်မှ ကုန်းဝါး(ခေါ်) မျှင်ဝါးဖြင့် ခြင်းရက်လုပ်ရောင်းချသည့် လုပ်ငန်းတစ်ခု
ဓာတ်ပုံ– မောင်မောင်ထိန်၊ ကျောက်ပန်းတောင်း

### မြက်အနွယ်ဝင် ဝါး

ဝါးနှင့်ပတ်သက်၍ လူ့အသုံးအဆောင်ပစ္စည်းများကို လူတို့သည် နေ့စဉ်သော်လည်းကောင်း၊ ရံဖန်ရံခါသော်လည်းကောင်း အသုံးပြုနေကြသော်လည်း ဝါးကို လူ့အသုံးအဆောင်ပစ္စည်းပြုလုပ်သော အရာအဖြစ်သာ သိထားကြသည်။ အခြားအသုံးဝင်မှုများကိုမူ သတိမမူမိကြပေ။ တကယ်တမ်းတော့ ဝါးသည် လူ့အသုံးအဆောင်ပစ္စည်းပြုလုပ်ရာတွင် အသုံးပြုနိုင်သလို အခြားသော အသုံးဝင်မှုများလည်း ရှိပါသည်။

ဝါးသည် မြက်အနွယ်ဝင်ဖြစ်သည်ဟု ဆိုကြသည်။ မြက်တို့သည် အစေ့မှ ပေါက်သောအခါ အခြားအပင်များနည်းတူ အမြစ်များနှင့် ပင်တံတစ်ခုတည်းထွက်သောအမျိုးက နည်း၏။ အတက်ထွက်၍သော်လည်းကောင်း၊ အစုလိုက်အပြုံလိုက် အရုံလိုက်သော်လည်းကောင်း ပေါက်လေ့ရှိသည်။ အချို့ကား မြေအောက်တွင် ရိုင်ဇိုမ်ခေါ် ပင်တံဖွံ့၍ ထိုပင်တံမှ အတက်နှင့် အခြားအပင်များနည်းတူ အကိုင်းများပေါက်စေ၏။ ဝါးသည်လည်း ဤနည်းအတိုင်း ပေါက်လေ့ရှိပါသည်။ ကမ္ဘာဦးအစက ရေညှိရေမှော်လေးများမှတစ်ဆင့် မြက်ပင်ဖြစ်လာသည်။ ဝါးပင်သည် ထိုမြက်ပင်ကလေးများမှ တစ်ဆင့်ဖြစ်လာသည့် မြက်ကြီးပင်အမျိုးအစား ဖြစ်ကြောင်း သိရပါသည်။

### ဝါးပင်ဖွံ့စည်းပုံ

ဝါးသည် အရုံလိုက် အစုလိုက် ပေါက်လေ့ရှိသည်။ အောက်ခြေရှင်းသည်။ ပင်စည်တစ်ဝက်ကျော်မှစ၍ အကိုင်းအတက်များဖြာ၍ အထက်သို့တက်၏။ အမြင့်အားဖြင့် ပေ ၈၀ မှ ၉၀ အထိရှိပါသည်။ လုံးပတ်မှာမူ ၉ လက်မမှ ၁ ပေခွဲအထိ ရှိတတ်သည်။ အဆစ်ကြားအလျားမှာ ၁၂ လက်မ မှ ၃၁ လက်မအထိရှိတတ်ပြီး အရင်းပိုင်းက အသားထူ၍ အဖျားပိုင်းက အသားပါးသည်။ ဝါးပင်သည် နှစ် ၆၀ မှ ၉၀ အတွင်း သုဉ်းသည်ဟု သိရပါသည်။

### ဝါးပင်တို့၏ သဘာဝ

ဝါးပင်ကို အကြမ်းအားဖြင့် အုပ်စု သုံးစု ခွဲခြားထားသည်။ (၁) တစ်ပင်ချင်း ပေါက်သောဝါး၊ (၂) အစုလိုက်ပေါက်သောဝါး၊ (၃) အထက်ပါ အစုနှစ်စု ပေါင်းစပ်ပေါက်သော စကဝါးဟူ၍ ဖြစ်ပါသည်။ ဝါးပင်၏ သဘာဝသည် စည်းလုံးခြင်း သဘောရှိသည်။ အတ္တနည်း၏။ အဘယ့်ကြောင့်ဆိုသော် ဝါးပင်များစွာပေါက်ရောက်သောနေရာတွင် အခြားသော သစ်ပင်တို့ကိုလည်း ရှင်သန်ခွင့်ပေးသည်။ ပေါက်ရောက်ရှင်သန်နိုင်သောကြောင့် ဖြစ်သည်။ အခြားမည်သည့်အပင်မျှ ၎င်းရိယာအတွင်း ရှင်သန်ခွင့်မပေးဟူသော အတ္တသဘောမရှိပေ။

ဝါးပင်သည် နှစ်ပေါင်း ၄၀ မှ နှစ်ပေါင်း ၆၀ ကြာသောအခါ အသီးသီးပြီး သေသွားလေ့ရှိသည်။ "ပေတစ်သီး ကျီးတစ်သား" ဟုဆိုသလို ဝါးပင်သည်လည်း တစ်သီးသီးပြီး သေလေ့ရှိသည်။ မြန်မာနိုင်ငံတွင် ဝါးမျိုးပေါင်း ၂၂ မျိုးနှင့် မျိုးစိတ်ပေါင်း ၁၂၀ ခန့်ရှိကြောင်း သိရသည်။ ဝါးပင်သည် ပင်လယ်ရေမျက်နှာပြင်အမြင့် ပေ ၃၀၀ မှ ပေ ၂၆၀၀ အကြားတွင် အများဆုံးပေါက်ရောက်သည်။ အပူချိန်အားဖြင့် ၁၁ ဒီဂရီ ဖာရင်ဟိုက် မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်၊ မိုးရေချိန်အားဖြင့် ၃၁ လက်မမှ ၂၅၄ လက်မ ရေမဝပ်သောမြေနှင့် ဆားငန်ရေမှလွဲ၍ ရှင်သန်ပေါက်ရောက်နိုင်သည်။

### ဝါးအမျိုးအစားများ

ဝါးသည် မြက်အနွယ်ဝင်ဖြစ်ကြောင်း အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ မြက်အမျိုးပေါင်း ၄၂၀ ခန့်ရှိသည့်အနက် ထိုအထဲတွင် ၈၆ မျိုးသည် ဝါးမျိုးများဖြစ်သည်ဟု ဆိုပါသည်။ ထိုအမျိုးပေါင်းများစွာထဲကမှ မြန်မာ့စွယ်စုံကျမ်းတွင် ဝါးပိုးမျက်ဆန်ကျယ်၊ မြင်ဝါး၊ ဝါးပိုး၊ ဝါးယား သို့မဟုတ် ဝါးနက်၊ ဝါးဖြူ၊ ကြလို့ဝါး၊ တင်းဝါး၊ ခရင်ဝါး၊ သိုက်ဝါး၊ ကြသောင်းဝါး၊ ကြခတ်ဝါး၊ သိုက်ဝါးကြီးနှင့် ထီးရိုးဝါးတို့ကိုသာ ဖော်ပြထားသည်။ ထို ဝါးအမျိုးအစားများထဲမှ အနည်းငယ်ကို ထုတ်နုတ်ဖော်ပြချင်ပါသည်။

**ဝါးပိုးမျက်ဆန်ကျယ်** – ဝါးကြီးမျိုးဖြစ်၍ အရင်း၌ ပင်လုံးသည် တစ်ပေခွဲ နှစ်ပေနီးပါးရှိ၏။ တောတောင် ထူထပ်သောဒေသများတွင် ပေါက်လေ့ရှိပါသည်။ အများအပြား ပေါက်လေ့မရှိပေ။ ၁၈၉၄ ခုနှစ်တွင် အပွင့်ပွင့်ခဲ့၏။

**မြင်ဝါး** – အသားထူ၍ အခေါင်းသေး၏။ အရင်းလုံးပတ် ခုနစ်လက်မ ရှစ်လက်မအထိ ရှိသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် ပေါက်သည်။ အနှစ် ၂၀၊ ၂၅ နှစ်မှာ တစ်ခါပွင့်၏။ ၁၉၃၀ ပြည့်နှစ်က တစ်ခါ ပွင့်ခဲ့သည်။

**ဝါးပိုးဝါး** – ထိုဝါးကို အိမ်ခြံမြေနှင့် ဥယျာဉ်ခြံအတွင်းစိုက်လေ့ရှိသည်။ တောထဲတွင် ပေါက်ရောက်မှုနည်းပါး၏။ ဝါးပိုးဝါးကို မျှစ်အဖြစ်စားသုံးနိုင်သည်။ ဝါးပိုးဝါးအပွင့်ကိုမူ ယနေ့တိုင် မတွေ့ရသေးဟု ဆိုပါသည်။

**ဝါးယား သို့မဟုတ် ဝါးနက်** – ထိုဝါးကိုအောက်မြန်မာနိုင်ငံနှင့် ချောင်းကမ်းပါးဘေးများတွင် တွေ့ရတတ်သည်။ ၂၅ နှစ်၊ အနှစ်၃၀ တွင် တစ်ခါပွင့်၏။ ပဲခူးချောင်းထဲတွင် ၁၉၄၀ ပြည့်နှစ်က နောက်ဆုံးပွင့်ကြောင်း သိရပါသည်။

**ဝါးဖြူ** – ထိုဝါးသည် အေးသောတောတောင်များတွင် ပေါက်လေ့ရှိပါသည်။သို့သော် မပေါများပေ။ နှစ် ၂၀၊ ၂၅ နှစ်တွင် တစ်ခါပွင့်သည်ဟု ဆိုပါသည်။

**ခရင်ဝါး**– ထိုဝါးသည် လုံးပတ် ၁၁ လက်မမှ ၁၂ လက်မအထိရှိ၏။ ခရင်ဝါးကို ရခိုင်ရိုးမတောင်တန်းများတွင် များသောအားဖြင့် တွေ့ရသည်။ နောက်ဆုံး ၁၈၉၂ ခုနှစ်တွင် ပွင့်၍ နောက်တစ်ဖန်ပွင့်ကြောင်း မကြားရသေးပေ။

အထက်ဖော်ပြပါဝါးတို့သည် ဝါးအမျိုးအစား အကုန်မဟုတ်ပေ။ အနည်းငယ်သာဖော်ပြခြင်း ဖြစ်ပါ သည်။ အလုံးစုံသိလိုပါက မြန်မာ့စွယ်စုံကျမ်းတွင် ရှုကြပါကုန်။

### ဝါး၏အသုံးဝင်ပုံနှင့် ဝါးလက်မှုပစ္စည်းများ

ဝါးကို မြန်မာလူမျိုးတို့သည် မျှစ်အဖြစ် ပြုလုပ်၍လည်း ကြော်ချက်စားကြပါသည်။ မြန်မာလူမျိုးတို့၏ ရိုးရာအိမ်ဆောက်ရာတွင်လည်း ဝါးသည် မပါမဖြစ်ပေ။ ဝါးပိုးဝါး၊ ဝါးနက်ဝါး၊ ခရင်ဝါး၊ ဝါးဖြူဝါးစသည့် ဝါးများကို အိမ်ဆောက်ရာတွင် အသုံးပြုလေ့ရှိကြပါသည်။ အချို့က စားသောက်ဆိုင်များကိုပင် ဝါးများဖြင့် အလှဆင်ဆောက်လုပ်ကြသည်။ ဝါးကိုရက်၍ ဝါးထရံအဖြစ် အိမ်ကာခြင်းလည်း ရှိသည်။ မင်းကွန်းဘက်သို့ စာရေးသူရောက်ခဲ့စဉ်က မင်းကွန်းဆရာတော်ကြီး၏ ကျောင်းဝင်းအတွင်းမှာ ဝါးကို ရက်၍ အမိုးပြုလုပ်ထားသည်ကို တွေ့ခဲ့ရသည်။ အချို့က ဝါးပိုးခြမ်းများဖြင့် အိမ်မိုးသည်များလည်း ရှိပါသည်။

ဝါးဖြင့်ပြုလုပ်သော လက်မှုပစ္စည်းများစွာလည်း ရှိပါသည်။ ဝါးဖြင့်ပြုလုပ်သော လက်မှုပစ္စည်းများမှာ တောင်း၊ ဆန်ကောဆန်ခါ၊ ဝါးကုလားထိုင်များ၊ ဝါးခမောက်များ စသည်တို့ ဖြစ်ပါသည်။ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ပြုလုပ်သော နာမည်ကျော် ပုသိမ်ထီးအကြမ်းထည်ကိုလည်း ဝါး ဖြင့်ပြုလုပ်ခြင်းဖြစ်ပါသည်။ ထို့အပြင် ဝါးကိုနှီးဖြာပြီး လူ့အသုံးအဆောင်ပစ္စည်းများ ပြုလုပ်ရာတွင် ပုဂံဒေသ ညောင်ဦးမြို့၏ မြန်မာ့လက်မှုပစ္စည်းဖြစ်သော ယွန်းထည်သည် အပါအဝင် ဖြစ်ပြီး မြန်မာ့လက်မှု အနုပညာပစ္စည်းတစ်ခုအဖြစ် ကမ္ဘာကျော်သည်။ ယနေ့ခေတ်တွင်မူ ဝါးကိုနှီးဖြာ၍ ဗုဒ္ဓဆင်းတုတော်များကိုပင် ပြုလုပ်လာခဲ့ကြသည်။ နှီးဘုရားဟုခေါ်ကြပါသည်။ ဝါး၏ အသုံးဝင်ပုံနှင့် ဝါးလက်မှုပစ္စည်း လက်မှုပညာများသည် ဤမျှသာ မဟုတ်ပေ။ များပြားစွာရှိပါသေးသည်။

### သဘာဝပတ်ဝန်းကျင်နှင့် မြန်မာ့ဝါး

ဝါးပင်များသည် လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကိုစုပ်ယူ၍ အောက်ဆီဂျင်ဓာတ်ငွေ့ကို ပြန်လည်ထုတ်ပေးသည်။ အစိုဓာတ်ကိုလည်း စုပ်ယူကာ ခြောက်သွေ့သောအချိန်တွင် အစိုဓာတ်ကို ပြန်လည်ထုတ်လွှတ်ပေးပါသည်။ ထို့ကြောင့်ပင် ပူပြင်းသောနွေရာသီတွင် ဝါးပင်အောက်၌နေပါက အပူသက်သာ၍ အေးမြစေသည်။ ဝါးပင်များသည် လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူနိုင်စွမ်းရှိပါသည်။

၂ ဒသမ ၄၇၁ ဧက သို့မဟုတ် တစ်ဟက်တာကျယ်ပြန့်သော ဝါးစိုက်ခင်းတစ်ခင်းသည် လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ၆၂ တန်အထိ စုပ်နိုင်သည်ဟု ဆိုပါသည်။ ဝါးပင်၏ ထူးခြားမှုတစ်ခုမှာ အခြားသစ်တော တစ်ဟက်တာသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို ၁၅ တန်ခန့်လောက်သာ စုပ်ယူနိုင်သော်လည်း ဝါးတစ်ဟက်တာကမူ ၆၂ တန်ခန့် စုပ်ယူနိုင်ပြီး အခြားသစ်ပင်များထက် သုံးဆကျော် ပိုမိုစုပ်ယူနိုင်သည်။

ထို့အပြင် ဝါးပင်ကိုစိုက်ပျိုးခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို ထိန်းသိမ်းနိုင်ခြင်း၊ မြေဆီလွှာကို ထိန်းသိမ်းနိုင်ခြင်း၊ လေထုညစ်ညမ်းမှုကို ကာကွယ်နိုင်ခြင်း၊ အောက်ဆီဂျင်ဓာတ်ငွေ့ကို အခြားအပင်များထက်

*စာမျက်နှာ ၇ သို့*

**ကမ္ဘာ့အရှေ့နိုင်ငံများဖြစ်ကြသော ဂျပန်၊ ကိုရီးယားနှင့် တရုတ်နိုင်ငံများတွင် ရှေးနှစ်ပေါင်းများစွာကတည်းက ဝါးယဉ်ကျေးမှုထွန်းကားခဲ့သည်ဟု သိရပါသည်။ ဂျပန်လူမျိုးတို့၏ အဓိကရိုးရာပွဲများတွင် ဝါးသည် မြန်မာတို့၏ အုန်းပွဲ ငှက်ပျောပွဲကဲ့သို့ အရေးပါကြောင်း သိရသည်။ မြန်မာဘုရင်များ လက်ထက်တွင် မည်မျှပင်ချမ်းသာစေကာမူ ဝါးနှင့် ပတ်သက်သော ဆန်ကောဆန်ခါ၊ ခြင်းတောင်းများကိုသာ အသုံးပြုကြပါသည်။ တရုတ်ပြည်၌မူ လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀ ကျော်ခေတ်၊ ကြေးခေတ်ကတည်းက ဝါးကို အသုံးပြုခဲ့သည်ဟု သိရသည်**

# နေပြည်တော်ကောင်စီသို့ ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် အလှူငွေများ လာရောက်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂

**ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် အလှူငွေ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ကောင်စီရုံးညှိနှိုင်းခန်းမဥ္စကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ နေပြည်တော် ကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**




လှူဒါန်းပွဲတွင် နေပြည်တော် စည်ပင်သာယာရေး ကော်မတီ နှင့် နေပြည်တော် ဖွံ့ဖြိုးရေး ဘဏ် ဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်နှင့် နေပြည်တော်လမ်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နွယ်နီထွန်း တို့က ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား ကြသည်။

ထို့နောက် ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် တာဝန်ရှိသူ များက နေပြည်တော် စည်ပင် သာယာရေးကော်မတီနှင့် နေပြည် တော် ဖွံ့ဖြိုးရေးဘဏ်တို့မှ လှူဒါန်း သည့် အလှူငွေကျပ်သိန်း ၅၀၀ ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းထိန်နှင့် တာဝန်ရှိသူများက ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက လှူဒါန်း သည့် အလှူငွေကျပ်သိန်း ၂၀၀ ကိုလည်းကောင်း၊ ညွှန်ကြားရေး မှူး ဒေါ်နွယ်နီထွန်းနှင့် တာဝန် ရှိသူများက နေပြည်တော် လမ်း ဦးစီးဌာန ဝန်ထမ်းမိသားစုများက လှူဒါန်းသည့် အလှူငွေ ကျပ်သိန်း ၃၀ ကိုလည်းကောင်း ပေးအပ် လှူဒါန်းကြရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က လက်ခံယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူး တင် စကားပြောကြားသည်။

ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ ဒုတိယမြို့တော် ဝန် ဦးမောင်မောင်နှင့် တာဝန်ရှိသူ များသည် နေပြည်တော်စည်ပင် သာယာရေးကော်မတီနှင့် နေပြည် တော်ဖွံ့ဖြိုးရေးဘဏ်မှ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၅၀၀ ကို Coronavirus Disease 2019 (COVID–19 ) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီသို့ သွား ရောက်လှူဒါန်းရာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ အတွင်းရေးမှူး ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည် ပြောကြားကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ခရိုင်ပြန်/ဆက်)**



ရုရှားသီချင်းသီဆိုဖျော်ဖြေတင်ဆက်မှုတွင် ဒုတိယဆုရရှိသူအား တွေ့ရစဉ်။

❁ *ကျောဖုံးမှ*

ပေါ်လွင်ထင်ဟပ်အောင် ဖျော်ဖြေတင်ဆက်ပြသမှု တွင် ဒုတိယဆုတို့ကို ဆွတ်ခူးရရှိခဲ့သည့်အပြင် အွန်လိုင်းမှတစ်ဆင့် ပရိသတ်များ၏ မဲပေးရွေးချယ် မှုတွင်လည်း တတိယဆုကို ရရှိအောင် စွမ်းဆောင် နိုင်ခဲ့သည်။

### အကောင်းဆုံးဆုများ ရရှိ

မြန်မာ့တပ်မတော် ယဉ်ကျေးမှုတပ်ဖွဲ့ဝင်များ အနေဖြင့် International Army Games ပြိုင်ပွဲ၏ ဆက်စပ်ပြိုင်ပွဲတစ်ရပ်ဖြစ်သည့် ရိုးရာယဉ်ကျေးမှု ဆိုင်ရာပြိုင်ပွဲ Creative Competition ကို ၂၀၁၈ ခုနှစ်ကတည်းကပင် နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် စုံတွဲအကအကောင်းဆုံး ဆု၊ စုံတွဲအတီး အကောင်းဆုံးဆု၊ ရိုးရာဝတ်စုံ အကောင်းဆုံးဆုများကိုလည်းကောင်း၊ ၂၀၁၉ ခုနှစ် တွင် အဆို၊ အက၊ အတီး အကောင်းဆုံးဆုများကို လည်းကောင်း၊ ၂၀၂၀ ခုနှစ်တွင် အက တတိယ အကောင်းဆုံးဆု၊ ရုရှားသီချင်း သီဆိုဖျော်ဖြေမှု အကောင်းဆုံးဆုများကိုလည်းကောင်း အသီးသီး ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

မြန်မာ့တပ်မတော် ယဉ်ကျေးမှု တပ်ဖွဲ့ဝင်များ အနေဖြင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာပြိုင်ပွဲ Creative Competition များတွင် မြန်မာ့ရိုးရာတူရိယာပစ္စည်း များ၊ သီချင်းများ၊ အက၊ အလှများဖြင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုစရိုက် လက္ခဏာများနှင့် ယဉ်ကျေးမှု အက၊ အလှတို့ကို ကမ္ဘာကသိအောင် စွမ်းဆောင် လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

သုံးဆထုတ်ပေးနိုင်ခြင်း၊ ရာသီဥတုမျှတ စေခြင်း နှင့် သက်ရှိဇီဝမျိုးစုံ၊ မျိုးကွဲများ ရေရှည်ရှင်သန် စေခြင်းစသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကောင်းကျိုးများကိုဖြစ်ထွန်းစေပါသည်။ ဝါးရွက် အပါအဝင် အပင်အလေးချိန်၏ လေးပုံတစ်ပုံ ဇီဝမြေသြဇာဖြစ်စေသည်ဟုလည်း သိရပါသည်။ ဝါးပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းပါက ကမ္ဘာကြီးသည် သက်ရှိများအတွက် အေးချမ်းသော ဘုံဗိမာန်လေးတစ်ခုဖြစ်လာမည်မှာ မလွဲပေ။

### လူသားနှင့် ဝါးသမိုင်း၊ ဝါးယဉ်ကျေးမှု

ကမ္ဘာပေါ်တွင် လူသားတို့၏ယဉ်ကျေးမှုနှင့် ဝါးသည် ဆက်စပ်လျက်ရှိပါသည်။ လူသားတို့သည် ယဉ်ကျေးမှုနှင့်အလှမ်းဝေးသော ရှေးပဝေသဏီက အသားစိမ်း၊ ငါးစိမ်းများကိုသာ စားခဲ့ကြသည်။ သို့သော် ဝါးပင်တို့ ပွတ်တိုက်ရာမှ မီးကိုစတင် တွေ့ရှိခဲ့ကြ၍ သားငါးတို့ကို မီးဖုတ် မီးကင်၍ ယနေ့ခေတ် ချက်ပြုတ်စားသောက်သည်အထိ တိုးတက်လာခဲ့သည်။ ဤသည်ပင် ဝါးကိုအခြေခံ၍ စခဲ့သော ယဉ်ကျေးမှုတစ်ခုပင် ဖြစ်သည်။

ကမ္ဘာ့အရှေ့နိုင်ငံများဖြစ်ကြသော ဂျပန်၊ ကိုရီးယားနှင့် တရုတ်နိုင်ငံများတွင် ရှေးနှစ်ပေါင်း များကတည်းက ဝါးယဉ်ကျေးမှုထွန်းကားခဲ့သည် ဟုသိရပါသည်။ ဂျပန်လူမျိုးတို့၏ အဓိကရိုးရာပွဲ များတွင် ဝါးသည် မြန်မာတို့၏ အုန်းပွဲ ငှက်ပျောပွဲ ကဲ့သို့ အရေးပါကြောင်းသိရသည်။ မြန်မာဘုရင်များ လက်ထက်တွင် မည်မျှပင်ချမ်းသာစေကာမူ ဝါးနှင့် ပတ်သက်သော ဆန်ကောဆန်ခါ၊ ခြင်းတောင်း များကိုသာ အသုံးပြုကြပါသည်။ တရုတ်ပြည်၌မူ လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀ ကျော်ကခေတ်၊ ကြေးခေတ်ကတည်းက ဝါးကိုအသုံးပြုခဲ့သည်ဟု သိရသည်။ မြန်မာ့ရာဇဝင်မှာလည်း ဝါးနှင့်ပတ်သက် သော “ဝေဠုဝတီမင်းသမီး” ဟူ၍ ရှိခဲ့ပါသည်။ ထိုမင်းသမီးကို ဝါးပင်မှာ သံသေဇပဋိသန္ဓေဖြင့် မွေးဖွားခြင်းဖြစ်သည်။

ဝါးသည်သမိုင်းနှင့် ယဉ်ကျေးမှုတွင် သာမက စာပေ၊ ကဗျာ၊ ဂီတ၊ပန်းချီစသည့် အနုပညာဘက် တွင်လည်း မပါမဖြစ်ပေ။ မြန်မာ့ဂီတအနုပညာတွင် ဝါးလက်ခုပ်၊ ဝါးပလွေ၊ ဝါးပတ္တလားစသည်တို့ ရှိပါ သည်။ စာပေနှင့်ပတ်သက်၍လည်း တရုတ်ပြည် ဂျင်(Jing)မင်းဆက်ခေတ် (သက္ကရာဇ် ၂၆၅–၃၁၆) တွင် Kaizi Dai ဆိုသူက ဝါးအဘိဓာန်စာအုပ်ကို ရေးသားခဲ့သည်ဟု သိရသည်။ တရုတ်စာပေများ ရေးသားရာတွင်လည်း ဝါးစုတ်တံဖြင့်သာ ရေးသား သည်ဟု ဆိုပါသည်။ တရုတ်နိုင်ငံတွင် ပထမဆုံး စာအုပ်ကို ဝါးပြားပေါ်တွင်ရေးခဲ့သည်ဟု မှတ်တမ်း များအရ သိရသည်။

### ဝါးနှင့် စီးပွားရေး

ကမ္ဘာပေါ်ရှိ လူဦးရေ သန်း ၆၀၀ သည် ဝါးကို အမှီပြုနေကြသည်ဟု ဆောင်းပါးတစ်ပုဒ်တွင် ဖတ်ခဲ့ဖူးပါသည်။ ဝါးကို စနစ်တကျ စိုက်ပျိုးခြင်း ဖြင့် မြန်မာနိုင်ငံရှိ လူဦးရေအချို့သည် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိကြသည်။ စာရေးသူတို့ ဒေသတွင် ဝါးကို ခွဲစိတ်၍ ဝါးထရံရက်လုပ်ခြင်း၊ ယခင်ကဆိုလျှင် စပါးပုတ်ရက်လုပ်ခြင်း စသည့် အလုပ်များဖြင့် စီးပွားရှာခဲ့ကြသည်။ ကျေးလက် ဒေသရှိ ဥယျာဉ်မြေများတွင်မူ ဝါးရုံများကို စိုက်ပျိုး ထားလေ့ရှိပြီး ဝါးနက်ဝါးတစ်လုံး ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ရောင်းချဝယ်ယူကြရသည်။ အချို့သော ဒေသများတွင် ဝါးကို မီးသွေးဖုတ်ကြသည်။ တရုတ်နိုင်ငံတွင် ဝါးမီးသွေးဖြင့် အစားအသောက်၊ အလှကုန်၊ ဆပ်ပြာ၊ ဆေးဝါး စသည့်ကုန်ချောပစ္စည်း အမျိုးပေါင်း ၁၀၀ ကျော် ထုတ်လုပ်ရောင်းချကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်မူ ဝါးမျှစ်သည်လည်း မြန်မာ့ဝါး ၏ စီးပွားရေးဈေးကွက်ဟု ဆိုရပေမည်။ ဂျပန်နိုင်ငံ နှင့် တရုတ်နိုင်ငံ၏ ဝါးလက်မှုပညာသည် အလွန် သေသပ်လှပသည်ဟု ကြားဖူးပါသည်။ စာရေးသူတို့ နိုင်ငံတွင် ဝါးကုလားထိုင်၊ ဝါးခုတင်များ ပြုလုပ်ကြ ပြီး တန်ဖိုးအားဖြင့် ငွေကျပ် ၅၀၀၀၊ ၆၀၀၀ ဖြင့် ရောင်းချသည်။ အခြားစီးပွားရေးတစ်ခု မြန်မာ့ယွန်း ထည်ဖြစ်သည်။ ဝါးဖြင့်ပြုလုပ်သော မြန်မာ့လက်မှု အနုပညာဖြစ်ပြီး နိုင်ငံခြားဝင်ငွေပင်ရရှိနိုင်သော ဝါးထည်လက်မှုပညာတစ်ခု ဖြစ်သည်။ ယခုအခါ မြန်မာ့မျှစ်ခြောက်ကို ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချ နေကြောင်း သိရပါသည်။ ဝါးသည် စီးပွားရေး ဈေးကွက်တစ်ခုဖြစ်လာသော်လည်း အလွန်အမင်း ခုတ်ယူသုံးစွဲခြင်းတော့ မပြုသင့်ပေ။

နိဂုံးချုပ်အနေအားဖြင့် ဝါးပင်သည် လူသားတို့ ၏ ယဉ်ကျေးမှုနှင့် ဆက်နွယ်မှုရှိနေသည့်အပြင် မြန်မာ့လက်မှုပညာများနှင့်လည်း ပတ်သက်မှုရှိနေ ပြန်သည်။ ဝါးပင်များသည် မြန်မာလူမျိုးတို့အတွက် သာမက ကမ္ဘာသူကမ္ဘာသားတို့အတွက် များစွာ အကျိုးပြုလျက်ရှိသည်။ ဝါးဖြင့်ပြုလုပ်သော လက်မှု လုပ်ငန်းများသည် လူသားတို့၏ အကျိုးစီးပွားကို လည်း တစ်ဖက်တစ်လမ်းက ထောက်ပံ့ပေးလျက် ရှိသည်။ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရာ ရောက်သလို စာပေ၊ ဂီတနှင့် ယဉ်ကျေးမှုဆိုင်ရာများ တွင်လည်း ဝါးပင်သည် အဓိက ပါဝင်လျက်ရှိသည်။ ဘာသာရေးဆိုင်ရာ ဘုရားဆင်းတုတော်များ ပြုလုပ်ရာတွင်လည်း ဝါးကို အသုံးပြုနေကြပြန် သည်။ ထိုသို့ အဘက်ဘက်မှ အသုံးဝင်လျက်ရှိသော ဝါးပင်ကို အစဉ်ထိန်းသိမ်းသင့်သည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

**ကိုးကား** – မြန်မာ့စွယ်စုံကျမ်း (အတွဲ–၁၀)
လေးစားရသောဝါးပင်တို့၏
သဘာဝနှင့် စီးပွားဖြစ်
ဝါးစိုက်ပျိုးရေး – ဝင်းကျော်ဦး

# အပြုသဘောဆောင်တဲ့အမြင်တွေ ပြောဆိုမှုတွေနဲ့ ရှင်သန်နိုင်ကြစေ

## အောင်မာန်(ဆော)

> ❊ လူ့ဘဝမှာ ဘယ်ကိစ္စတွင်မဆို အမြဲတမ်းတွေးတောတတ်တာက နှစ်မျိုးပဲရှိပါတယ်။ အပြုသဘောတွေးမြင်ခြင်းနဲ့ အပျက်သဘော တွေးမြင်ခြင်းပဲဖြစ်ပါတယ်။ အဲဒီလို ကိုယ်တွေးမြင်ထားတဲ့အတိုင်းလည်း လူတွေဟာ အကျိုးပေးတတ်ကြတယ်။ ပြောချင်တာက အကောင်းဘက်က အပြုသဘောနဲ့တွေးရင် ကိုယ်လုပ်တဲ့အရာတိုင်းဟာ ကောင်းတာတွေချည်းပဲ ဖြစ်လာတတ်တဲ့သဘောပေါ့။ လူတွေဟာ ကိုယ်နဲ့ အဆင်မပြေတဲ့အရာတွေ လူတွေကို အပြုသဘောနဲ့မတွေးဘဲ အပျက်သဘောနဲ့တွေးမြင်ထားတတ်ကြတော့ ဖြစ်လာတဲ့ နောက်ဆက်တွဲတွေကလည်း အဆိုးတွေပဲ ဖြစ်နေတတ်ကြပါတယ်

စာရေးသူ ဒီအကြောင်းကိုရေးဖို့ ပြင်နေတာ ကြာပါပြီ။ မရေးဖြစ်ဘဲ ဖြစ်နေတာ။ ဒါက ဘာလဲဆိုတော့ စာရေးသူတို့ လုပ်ငန်းခွင်တွေမှာ တွေ့နေကျ၊ ဖြစ်နေကျ ဖြစ်စဉ်လေးတွေအကြောင်းပါ။

စာရေးသူကိုယ်တိုင်ကလည်း ဝန်ထမ်းတစ်ယောက်ဖြစ်နေတော့ ကိုယ်တွေ့အနေနဲ့ရော၊ ကိုယ့်ပတ်ဝန်းကျင်မှာပါ တွေ့နေရတဲ့ ဖြစ်စဉ်တွေက အထက်နဲ့အောက် နားလည်မှုတွေ ပျောက်ဆုံးပြီး ကမောက်ကမတွေနဲ့ လုပ်ငန်းခွင်ပြဿနာ ဖြစ်နေမှုတွေပါ။ အရင်ကတော့ စာရေးသူ ဒီလိုဖြစ်စဉ်တွေကို သတိမထားမိဘူး။ လုပ်ငန်းခွင်မှာ အနေကြာ၊ လုပ်သက်တွေရလာတဲ့အခါမှာတော့ ဒီလို အဖြစ်အပျက်တွေက လုပ်ငန်းခွင်ကိုထိခိုက်ပြီး တိုးတက်မှုတွေ၊ နှောင့်နှေးကြန့်ကြာမှုတွေ ဖြစ်တတ်တယ်ဆိုတာ သတိထားမိလာတယ်။ လုပ်ငန်းခွင်ထဲမှာ အထက်နဲ့အောက် ယုံကြည်မှုတွေ နည်းပါးပြီး နားလည်မှုတွေ လွဲနေပြီဆိုရင် အဲဒီလုပ်ငန်းခွင်ဟာ ဘယ်တော့မှ ရှေ့ရောက်တော့မှာ မဟုတ်သလို မျှော်မှန်းတဲ့ရလဒ်တွေနဲ့လည်း ဝေးကွာသွားနိုင်ဆိုတာကိုပါ စာရေးသူ သတိထားမိလာတယ်။

### အပြန်အလှန်ယုံကြည်မှု

ဘယ်ဌာန၊ ဘယ်လုပ်ငန်းခွင်မှာပဲကြည့်ကြည့် အထက်နဲ့ အောက် နားလည်မှုလွဲတဲ့ ပြဿနာတွေ ရှိနေကြပါတယ်။ ဒါတွေ ဘာကြောင့်ဖြစ်ရတာလဲ။ အဓိကအကြောင်းတရားက အပြန်အလှန်လေးစားမှု နည်းပါးနေကြသလို အပြန်အလှန် ယုံကြည်မှုမထားနိုင်ကြတာကြောင့်ပဲ ဖြစ်ပါတယ်။ စာရေးသူတို့ လူမှုပတ်ဝန်းကျင်မှာ ကြီးသူကိုပဲ လေးလေးစားစားဆက်ဆံသင့်တယ်။ ငယ်ရွယ်သူတို့တော့ အလေးထား လေးစားစရာမလိုဘူးဆိုတဲ့ ဓလေ့စရိုက်တွေဖြစ်နေတာ တွေ့မြင်နေရတယ်။ ပြည်သူ့နီတိမှာတော့ ကြီးသူရိုသေ၊ ရွယ်တူလေးစား၊ ငယ်သူသနားတဲ့။ ဒါကို လိုက်နာကျင့်ကြံကြဖို့ လူ့ကျင့်ဝတ်တစ်ခုအနေနဲ့ သတ်မှတ်ထားပေမယ့် စာရေးသူတို့ တကယ်ရော လိုက်နာနေကြသလားဆိုတာ ဘယ်သူမှ မပြောနိုင်ပါ။ တကယ် လိုက်နာနေကြတယ်ဆိုရင် လူ့အဖွဲ့အစည်းတွေအကြား ပြဿနာဆိုတာ ရှိလာနိုင်မှာ မဟုတ်ပါဘူး။ လိုက်နာမှုအားနည်းနေကြလို့သာ လူမှုပြဿနာတွေ ဖြစ်နေကြရတာပါ။

ဒီလိုပဲ ရုံးဌာနလုပ်ငန်းခွင်တွေကြားက အထက်နဲ့အောက် ဖြစ်နေရတဲ့ ပြဿနာတွေမှာလည်း ဒီအကြောင်းတရားကို အခြေခံပါတယ်။ အပြန်အလှန်လေးစားမှု မထားနိုင်ကြလို့ပါ။ အပြန်အလှန် လေးစားမှုမထားနိုင်ကြတဲ့အခါ နားလည်မှုတွေလည်း မထားနိုင်လာကြတော့ဘူး။ နားလည်မှုတွေ လွဲလာတဲ့အခါ အထက်နဲ့အောက် အပြန်အလှန် အပြစ်တွေရှာလာတယ်။ အပြစ်တွေရှာလာတဲ့အခါ အကောင်းမြင်စိတ်တွေ မထားနိုင်ကြတော့ဘဲ အဆိုးမြင်စိတ်တွေနဲ့သာ ကြည့်တတ်လာကြတော့တယ်။ အဲဒီလိုဖြစ်လာတော့ လုပ်ငန်းခွင်ကြားမှာ အဖုအထစ်တွေများလာပြီး အလုပ်ကို ထိခိုက်မှုတွေ ဖြစ်လာပါတယ်။ အလုပ်ကို ထိခိုက်လာပြီဆိုရင်တော့ နောက်ထပ်အကျိုးဆက်က ဘဝတွေနဲ့ပါ ဆိုင်လာပါတော့တယ်။ နောက်ဆုံးအလုပ်မှာ ဘယ်လိုမှ အဆင်မပြေတော့ရင်တော့ အလုပ်ကထွက်ခွာသွားရမယ့်သူက အထက်လူကြီးဖြစ်မလား၊ လက်အောက်ဝန်ထမ်းဖြစ်မလား။ တစ်ဦးဦးတော့ အလုပ်ကထွက်ခွာသွားရမှာ အသေအချာပါ။

ပြီးခဲ့တဲ့ ဧပြီလလောက်က ဖြစ်မယ်။ ကျောင်းဆင်းဘက်သူငယ်ချင်းတစ်ယောက်နဲ့ စာရေးသူတို့ စကားပြောဖြစ်ကြတယ်။ သူငယ်ချင်းနှစ်ယောက် မတွေ့ကြရတာလည်း ကြာနေတော့ ပြောဖြစ်တဲ့စကားတွေက အကြောင်းစုံပါတယ်။ သူပြောတဲ့စကားတွေထဲမှာ သူ့အလုပ်ထဲကအကြောင်းတွေ တော်တော်များများပါတယ်။ သူအလုပ်လုပ်နေတဲ့ ဌာနမှာ သူနဲ့ သူ့အထက်အရာရှိတို့ အဆင်မပြေတာတွေ သူပြောပြတယ်။ သူဘာလုပ်လုပ် သူ့အထက်အရာရှိက အသိအမှတ်မပြုသလို အမြဲတမ်းတားဆီးကန့်သတ်တာတွေရှိတယ်။ သူ့ကို ဘာတာဝန်တွေမှ မပေးဘူး။ မလုပ်ဘဲနေပြန်တော့ အပြစ်ပြောတယ်။ အလုပ်မှာ မရှိပြန်ရင်လည်း အလုပ်မှာမရှိလို့ဆိုပြီး အပြစ်ရှာပြန်တယ်။ သူဘယ်လိုနေနေ ဘာလုပ်လုပ် သူ့ရဲ့အထက်အရာရှိက အပြစ်တွေမြင်ပြီး အဆိုးတွေကိုပဲ ပြောနေတယ်။ ကြာလာတော့ သူလည်း ရွံ့ချင်တဲ့စိတ်နဲ့ အထက်အရာရှိ မကြိုက်တာတွေချည်းပဲ ရွေးလုပ်တယ်၊ သူဒီလိုတွေလုပ်တော့ သူ့အထက်အရာရှိနဲ့ ပိုပြီး ပြဿနာတွေဖြစ်ကာ အလုပ်ခွင်မှာ သူစိတ်မပျော်တော့ဘူး။ အလုပ်ခွင်နဲ့ ဝေးရာကိုပဲ သူအမြဲစဉ်းစားနေတယ်။ နောက်ဆုံး အလုပ်ထွက်ဖို့အထိ ဖြစ်လာတယ်။ ဖြစ်ချင်တော့ အဲဒီအချိန်က နိုင်ငံရေးဖြစ်စဉ်ကြောင့် ဝန်ထမ်းတွေ CDM လုပ်နေကြတဲ့ကာလ။ သူလည်း သူ့အလုပ်ခွင်ထဲက မကျေနပ်အဆင်မပြေတာတွေနဲ့ ရောချပြီး အလုပ်ထွက်ဖို့ သူပြင်ဆင်တယ်။ ဒီအကြောင်းကိုပဲ သူက စာရေးသူကို ပြောပြတယ်။

စာရေးသူလည်း သူ့စကားတွေကို နားထောင်ပြီး ဘယ်လိုပြန်ပြောရမှန်းမသိအောင်ဖြစ်သွားမိတယ်။ ဒီလိုဖြစ်စဉ်တွေက စာရေးသူတို့ ဝန်းကျင်မှာလည်း အမြဲတွေ့မြင်ရတဲ့ကိစ္စတွေပါ။ ဒါပေမယ့် သူ အလုပ်ထွက်သွားမှာကိုတော့ စာရေးသူ မလိုလားပါဘူး။ သူ့အကြောင်းကို သိနေတာလည်း ပါလို့ပါ။ သူက ကျောင်းတုန်းကတည်းက ကျောင်းစာမှာတော်ခဲ့သလို ဘာလုပ်လုပ် စိတ်နစ်ပြီးလုပ်တတ်တဲ့ အကျင့်ရှိတယ်။ ဇွဲရှိသလို ရည်မှန်းချက်လည်းကြီးတယ်။ သူရည်မှန်းထားတာကို မဖြစ်ဖြစ်အောင် လုပ်တတ်တယ်။ ဒါ့ကြောင့်လည်း လက်ရှိမှာ သူ့ ရောက်ချင်တဲ့နေရာ၊ သူမျှော်လင့်တဲ့ ပန်းတိုင်တစ်ခုဆီ သူရောက်နေတယ်။ ဒါပေမယ့် လူမှုဆက်ဆံရေးမှာတော့ ပေါင်းရသင်းရခက်တဲ့သူ မဟုတ်သော်ငြား အကြောင်းမသိသူဆိုရင်တော့ ပေါင်းသင်းရခက်သူလို့ ထင်မိမယ်။ သူက ကြိုးစားနေတဲ့သူဖြစ်တော့ အဘက်ဘက်က ပြည့်စုံအောင်နေတယ်။ အဲဒါကြောင့်လားတော့ မသိဘူး။ မာနလေးတော့ သူ့မှာရှိတယ်လို့ စာရေးသူမြင်မိတယ်။ အခု သူနဲ့ သူ့အထက်အရာရှိကြားကဖြစ်နေတဲ့ ပြဿနာမှာလည်း သူ့ရဲ့မာနကြောင့်လည်း ပါမယ်လို့ ယူဆမိတယ်။ သူ့မှာရှိတဲ့ အဲဒီမာနလေးကို တလွဲမာနထားတယ်လို့လည်း စာရေးသူ မသတ်မှတ်ချင်ပါဘူး။ သူလည်း သူ့အကြောင်းနဲ့သူ ရှိနေမှာဆိုတော့ အဲဒီအပေါ်မှာ စာရေးသူ အကြံပေးရုံကလွဲလို့ ဘာမှ မလုပ်နိုင်ပါဘူး။

### လောကနိယာမသဘောတရား

ဒီတော့ သူနဲ့ သူ့အထက်အရာရှိ ပြန်လည်အဆင်ပြေပြီး လုပ်ငန်းခွင်မှာ ပြန်ပြီး သူစိတ်နှစ်ထားနိုင်ဖို့အတွက် စာရေးသူ အကြံပေးလိုက်ပါတယ်။ အဓိကကတော့ သူ့ အထက်အရာရှိအပေါ် ယုံကြည်မှုပိုထားဖို့နဲ့ လေးစားမှုပိုထားဖို့အတွက်ပါ။ များသောအားဖြင့် လူအများစုဟာ အခြားသူအပေါ်မှာသာ ယုံကြည်မှု၊ လေးစားမှု မထားချင်မထားမယ်။ သူတို့ကို ယုံကြည်ပေးတာ၊ လေးစားတာမျိုးတော့ ခံယူချင်ကြပါတယ်။ နောက်တစ်ခုကလည်း လောကနိယာမသဘောတရားအရ ကိုယ်ပေးရင် ကိုယ်ပြန်ရတတ်တဲ့ သဘောရှိတော့ ကိုယ်ကအရင်ဆုံး သူ့ကို လေးစားမှု၊ ယုံကြည်မှုပေးလိုက်ရင် ကိုယ့်ကိုလည်း ပြန်ပြီးယုံကြည်လေးစားတာတွေ ရှိလာတတ်ပါတယ်။ ဒီအတွက်ကြောင့်လည်း သူ့ကို သူ့အထက်အရာရှိအပေါ်မှာ ပိုပြီးလေးစားဖို့နဲ့ ပိုပြီးယုံကြည်မှုပေးဖို့ ပြောပြရတာ ဖြစ်ပါတယ်။ နောက်ပြီး နားလည်မှုလွဲနေတာတွေကိုလည်း သူ့ရဲ့အထက်အရာရှိနဲ့တွေ့ပြီး ပွင့်ပွင့်လင်းလင်း ရှင်းပြဆွေးနွေးဖို့ အကြံပေးလိုက်ပါတယ်။ တချို့ နားလည်မှုလွဲတဲ့အကြောင်းတွေမှာ တစ်ယောက်နဲ့တစ်ယောက် ပွင့်ပွင့်လင်းလင်း မရှိကြလို့ဖြစ်တယ်လို့ စာရေးသူမြင်မိတယ်။ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်ပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးလိုက်ရင် နားလည်မှုလွဲနေတဲ့ တချို့ကိစ္စတွေမှာ အဆင်ပြေသွားနိုင်ပါတယ်။

အခုတော့ သူ အလုပ်မထွက်ဖြစ်တော့ဘဲ သူ့ရုံးမှာပဲ အလုပ်ဆက်လုပ်ဖြစ်နေပါတယ်။ သူနဲ့သူ့အထက်အရာရှိကြားက ပြဿနာ ပြေလည်သွားလို့ ထင်ပါတယ်။ တကယ်တော့ စာရေးသူတို့အနေနဲ့ မိမိကိုယ်ကို ပုထုဇဉ်လူသားစစ်စစ်တွေ ဖြစ်နေကြတာကို မေ့နေတတ်ကြပါတယ်။ ပုထုဇဉ်တွေဖြစ်တဲ့အတွက် လောဘ၊ ဒေါသ၊ မောဟတရားတွေနဲ့ ပြည့်နေကြပါတယ်။ ဒီလိုပြည့်နေလို့လည်း ဒီအကြောင်းတရားသုံးပါးကို အခြေခံပြီးဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲအကျိုးတရားတွေကို ခံစားကြရတာဖြစ်ပါတယ်။

### စိတ်နေစိတ်ထားအပေါ်မှာမူတည်

အသက်အရွယ်ကြီးတိုင်းလည်း လောဘ၊ ဒေါသ ၊ မောဟတရားတွေ လျော့ပါးသွားတယ်လို့ မဆိုနိုင်သလို အသက်ငယ်ရွယ်တိုင်းလည်း လောဘ၊ ဒေါသ၊ မောဟတရားတွေ ကြီးမားနေမယ်လို့ တထစ်ချ ယူဆလို့မရနိုင်ပါဘူး။ ဒီအတွက်ကြောင့် လူသားတိုင်းမှာ လောဘ၊ ဒေါသ၊ မောဟတရားတွေ ရှိနေနိုင်မှာဖြစ်ပြီး စိတ်နေစိတ်ထား ထားတတ်မှုအပေါ်မှာပဲ မူတည်ပြီး ကွဲပြားမှုတွေ ရှိနေနိုင်ပါတယ်။ ဒီတော့ စာရေးသူတို့အလုပ်ခွင်မှာ အထက်အရာရှိနဲ့ လက်အောက်ဝန်ထမ်းများအကြား၊ တစ်ယောက်နဲ့တစ်ယောက်အကြားမှာ နားလည်မှုလွဲတာ၊ ယုံကြည်မှုမရှိတာတွေဟာ အဆိုပါအကြောင်းတရားတွေကိုအခြေခံပြီး ဖြစ်တယ်ဆိုတာ သတိထားဖို့လိုပါတယ်။ လူကို လူပဲလို့သိရင် လူတွေမှာ ရှိတတ်တဲ့စိတ်နေစိတ်ထား၊ လုပ်လေ့လုပ်ထရှိတဲ့ စရိုက်လက္ခဏာတွေကို သိနိုင်ပါတယ်။ ဒါတွေကို သိထားရင် အဆင်ပြေအောင် နေထိုင်သွားတတ်မှာပါ။

### အချင်းချင်းနားလည်မှုရှိဖို့လို

လူ့ဘဝမှာ ဘယ်ကိစ္စတွင်မဆို အမြဲတမ်းတွေးတောတတ်တာက နှစ်မျိုးပဲရှိပါတယ်။ အပြုသဘောတွေးမြင်ခြင်းနဲ့ အပျက်သဘော တွေးမြင်ခြင်းပဲဖြစ်ပါတယ်။ အဲဒီလို ကိုယ်တွေးမြင်ထားတဲ့အတိုင်း လည်း လူတွေဟာ အကျိုးပေးတတ်ကြတယ်။ ပြောချင်တာက အကောင်းဘက်က အပြုသဘောနဲ့တွေးရင် ကိုယ်လုပ်တဲ့ အရာတိုင်းဟာ ကောင်းတာတွေချည်းပဲ ဖြစ်လာတတ်တဲ့သဘောပေါ့။ လူတွေဟာ ကိုယ်နဲ့ အဆင်မပြေတဲ့အရာတွေ၊ လူတွေကို အပြုသဘောနဲ့မတွေးဘဲ အပျက်သဘောနဲ့တွေးမြင်ထားတတ်ကြတော့ ဖြစ်လာတဲ့ နောက်ဆက်တွဲတွေကလည်း အဆိုးတွေပဲ ဖြစ်နေတတ်ကြပါတယ်။ စာရေးသူပြောချင်တဲ့ အထက်အောက် အဆင်မပြေဖြစ်မှုမှာလည်း အပြုသဘောမပါတဲ့ အပျက်သဘောတွေနဲ့သာ ကြည့်ခဲ့ကြလို့ ဖြစ်နေရတာတွေပါ။ အဲဒီအတွက်ကြောင့် အချင်းချင်းပြောဆိုဆက်ဆံကြတဲ့အခါမှာ အပြုသဘောဆောင်တဲ့အတွေး၊ အပြုသဘောပါတဲ့ပြောဆိုမှုတွေနဲ့ နေထိုင်ပြောဆိုကြမယ်ဆိုရင် လူမှုဝန်းကျင်မှာ လူမှုဆက်ဆံရေးပြဿနာတွေ ရှိမနေနိုင်ပါဘူး။ တကယ်တော့ လုပ်ငန်းခွင်အတွင်းမှာ အထက်အောက်သော်လည်းကောင်း၊ ဝန်ထမ်းအချင်းချင်း သော်လည်းကောင်း နားလည်မှုရှိရှိ ပေါင်းစည်းလုပ်နိုင်ရင် အကောင်းဆုံးပါ။ ဒီလိုပေါင်းစည်းလုပ်နိုင်ဖို့ကလည်း အချင်းချင်းနားလည်မှုရှိဖို့ လိုပါတယ်။ ယုံကြည်မှုထားကြဖို့ လိုအပ်ပါတယ်။

ဒီနေရာမှာ အထက်အရာရှိ အုပ်ချုပ်သူတွေအနေနဲ့ မိမိရဲ့ လက်အောက်ဝန်ထမ်းငယ်သားတွေကို ယုံကြည်မှုပေးဖို့ လိုအပ်ပါတယ်၊ တာဝန်တွေခွဲပေးဖို့ လိုအပ်ပါတယ်။ *စာမျက်နှာ ၉ သို့*

## ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

ကိုဗစ်- ၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျ လက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များကို ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်- ၁၉ ရောဂါ အထောက်အကူပြု ပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

### ပြင်ဆင်လက်ခံဆောင်ရွက်

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၃၉ ဦးနှင့် အမျိုးသမီး ၇၉ ဦး စုစုပေါင်း ၂၁၈ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခေတ်ခွဲ အတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၃၈ ဦးနှင့် အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၅၆ ဦးကိုလည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၁၉ ဦး ၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၂၈ ဦးကိုလည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရသည်။

### ကူညီဆောင်ရွက်ပေး

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒေသခံပြည်သူများအတွက် ဆန်၊ ဆီ၊ စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ နှုန်းနှင့် အသက်နှစ်နှစ်အောက်ကလေးမိခင်နှင့် ကိုယ်ဝန်ဆောင်မိခင်တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်အတွင်းရှိ အိမ်ထောင်စု ၅၅၂၆ စု၊ လူဦးရေ ၂၄၁၇၂ ဦးတို့အတွက် ဆန် ၅၁၃ အိတ်၊ အမရပူရမြို့နယ် လေးစုရပ်ကွက်ရှိ အိမ်ထောင်စု ၄၉၄၆ စု၊ လူဦးရေ ၁၈၀၃၂ ဦးတို့အတွက် ဆန် ၁၂၃၆ အိတ်နှင့် ၁၂ ပြည်၊ ဥယျာဉ်တော်ကျေးရွာ၊ ခနုံးကျေးရွာ၊ ကမ္ဘာကျေးရွာ၊ တပ်ကြီးကျေးရွာ၊ ဘုန်းတော်နိုင်ငံကျေးရွာနှင့် ဘနေ့ာကျေးရွာတို့ရှိ အိမ်ထောင်စု ၁၁၅၀ စုတို့အတွက် ဆန် ၂၈၇ အိတ်၊ ၁၂ ပြည်တို့ကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များက အသီးသီးသွားရောက်ထောက်ပံ့ လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ၊ သားငါးများကို ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကားရောင်းချပေးသည့်အစီအစဉ် တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူဝယ်ယူနိုင်ရေး အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာ ရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနအဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ဆေးနှင့်ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသောကုမ္ပဏီ ၁၅ ခုမှ အိမ်သုံးဆေးဝါး ၂၀၈ မျိုးကို ရောင်းချပေးလျက်ရှိပြီး ငွေကျပ် ၃၆ သိန်းကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို ရောင်းချခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ်(၁၀၄/၁၀၈) နေရာ၌လည်း ၁၄ ရက် မြောက်နေ့အဖြစ် ဆက်လက်ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ငွေကျပ် လေးသိန်းကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ ရောင်းချနိုင် ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရွေ့လျားဈေးကားဖြင့် သားငါးများ ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



*စာမျက်နှာ ၈ မှ*

သူတို့ရဲ့ယုံကြည်မှုတွေကို တည်ဆောက်ဖို့လိုပါတယ်။ ယုံကြည်မှုတွေပေးပြီး ယုံကြည်မှုတည်ဆောက်ထားမှ အထက်အောက် အဆင့်ဆင့် ဆက်ဆံရေးတွေလည်း ပြေပြစ်နေမှာဖြစ်ပါတယ်။ နောက်လိုက်ကောင်းမှ ရှေ့ဆောင်ကောင်းဖြစ်မယ်ဆိုတာထက် နောက်လိုက်ကောင်းတွေဖြစ်ဖို့ ရှေ့ဆောင်ကောင်းတွေကလည်း လမ်းပြပေးဖို့ လိုအပ်ပါတယ်။

မျိုးဆက်ကောင်းတွေ မွေးမြူဖို့တာဝန် ခေါင်းဆောင်ကောင်းတွေရဲ့ မလုပ်မဖြစ် လုပ်ရမယ့်အလုပ်လို့ စာရေးသူမြင်ပါတယ်။ စာရေးသူတို့ အလုပ်ခွင်မှာ ကြားရလေ့ ရှိတာတစ်ခုက လူမွေးတယ်ဆိုတဲ့စကားပါ။ ဒီစကားကို မကောင်းတဲ့ အမြင်ဘက်က ယူပြီး ပြောကြတာပါ။

### လက်ဆင့်ကမ်းလုပ်ကိုင်နိုင်ဖို့

ပြောရရင်တော့ ကိုယ့်အတွက် ဘာမဆိုဖြည့်ဆည်း လုပ်ကိုင်ပေးနိုင်သူကို ဆိုလိုတယ်လို့ ထင်ပါတယ်။ ဒီနေရာမှာ စာရေးသူက အကောင်းဘက်ကပဲ မြင်ပြီးပြောချင်ပါတယ်။ အထက်အရာရှိ ခေါင်းဆောင်တွေ လူမွေးရပါမယ်။ ဘာအတွက်လဲ၊ ကိုယ့်အတွက် မဟုတ်တဲ့ဌာနနဲ့ လုပ်ငန်းခွင်အတွက်ပါ။ တာဝန်တွေနဲ့ အလုပ်တွေကို အရည်အသွေးပြည့်ပြည့် လက်ဆင့်ကမ်းလုပ်ကိုင်နိုင်ဖို့နဲ့ ခေါင်းဆောင်နိုင်ဖို့အတွက်ပါ။ ဒါလုပ်သင့်တဲ့ အလုပ်ပါ။ လုပ်ကိုလုပ်ရပါမယ်။ တစ်ချိန်မှာ ကိုယ့်ရဲ့အလုပ်တာဝန်ကို လွှဲပြောင်းပေးရတဲ့အခါမှာ စိတ်ချယုံကြည်စွာနဲ့ လွှဲပြောင်းပေးနိုင်မှာဖြစ်ပါတယ်။

ကိုယ်က ဒီနေရာ၊ ဒီဌာနမှာ၊ ဒီရာထူးနဲ့ တစ်သက်လုံးနေရမှာ မဟုတ်ပါဘူး။ ဒ့ါကြောင့် ဌာနအတွက်၊ လုပ်ငန်းအတွက်၊ လူ့အဖွဲ့အစည်းအတွက် ယုံကြည်စိတ်ချရမယ့်သူကို မဖြစ်မနေ မွေးထုတ်ပေးရမှာဖြစ်ပါတယ်။ ဒီလိုမဟုတ်ရင် မျိုးဆက်ခါးပြတ်သွားနိုင်ပါတယ်။ ဒါပေမယ့် သေချာရွေးချယ် လူမွေးတတ်ဖို့တော့ လိုပါတယ်။ အဂတိကင်းကင်းနဲ့ ရွေးချယ်တတ်ဖို့လိုပါတယ်။ ဒီလိုဆိုရင် အထက်နဲ့အောက်ကြား နားလည်မှု လွဲစရာမရှိဘဲ အလုပ်တွေမှာ အောင်မြင်မှုတွေ ရနိုင်ပါတယ်။

နောက် လက်အောက်ဝန်ထမ်းတွေဘက်ကလည်း နောက်လိုက်ကောင်းဖြစ်ဖို့ ကြိုးစားကြဖို့လိုပါတယ်။ ပေးအပ်တဲ့တာဝန်တွေကို ချက်ချင်း ကျေပွန်စွာ ထမ်းဆောင်တတ်ဖို့လိုပါတယ်။ အချိန်ဆွဲတာ၊ အကြောင်းပြတာ၊ ဆင်ခြေပေးတာတွေက ကိုယ့်အပေါ် အထက်လူကြီးရဲ့ ယုံကြည်မှုတွေကို ပျက်ပြားစေပါတယ်။ ဒါကြောင့် ပေးအပ်လာတဲ့ အလုပ်တွေကို ချက်ချင်းလုပ်ပါ။ အမြန်ဆုံးနဲ့ အမှန်ဆုံးဖြစ်အောင် လုပ်ပါ၊ ကိုယ့်အထက်အရာရှိရဲ့ ယုံကြည်မှုတွေကို ရအောင်ယူပါ။ တည်ဆောက်ပါ။ အလုပ်တာဝန်အပေါ်မှာ ရိုးသားတဲ့အခြေခံစိတ်နဲ့ လုပ်ကိုင်တတ်ဖို့လိုပါတယ်။ အထက်အရာရှိက ကိုယ့်ကိုယုံကြည်လာပြီဆိုတော့ တာဝန်တွေပေးလာနိုင်ပါတယ်။ မငြီးငြူပါနဲ့။ လုပ်လိုက်ပါ။ မဖြစ်နိုင်ဘူးဆိုတဲ့စကားကို ကိုယ့်ရဲ့အထက်လူကြီးကို ဘယ်တော့မှ မပြောမိပါစေနဲ့။ လုပ်ကြည့်ပါ။ အတတ်နိုင်ဆုံး ကိုယ်စွမ်းရှိသမျှ ကြိုးစားလုပ်ပါ။ လုပ်ကြည့်လို့ မဖြစ်နိုင်ဘူးဆိုမှ ကြောင်းကျိုးဆက်စပ်စွာနဲ့ ရှင်းပြပြောဆိုပါ။ ဒီလိုဆိုရင် အထက်အရာရှိအနေနဲ့လည်း ကိုယ့်အပေါ် ဘာငြိုငြင်စိတ်မှမဖြစ်ဘဲ လက်ခံနိုင်ပါမယ်။

### နောက်လိုက်ကောင်းဖြစ်အောင်ကြိုးစားပါ

ဒါဟာ အထက်အရာရှိနဲ့ ကိုယ့်ကြား ယုံကြည်မှုတည်ဆောက်မှုတစ်ခုပါ။ နောက်ပိုင်းကြာလာတဲ့အခါ အထက်အရာရှိရဲ့ ယုံကြည်မှုပိုရလာပြီး ကိုယ့်ရဲ့အခန်းကဏ္ဍလည်း အရေးပါအရာရောက်မှုတွေ ရှိလာနိုင်ပါတယ်။ ကိုယ်ဟာ ဌာနအတွက် မရှိမဖြစ် လူတစ်ယောက်အနေနဲ့ အရေးပါလာပါလိမ့်မယ်။ ဒါဟာ နောက်လိုက်ကောင်းတို့ ရလာနိုင်တယ့် အကျိုးတွေဖြစ်ပါတယ်။ ဒ့ါကြောင့် နောက်လိုက်ကောင်းဖြစ်အောင် ကြိုးစားပါလို့ တိုက်တွန်းလိုတာဖြစ်ပါတယ်။

အမှန်ပြောရရင် ရုံးဌာနတွေနဲ့ အလုပ်ခွင်မှာ အထက်အောက် အဆင်မပြေဖြစ်ရတာတွေက ယုံကြည်မှုတွေ မတည်ဆောက်ကြလို့ပါ။ အပြန်အလှန်လေးစားမှု အားနည်းနေကြပြီး နားလည်မှုမထားနိုင်ကြလို့ပါ။ တကယ်လို့သာ အထက်နဲ့အောက် ယုံကြည်မှုထားကာ နားလည်မှုရှိစွာနဲ့ လုပ်ကိုင်ဆောင်ရွက်ကြမယ်ဆိုရင် အလုပ်ခွင်အတွင်း အထက်အောက် ဆက်ဆံရေးအဆင်မပြေမှုဆိုတာတွေ ရှိလာမှာမဟုတ်ပါဘူး။ အထက်နဲ့အောက် ထိထိမိမိတွဲချိတ် လုပ်တတ်ကြမယ်ဆိုရင် မအောင်မြင်တဲ့အလုပ်၊ မအောင်မြင်တဲ့ လူ့အဖွဲ့အစည်းဆိုတာလည်း ရှိလာမှာမဟုတ်ပါဘူး။

### ယုံကြည်မှုနဲ့ချစ်ခင်နိုင်ကြပါစေ

ဒါကြောင့် ရုံးဌာနတွေမှာပဲဖြစ်ဖြစ်၊ အခြားလုပ်ငန်းခွင်တွေမှာပဲဖြစ်ဖြစ်၊ လူ့အဖွဲ့အစည်းအတွင်းမှာပဲဖြစ်ဖြစ် အထက်အောက်ဆက်ဆံရေးတွေ၊ အချင်းချင်းဆက်ဆံရေးတွေ မပျက်ရလေအောင် အပြုသဘောဆောင်တဲ့အမြင်တွေ ပြောဆိုမှုတွေနဲ့ ရှင်သန်နိုင်ကြပါစေ။ နားလည်မှုထား ဆက်ခံနိုင်ကြပါစေ။ အမုန်းတွေကင်းဝေးပြီး ယုံကြည်မှုနဲ့ ချစ်ခင်နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။ ။

# လူငယ်ထုဟာ နိုင်ငံရေးသမားများရဲ့ ခေတ်အဆက်ဆက် အသုံးချခံ သက်သက်လား

စာချစ်သူ

လူငယ်များကို ကျွန်တော်ချစ်ပါသည်။ ဘယ်ခေတ်မဆို လူငယ်ဟူက ရိုးသားသည်။ ဖြူစင်သည်။ ပွင့်လင်းသည်။ ပေါ့ပါးသည်။ စူးစမ်းသည်။ တက်ကြွသည်။ စွန့်စားလိုသည်။ အပေါင်းအသင်းမင်သည်။ ဤသည်က လူငယ်တို့၏ ပင်ကိုဗီဇ။ ကျွန်တော်တို့ခေတ်တုန်းကလည်း သည်လိုပင်။ ဘောင်းဘီရှည်ပွပွ၊ အင်္ကျီလက်ရှည်ပွပွကြီးတွေ ဝတ်မည်။ စိတ်ကူးတည့်ရာ ကိုးရိုးကားရား ဝတ်ချင်တာဝတ်မည်။ "မိုက်တယ်"၊ "ခိုက်တယ်"စသဖြင့် ခေတ်အလိုက် ဗန်းစကားတွေ ပြောချင်ပြောမည်။ ၁၀ နှစ်မှ အသက် ၂၀ အတွင်းအရွယ်ကိုက မြူးထူးပျော်ပါးသည့် အရွယ်မို့။

> ❖ ကျွန်တော်တို့ ရှေ့မျိုးဆက်က လူငယ်အချို့နှင့် ကျွန်တော်တို့နှင့် ခေတ်ပြိုင်မျိုးဆက်လူငယ်အချို့တို့မှာမူ သူတို့၏ နိုင်ငံချစ်သော၊ စူးစမ်းလိုသော၊ စွန့်စားလိုသော၊ တက်ကြွသောလူငယ်ဘာဝ သန္ဓေဗီဇတို့ကို နိုင်ငံရေးသမားများက အသုံးချ၍ တော်လှန်ရေးလမ်းကြောင်းပေါ်သို့ ဆွဲတင်မှုကိုခံခဲ့ကြရရှာသည်။ အချို့ကား ဘဝ တင်မက အသက်ပါ ပျက်စီးဆုံးရှုံးသွားခဲ့ရရှာသည်

ကျွန်တော်လူငယ်ဘဝက ဒေါက်တာမောင်မောင်၏ "သားမောင်စစ်သည်သို့" စာအုပ်ကို ဖတ်ခဲ့သည်။ လူငယ်များနှင့် ပတ်သက်၍ ဒေါက်တာမောင်မောင်၏ သဘောထားအမြင်ကို သိခဲ့ရသည်။ "ယနေ့ခေတ်လူငယ်တွေသည် ကျွန်တော်တို့ သူတို့အရွယ်ကထက်ပင် ထက်မြက်သွက်လက် ပွင့်လင်းရဲရင့်ကြသည်ထင်သည်။ ကျွန်တော်တို့ တုန်းကထက် အကြားအမြင်များသည်။ လွတ်လပ်သော နိုင်ငံသားများအဖြစ် မွေးဖွားခဲ့ရခြင်း၏ ဂုဏ်သတ္တိကလည်း နယ်နယ်ရရမဟုတ်။ ထို့ကြောင့် သူတို့၏စိတ်ဓာတ်၊ စေတနာသည်လည်း သူတို့အရွယ်တုန်းက ကျွန်တော်တို့၏ စိတ်ဓာတ်၊ စေတနာတို့ထက် မညံ့နိုင်၊ "ဒီခေတ်လူငယ်တွေ ပြောမရ ဆိုမရ၊ သူတို့ရှေ့ရေး၊ နိုင်ငံရှေ့ရေးကိုမတွေးဝံ့ပါပြီ" ဆိုသော ကျွန်တော်တို့လို ဖခင်အရွယ်၊ အဘိုးအရွယ်များသည် ကျွန်တော်တို့ငယ်စဉ်က ကျွန်တော်တို့၏ ဖခင်၊ အဘိုးများကလည်း ကျွန်တော်တို့နှင့် ပတ်သက်၍ ဒီအတိုင်းပင် ပြောဆိုခဲ့ကြသည်ကို အမှတ်ရသင့်သည်။

လူငယ်တွေ ဆံရှည်ထားထား၊ ဆန်းပြားသောဝတ်စားဆင်ယင်မှုကို ပြုပြု၊ ထူးခြားသော စကားဝေါဟာရများကို ပြောပြော၊ သန္ဓေဗီဇ ညံ့ကြသည်မဟုတ်။ အရေးကြုံလာလျှင် နိုင်ငံအတွက် တိုင်းရင်းသားများအတွက် ထွက်၍တာဝန်ယူကြလိမ့်မည်။ အရေးကြီးလျှင် သွေးနီးလိမ့်မည် ယုံကြည်သည်"ဟု ရေးသားထားသည်။ ထိုစဉ်က လူငယ်တစ်ဦးမျှသာရှိသေးသော ကျွန်တော် အတော့်ကို အသည်းခိုက်သွားသည်။ ယနေ့တိုင် မမေ့နိုင်ခဲ့။

### ညွတ်ကွင်းဆင်တတ်သော နိုင်ငံရေးသမားများ

ဒေါက်တာမောင်မောင်၏ ထိုသို့သော အတွေးအမြင်တို့ကြောင့်လည်း ကျွန်တော့် လူငယ်ဘဝတွင် အကောင်းအဆိုးကို ဉာဏ်မီသမျှလေး ခွဲခြားတတ်လာသည်။ ဆင်ခြင်တုံတရားအချို့ ရခဲ့သည်။

အထူးသဖြင့် ခေတ်အဆက်ဆက် လူငယ်ထုကို နိုင်ငံရေးအာဏာလိုဘ အလို့ငှာ အသုံးချရန် ညွတ်ကွင်းဆင်တတ်သော နိုင်ငံရေးသမားများ၏ ထောင်ချောက်ကို ရှောင်ရှားနိုင်ခဲ့သည်။

သို့တစေ ကျွန်တော်တို့ ရှေ့မျိုးဆက်က လူငယ်အချို့နှင့် ကျွန်တော်တို့နှင့် ခေတ်ပြိုင်မျိုးဆက် လူငယ်အချို့တို့မှာမူ သူတို့၏ နိုင်ငံချစ်သော၊ စူးစမ်းလိုသော၊ စွန့်စားလိုသော၊ တက်ကြွသောလူငယ်ဘာဝ သန္ဓေဗီဇတို့ကို နိုင်ငံရေးသမားများက အသုံးချ၍ တော်လှန်ရေးလမ်းကြောင်းပေါ်သို့ ဆွဲတင်မှုကိုခံခဲ့ကြရရှာသည်။ အချို့ကား ဘဝတင်မက အသက်ပါ ပျက်စီးဆုံးရှုံးသွားခဲ့ရရှာသည်။

ခေတ်တွေသာ ပြောင်းသွားခဲ့လေသည်။ နိုင်ငံရေးသမားအမည်ခံ လူပေါ်လူဇော်တို့၏ အသုံးချခံသက်သက် လူငယ်တို့၏ လားရာကား မပြောင်းလဲခဲ့ချေ။ မော့်က်စ် လီနင်ဝါဒနှင့် အနုပဋိလောမရုပ်ဝါဒတို့အပေါ် နှစ်သက်ယုံကြည်ပြီးတစ်ချိန်က ဗမာပြည်ကွန်မြူနစ်ပါတီထံ တောခိုသွားခဲ့သော တက္ကသိုလ်ကျောင်းသားတို့၏ ရင်နင့်ဖွယ် အတွေ့အကြုံများက သမိုင်းသက်သေပြုလျက်ရှိသည်။

၁၉၆၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်။ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစခန်း၏အချုပ်ခန်းအတွင်း၌ ရန်ကုန်တက္ကသိုလ်ကျောင်းသား တပ်ဦးခေါင်းဆောင်များဖြစ်ကြသည့် ရဲဘော်ဘသန်း၊ ရဲဘော်ထွန်းကျော်(ခ) မောင်စိုးဝင်း(လူထုဦးလှ–ဒေါ်အမာသား)၊ ရဲဘော် ဘိုးသာ၊ ရဲဘော် တင်ဟန်နှင့် ရဲဘော်ခင်ဝင်းတို့ ငါးဦးသည် ထိပ်တုံးနှင့် ခတ်ထားခြင်းကို ခံနေရ၏။ လက်နှင့် ခါးတို့ကိုလည်း နိုင်လွန်ကြိုးများနှင့် ချည်နှောင်ထားသည်။

အချုပ်ခန်းရှေ့တွင် တပ်နီလူငယ်များနှင့် တပ်နီအမျိုးသမီးများသည် ကြွေးကြော်သံများကို အော်ဟစ်၍ အဆက်မပြတ်ကြွေးကြော်နေကြသည်။ "ထွန်းငြိမ်းရဲ့ ကြံရာကြံဖက် ဂိုဏ်းသားတွေကို (သတ်ပစ်)၂။ ထွန်းကျော်ရဲ့ကျောင်းသားတပ်ဦးဝါဒကို (ချေမှုန်းပစ်)၂။ တော်လှန်သော တပ်နီလူငယ်အချို့ကတော့ အချုပ်ခန်းကို ခဲနှင့်ပစ်နေကြသည်။

ဗဟိုစခန်း၏ အချုပ်ခန်းအတွင်း၌ ရဲဘော်ဘသန်း၊ ရဲဘော်ဘိုးသာနှင့် ရဲဘော်ခင်ဝင်းတို့သည် တမှိုင်မှိုင်ဖြစ်နေကြ၏။ တုန်တုန်ချည့်ချည့်ဖြစ်နေကြ၏။ ထမင်းမစား ဟင်းမစားပင်နေကြတော့၏။ အိပ်၍လည်း မပျော်နိုင်ကြတော့ပေ။ မိမိတို့၏ နောက်ဆုံးနေ့ကိုသာ ရင်တမမနှင့် စောင့်မျှော်၍ နေကြလေသည်။ ရဲဘော်ထွန်းကျော်မှာမူ မိမိကိုယ်ကို ပိုင်းဖြတ်ပြီးဟန်တူ၏။ တမှိုင်မှိုင်ဖြစ်၍ မနေချေ။ အချုပ်ခန်းရှေ့၌ ကြွေးကြော်တောင်းဆိုသူများကို စူးစူးစိုက်စိုက်ပင် ကြည့်၍နေလေသည်။

သူတို့အပေါ် ပြည်သူ့တော်လှန်ရေးတရားခုံရုံး သဘာပတိအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တို့၏ စွပ်စွဲချက်နှင့် စွဲဆိုချက်များက များလှပါသည်။ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပြည်သူ့တပ်မတော်အတွင်း၌ အကြီးဆုံး ဂိုဏ်းခွဲရေးလုပ်သော ထွန်းငြိမ်း၊ ထွန်းရှိန် ဂိုဏ်းသားများအဖြစ် စွဲဆိုချက်၊ ဥက္ကဋ္ဌ သခင်သန်းထွန်းအမှူးပြုသော ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်ကို လက်နက်ကိုင်ပုန်ကန်ခြားနားပြီး စင်ပြိုင်ဗဟိုထူထောင်ရာတွင် ထွန်းငြိမ်း၊ ထွန်းရှိန်ဂိုဏ်း၏ မိုက်ဖော်ဆိုးဖက်များအဖြစ် စွဲဆိုချက်စသဖြင့် စွပ်စွဲချက်ပေါင်းများစွာ ပါဝင်လေသည်။ တက္ကသိုလ်ကျောင်းသားများခမျာ သေဒဏ်မှတစ်ပါး အခြားမရှိတော့။

### ရက်ရက်စက်စက် သတ်ဖြတ်

၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် မွန်းလွဲပိုင်းမှာတော့ တပ်နီလူငယ်များနှင့် တပ်နီအမျိုးသမီးတို့က သူတို့ကို ရက်ရက်စက်စက် သတ်ဖြတ်ကြပါတော့သည်။ မသတ်မီ မျက်နှာများကိုတံတွေးများနှင့် ထွေးကြ၊ အော်ကြ ဟစ်ကြ၊ ရိုက်ကြနှက်ကြဖြင့် သူတို့သည် လုပ်သမျှ ပြုသမျှကို မလှုပ်မယှက်ပင် ခံနေကြရလေသည်။ မျက်လုံးအစုံတို့မှ မျက်ရည်များမှာမူ စီးကျ၍နေလေသည်။

ထို့နောက် သူတို့ကိုကြိုတင်တူးထားသော ကျင်းများဆီသို့ ချည်တုပ်ထားသော ကြိုးစများနှင့်ဆွဲ၍ အတင်းဆွဲခေါ်သွားကြသည်။ ရဲဘော်မညွန့်ညွန့် ခေါင်းဆောင်သော အမျိုးသမီးများကလည်း ဝါးရင်းတုတ်များကို မြှောက်၍ မြှောက်၍ ကြွေးကြော်သံများ အော်ဟစ်လျက် နောက်မှကပ်လျက် လိုက်ပါသွားကြသည်။

ပထမဆုံး ရဲဘော်ဘသန်း ဦးခေါင်းကို ဝါးရင်းတုတ်နှင့် တအား လွှဲ၍ ရိုက်ကြ၊ ခါးမြှောင်နှင့်ထိုးကြ၊ လှီးကြဖြတ်ကြပြီးနောက် မညွန့်ညွန့်တို့သည် နှလုံးသွေးနှင့် ခြေဆေးကာ "အောင်ပြီ–အောင်ပြီ" ဟု ကြွေးကြော်နေကြလေသည်။

ရဲဘော်ထွန်းကျော်(ခ)မောင်စိုးဝင်းသည် ကျင်းအနီးသို့ ရောက်သောအခါ မတ်တတ်ရပ်နေရာမှ ပဆစ်တုပ်လျက် ထိုင်ချလိုက်၏။ "ဘယ်လိုသတ်ချင်သလဲ၊ ခေါင်းမော့ရမလား၊ ငုံ့ပေးရမလား" ဟု မေးလိုက်ပြီး လည်တိုင်ကိုမော့၍ ပေးလိုက်သည်။

"အောင်မယ် လူပါးဝလိုက်တာ၊ တို့သတ်ချင်သလို သတ်မှာပေါ့"ဟု ရဲဘော် မခင်ဝင်းသည် ပြောပြောဆိုဆိုပင် လက်တွင်အသင့်ကိုင်ဆောင်ထားသော ဝါးရင်းတုတ်နှင့် ရဲဘော်ထွန်းကျော်၏ လည်မျိုကို တအား လွှဲ၍ ရိုက်ချလိုက်သည်။

ရဲဘော်ဘိုးသာ(ခ)မောင်ကျော်ခင်ကမူ ရင်ကိုကော့လျက် မျက်နှာကိုတင်းပြီးလျှင် "နင်တို့ ငါ့ကိုဘာနဲ့သတ်မလဲ၊ သေနတ်နဲ့သတ်မလား၊ ဓားနဲ့သတ်မလား၊ တုတ်နဲ့သတ်မလား၊ ကြိုက်တာနဲ့သတ်ကြဟေ့"ဟူ၍ အသံပြတ်ပြတ်ဖြင့် အော်ပြောလိုက်၏။

ရဲဘော်ခင်ဝင်းကမူ သခင်သန်းထွန်းအား စိမ်းစိမ်းဝါးဝါးကြည့်လျက် "ဩော်–ဥက္ကဋ္ဌကြီးဆိုတာ ဒါလား၊ ခင်ဗျားသမိုင်းကိုတော့ ဆက်ပြီး လေ့လာကြဦးပေါ့ဗျာ"ဟု ပြောလိုက်၏။ "ဟေ့ကောင် မပြောနဲ့ မပြောနဲ့" ဟု ဆိုကာ ရဲဘော်သက်သည် ရဲဘော်ခင်ဝင်း၏ ပါးစပ်အား အတင်းလိုက်၍ ပိတ်ခိုင်းလိုက်သည်။

ကျင်းအနီးသို့ ရောက်သောအခါတွင် ရဲဘော်ခင်ဝင်းအား တွန်းလှဲလိုက်ကြပြီး ခြေထောက်မှ ဦးခေါင်း၊ ဦးခေါင်းမှခြေထောက် စသည်ဖြင့် ငါးဖယ်တေသကဲ့သို့ ရိုက်သတ်ကြလေသည်။ လည်ချောင်းအား ဓားမြှောင်နှင့် ထိုးစိုက်ကြသည်။ ထွက်၍လာသော လည်ချောင်းသွေးများဖြင့် ခြေဆေးကြပြန်သည်။

သခင်သန်းထွန်း၏ မျက်နှာတွင် အတိုင်းမသိသော ပီတိ၊ ဖော်မပြနိုင်သော ဝမ်းသာမှု၊ အကြည်နူးဆုံးသော ခံစားချက်တို့ကို စုစည်းဖော်ပြလျက် အထူးပင်ပေါ်လွင်၍ နေလေသည်။ တပ်နီအမျိုးသမီးများ၏ "ဥက္ကဋ္ဌကြီး သခင်သန်းထွန်း သက်တော်ရာကျော်ရှည်ပါစေ၊ အောင်ပြီ၊ အောင်ပြီ၊ တို့အောင်ပြီ"ဟူသည့် ကြွေးကြော်သံကား တောအန္တ တောင်အန္တပင် ပဲ့တင်ထပ်၍နေလေတော့သည်။

### လူငယ်များသည် ရှေ့တန်းက ထွက်ပေါ်လာကြ

"ဒီမိုကရေစီ ရရှိရေး – တို့အရေး၊ တို့အရေး"ဟူသည့် ကြွေးကြော်သံများနှင့်အတူ ပေါ်ပေါက်လာသည့် ၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင်လည်း ခေတ်ပြိုင်မျိုးဆက် လူငယ်များသည် ရှေ့တန်းက ထွက်ပေါ်လာကြပြန်သည်။

နိုင်ငံရေးသမားလက်ဟောင်းလက်သစ်တို့ကတော့ ဒီမိုကရေစီရရှိရေးထက် ကြားဖြတ်အစိုးရဖွဲ့စည်းရေးကို ပို၍မျှော်လင့်တောင့်တနေကြသည်။ တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းလိုက်သည့်အခါတွင်မူ သူတို့သည် ပါတီထောင်နိုင်ရေး၊ မှတ်ပုံတင်နိုင်ရေး၊ ရွေးကောက်ပွဲဝင်နိုင်ရေးတို့ဖြင့် အလုပ်များနေကြပြန်ပါသည်။ လှုပ်ရှားတက်ကြွသူလူငယ်အချို့ကတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ သေ့ဘောဘိုး၊ မာနယ်ပလော၊ ပါဂျောင်စသည့် နယ်စပ်စခန်းတွေမှာ ဘဝဆက်လက်ရှင်သန်ရေးအတွက် ပင်ပန်းကြီးစွာ ရုန်းကန်လျက်။

၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့)။ နိုင်ငံတော်၏ ထိုနေ့ထူးနေ့မြတ် အခါသမယဝယ် ABSDF(NB) အဖွဲ့တည်ရှိရာ ကချင်ပြည်နယ် ပါဂျောင်ဒေသ အာဆံကုန်းတွင် မန္တလေးဗကသ ဗဟိုကော်မတီ ဥက္ကဋ္ဌ ထွန်းအောင်ကျော်၊ မန္တလေး/ယူဂျီ တာဝန်ခံဟောင်း၊ ဗဟိုကော်မတီဝင်၊ နိုင်ငံရေးသင်တန်းမှူး ချိုကြီး(ခ)ဖရက်ဒီ အောင်သန်း၊ မခင်ချိုဦး(ရန်ကုန်၊ ကမာရွတ်)အပါအဝင် တောခိုကျောင်းသား ၁၅ ဦးကို လုပ်ဖော်ကိုင်ဖက်အချင်းချင်းက သွေးအေးအေးနှင့် အစုလိုက်အပြုံလိုက် ဓားနှင့်ခုတ်သတ်ခဲ့သည့် ဖြစ်ရပ်က ဖုံးမရဖိမရ ပေါ်ပေါက်လာပြန်ပါသည်။

တောခိုကျောင်းသားများကို စွဲဆိုချက်ကတော့ နဝတစစ်အစိုးရက ABSDF(NB) ထဲတွင် ကြိုတင်မြှုပ်နှံထားသော စစ်ထောက်လှမ်းရေးများ ဟူသည့် စွပ်စွဲချက်ပင်ဖြစ်လေသည်။

*စာမျက်နှာ ၁၁ သို့*

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

---

*စာမျက်နှာ ၁၀ မှ*

ထိုသို့သော ထောက်လှမ်းရေးဟူသည့် စွပ်စွဲချက်ကြောင့်ပင် ABSDF(NB)အဖွဲ့ တည်ရှိရာ ကချင်ပြည်နယ် ပါဂျောင်ဒေသတွင် လုပ်ဖော်ကိုင်ဖက်ချင်း နည်းလမ်းပေါင်းစုံနှင့် နှိပ်စက်ညှဉ်းပန်းခံခဲ့ရသူများ၊ ရက်ရက်စက်စက် သတ်ဖြတ်ခံခဲ့ရသူများ အများအပြားရှိခဲ့သည်။ အချို့လူငယ်ကျောင်းသားများမှာ ပေါက်ပြားဖြင့် ခုတ်သတ်ခံရသည်။ အချို့က နံချပ်ကူဖြင့် မသေမချင်း ရိုက်အသတ်ခံရသည်။ အချို့ကား ဓားနှင့် ခုတ်သတ်ဖြတ်ခြင်း ခံခဲ့ကြရရှာသည်။ စုစုပေါင်း အဖမ်းခံရသူ ၁၀၆ ယောက်အနက် အသက်ရှင်သူ ၇၁ ယောက်၊ သေဆုံးသူ ၃၅ ယောက်ရှိခဲ့သည်။ နောက်ဆုံးတွင် မိမိသဘောဖြင့် အိမ်ပြန်သွားသူ၊ အခြားအဖွဲ့ထံ ခိုလှုံသွားသူ၊ တရုတ်နယ်စပ်တွင် ခိုကပ်လုပ်ကိုင်စားနေသူ၊ ဒုက္ခသည်စခန်းများမှတစ်ဆင့် နိုင်ငံရပ်ခြားသို့ ရောက်ရှိသွားသူများဖြင့် ဇာတ်ခေါင်းကွဲခဲ့ရလေသည်။

### အာဏာရရှိရေးအတွက် အသုံးချ

နိုင်ငံရေးသမားများ၏ မရိုးသားမှု၊ မဲမသမာမှုတို့ကြောင့် နောက်ဆက်တွဲ ပေါ်ပေါက်လာခဲ့သော ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မြန်မာ့နိုင်ငံရေး ပြောင်းလဲမှုဖြစ်စဉ် နောက်ပိုင်းတွင်လည်း အာဏာရပါတီနိုင်ငံရေးသမားများသည် ဖြူစင်ရိုးသားသော၊ တက်ကြွသော၊ စွန့်စားလိုသော လူငယ်ထုကို ၎င်းတို့၏ နိုင်ငံရေးလိုဘအာဏာရရှိရေးအတွက် အသုံးချလာကြပြန်ပါသည်။

နွေဦးတော်လှန်ရေးနှင့် ဂျီဇက်များ၊ ကဗျာဆန်ဆန် အားမာန်ပါသော စကားလုံးများကား ကျွန်တော်တို့လူငယ်ဘဝက ခေတ်ပြိုင်လူငယ်များကို ဆွဲဆောင်ခဲ့သော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) သို့နှယ် လူငယ်ထုကို ညို့ယူဖမ်းစားနိုင်ခဲ့ပါသည်။ ဦးခေါင်းတွင် ဖိုက်ဘာဦးထုပ်၊ လက်ထဲ၌ဒိုင်းကာနှင့် လူငယ်စတိုင် တီရှပ်၊ ဂျာကင်၊ ဘောင်းဘီတွဲဖက်ညီစွာ ဝတ်စားဆင်ယင်ထားသော ဂျီဇက်ကလေးများသည် ဟောင်ကောင်ဆန္ဒပြ လှုပ်ရှားမှုဖြစ်စဉ်ကဲ့သို့ပင် ကမ္ဘာကျော်သွားခဲ့သည်။

သို့ရာတွင် လူငယ်ထုအတွင်း၌ အဝတ်အစားတွေ၊ ကြွေးကြော်သံတွေသာ ပြောင်းလဲသွားပါမည်။ မပြောင်းလဲသည့် အတွင်းသားက ပါးနပ်သော၊ ကောက်ကျစ်သော နောက်ကွယ်က နိုင်ငံရေးသမား အမည်ခံကိုယ်ကျိုးရှာ အာဏာရူးများ၏ လူငယ်ထုအပေါ် အသုံးချမှု။ သူတို့သည် မင်းသားကြီးမလုပ်ရ ပတ်မကြီးထိုးဖောက်၊ မစားရသည့် အမဲ သဲနှင့်ပက်သည့်အလား လူငယ်အချို့ကို အကြမ်းဖက်သမားများအဖြစ် တဖြည်းဖြည်း ပုံဖော်သွတ်သွင်းလာခဲ့ကြသည်။

ပြီးခဲ့သည့် လွှတ်တော်သက်တမ်း ငါးနှစ်အတွင်း လွှတ်တော်ထဲ၌ လက်ညှိုးထောင် ခေါင်းညိတ်၊ မလုပ်၊ မရှုပ်၊ မပြုတ်ထိုင်နေခဲ့ကြသည့် အာဏာရပါတီ လွှတ်တော်ကိုယ်စားလှယ်အများစုသည် အာဏာလက်မဲ့ဘဝတွင်မူ ခြေသွက်လက်သွက်ဖြင့် အကြမ်းဖက်မှုများကို ကျည်ကွယ် မျက်ကွယ်ရာ လွတ်မြောက်နယ်မြေများမှ ကြိုးကိုင်စီမံကြလေတော့သည်။ လူငယ်အချို့ကို တိုင်းရင်းသားလက်နက်ကိုင်နယ်မြေအချို့သို့ စေလွှတ်၍ ဖောက်ခွဲရေးနည်းသင်တန်းများသို့ တက်ရောက်စေခဲ့သည်။ သင်တန်းပြီးလျှင် မြို့ကြီးများတွင် အကြမ်းဖက်ဖောက်ခွဲရန် ညွှန်ကြားသည်။ အမြင်မတူသူများကို လုပ်ကြံ သတ်ဖြတ်စေခြင်းမှအစ အကြမ်းဖက်မှုမျိုးစုံကိုစေခိုင်းလေသည်။

### အကြမ်းဖက်သမားများဖြစ်မှန်းမသိ ဖြစ်လာ

ဤသို့ဖြင့် စွန့်စားလိုစိတ်၊ စူးစမ်းလိုစိတ် လူငယ်ဗီဇရှိကြသူ လူငယ်အချို့သည် သူတို့ကိုယ်၌ မသိလိုက်မသိဘာသာ အကြမ်းဖက်သမားများဖြစ်မှန်းမသိ ဖြစ်လာခဲ့ကြသည်။ အချို့က တိုင်းရင်းသားလက်နက်ကိုင်စခန်းအချို့တွင် ပင်ပန်းကြီးစွာ ရုန်းကန်ရလျက်၊ အချို့ကား အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် တရားဥပဒေအရ အရေးယူမှုကို ခံယူကြရပြီး လူငယ်ဘဝပျောက်ဆုံးလျက်၊ အနာဂတ်မဲ့လျက်။ အချို့က သေဆုံးခဲ့ကြရသည်အထိ ပေးဆပ်ခဲ့ကြရသည်။ သူတို့ကိုစေခိုင်းသူ၊ လှုံ့ဆော်သူ နောက်ကွယ်မှ ဆရာကြီး အများစုကမူ အန်ကယ်ဆမ်တို့ နေရပ်တွင် မိသားစုလိုက် ဘဝသစ်ကို အခြေချတည်ဆောက်လျက်။ လူငယ်ထုဟာ ခေတ်အဆက်ဆက် အသုံးချခံ သက်သက်လေလား။

"သူတို့မွေးဖွားလာသော မြန်မာနိုင်ငံသည် ကမ္ဘာ့မိသားစုဝင်အဖြစ် တင့်တယ်လျက်ရှိပြီ။ ကမ္ဘာသည်လည်း အဝေးကြီးမဟုတ်တော့။ အိမ်ပေါက်ဝမှာ ရှိနေသည်။ ထို့ကြောင့် ယခုခေတ်လူငယ်များ အမြင်ကျယ်သည်။ အတုယူလွယ်သည်။ အကောင်းအတုယူတတ်သလို အဆိုးကိုလည်း ယူတတ်သည်။ တစ်နေ့တွင် အကောင်းအဆိုး ခွဲခြားသိမြင်၍ သူတို့ဆင်ခြင်ကြလိမ့်မည်။ ကျွန်တော်တို့က သူတို့အတွက် ဆုံးဖြတ်ပေးရန် မလွယ်ချေ" ဟူသော ဒေါက်တာမောင်မောင်၏ "သားမောင်စစ်သည်သို့" စာအုပ်ပါ အတွေးအမြင်များအတိုင်း ကျွန်တော်တို့အဘိုးကြီးများက သူတို့အတွက် ဆုံးဖြတ်ပေးရန် မလွယ်ချေ။ တစ်နေ့တွင် အကောင်းအဆိုးခွဲခြားသိမြင်၍ သူတို့ဆင်ခြင်ကြလိမ့်မည်ဟု မျှော်လင့်ရင်းဖြင့် ...။ ။

**ဤသို့ဖြင့် စွန့်စားလိုစိတ်၊ စူးစမ်းလိုစိတ် လူငယ်ဗီဇရှိကြသူ လူငယ်အချို့သည် သူတို့ကိုယ်၌ မသိလိုက်မသိဘာသာ အကြမ်းဖက်သမားများဖြစ်မှန်းမသိ ဖြစ်လာခဲ့ကြသည်။ အချို့က တိုင်းရင်းသားလက်နက်ကိုင်စခန်းအချို့တွင် ပင်ပန်းကြီးစွာ ရုန်းကန်ရလျက်၊ အချို့ကား အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် တရားဥပဒေအရ အရေးယူမှုကို ခံယူကြရပြီး လူငယ်ဘဝပျောက်ဆုံးလျက်၊ အနာဂတ်မဲ့လျက်။ အချို့က သေဆုံးခဲ့ကြရသည်အထိ ပေးဆပ်ခဲ့ကြရသည်။ သူတို့ကိုစေခိုင်းသူ၊ လှုံ့ဆော်သူ နောက်ကွယ်မှ ဆရာကြီး အများစုကမူ အန်ကယ်ဆမ်တို့ နေရပ်တွင် မိသားစုလိုက် ဘဝသစ်ကို အခြေချတည်ဆောက်လျက်။ လူငယ်ထုဟာ ခေတ်အဆက်ဆက် အသုံးချခံ သက်သက်လေလား။**

# ကိုဗစ်-၁၉ ကာကွယ်ဆေးကို အခွင့်အရေးရရင်ရသလို လူတိုင်းထိုးထားသင့်ပါတယ်။ ပြည်သူတွေအားလုံး ထိုးနှံခွင့်ရပြီဆိုရင် ဒီရောဂါကို ထိန်းချုပ်နိုင်မယ်

ကိုရန်နိုင်ထွန်း

**ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်များ၌ စုရပ်များခွဲ၍ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိရာ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသူများ၏ စကားသံများကို မေးမြန်းဖော်ပြလိုက်ရပါသည်။**

**ဒေါ်အေးမွှန်စီ(သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

ရောဂါကူးစက်မှုခံရတဲ့အခါ ဆေးမထိုးရသေးတဲ့ သူတွေနဲ့ ဆေးထိုးပြီးသားသူတွေနဲ့ယှဉ်ရင် ဆေးထိုးပြီးသားသူတွေက ခံနိုင်ရည်ရှိတယ်။ ဆေးမထိုးရသေးတဲ့သူတွေက တော်တော်ကလေး ခံစားရတယ်။ တချို့ဆို အသက်ဆုံးရှုံးရတဲ့အထိ ခံစားရတယ်။ ဆေးထိုးပြီးသူတွေက အသက်ဆုံးရှုံးမှုနည်းတယ်။ အခု ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးပြီးပြီ။ ဓာတ်မတည့်တာ၊ တခြားနာကျင်ခံစားရတာတော့ မရှိဘူး။ အားလုံးပုံမှန်ပါပဲ။ ကာကွယ်ဆေးမထိုးရသေးတဲ့ အချိန်တွေမှာရော၊ ကာကွယ်ဆေးထိုးပြီးတဲ့အချိန်တွေမှာရော နေတာထိုင်တာ၊ သွားတာလာတာကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ လမ်းညွှန်ချက်တွေနဲ့အညီ နေထိုင်ပါတယ်။

ကာကွယ်ဆေးထိုးပြီးမှ ကူးစက်ခံရတာ ကျွန်မတို့ အသိထဲမှာရှိပါတယ်။ အသိတစ်အိမ်သားလုံး ကူးစက်ခံရတယ်။ သူတို့က ဝန်ထမ်းတွေဆိုတော့ အလုပ်သွားလာတာကနေစပြီး ပါလာတာထင်တယ်။ ဒါပေမယ့် အိမ်သားတွေ အကုန်လုံးက ကာကွယ်ဆေးထိုးပြီးသားတွေဆိုတော့ နေမကောင်းခဏဖြစ်ပြီး ပြန်ကောင်းသွားကြတယ်။ အဲဒါကြောင့် ကာကွယ်ဆေးထိုးနှံတာ အကောင်းဆုံးပါ။ ကျွန်မ အစ်ကိုတစ်ယောက်ကျတော့ ဆေးမထိုးထားရသေးတဲ့အတွက် ကူးစက်ခံရတဲ့အခါ အတော်ခံလိုက်ရတယ်။ အသက်ဆုံးရှုံးပြီလို့တောင် ထင်ထားတာ။ ကံကောင်းလို့ အသက်မသေခဲ့ဘူး။ အဲဒါကြောင့် ကိုယ့်ဆွေမျိုး၊ မိတ်ဆွေ၊ အပေါင်းအသင်းတွေ အားလုံးကို ကာကွယ်ဆေးထိုးနှံဖို့ တိုက်တွန်းပါတယ်။ အခုထိုးပေးတဲ့ ကာကွယ်ဆေးတွေက ဈေးကြီးတယ်ကြားတယ်။ နောက်ပြီး အပြင်မှာ ထိုးမယ်ဆို အတု၊ အစစ်ပြဿနာက ရှိသေးတယ်။ အခု နိုင်ငံတော်အစိုးရက အခမဲ့ထိုးနှံပေးတော့ အားလုံးကာကွယ်ဆေးထိုးနှံသင့်ပါတယ်။

**မနန်းရွှေလီ (ပညာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

အခုထိုးပေးတဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးက ရောဂါဖြစ်ပွားမှုကနေ ၇၀ ရာခိုင်နှုန်းကနေ ၈၀ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်တယ်ဆိုတာ သိထားတယ်။ ကျွန်မတို့ ပတ်ဝန်းကျင်မှာလည်း ကိုဗစ်-၁၉ ဖြစ်တဲ့သူတွေ ရှိပါတယ်။ သူတို့ ကိုဗစ်-၁၉ ရောဂါဖြစ်တဲ့အချိန်မှာ ကာကွယ်ဆေးထိုးနှံထားတဲ့ အတွက် ပြင်းထန်စွာခံစားရတာမရှိဘဲ သာမန် လက္ခဏာလောက်ပဲ ခံစားရတယ်လို့ ပြောပါတယ်။ ကာကွယ်ဆေးထိုးနှံထားခြင်းက မိမိရဲ့အသက်ကို သေဆုံးခြင်းကနေ အမှန်တကယ် ကာကွယ်ပေးတဲ့ အပြင် ကိုယ့်ရဲ့မိသားစု ၊ ကိုယ်နေထိုင်တဲ့ ပတ်ဝန်းကျင်အတွက် လုံခြုံတယ်လို့ ခံစားရပါတယ်။ ဆေးထိုးထားတော့ ရောဂါကူးစက်မှု နည်းလာမယ်။ အခုလို ကာကွယ်ဆေးထိုးပြီးပြီဆိုပေမယ့်လည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကာကွယ်ရေးနည်းလမ်းတွေကိုတော့ ဆက်လက် လိုက်နာသွားရမှာပါ။ နိုင်ငံတော်အနေနဲ့ ကိုဗစ် -၁၉ ကာကွယ်ဆေးကို အသက် ၁၈ နှစ်ပြည့်ပြီး ပြည်သူတွေကို ပြည်ပကနေ ဝယ်ယူထားတဲ့ ကာကွယ်ဆေး ရောက်ရှိတဲ့ အရေအတွက်အပေါ် မူတည်ပြီး ဆက်လက်ထိုးနှံပေးမယ်လို့ သိရပါတယ်။ ဒါကြောင့် ကိုဗစ်ကာကွယ်ဆေး မထိုးရသေးတဲ့ ပြည်သူတွေ အနေနဲ့ ဆေးထိုးနှံဖို့ အခွင့်အရေးရပြီဆိုတာနဲ့ အမြန်ဆုံးလာရောက်ထိုးနှံကြပါလို့ တိုက်တွန်းချင်ပါတယ်။


ကိုရန်နိုင်ထွန်း


ဒေါ်ကျင်လွှမ်း


ကိုဇော်မင်းသိန်း

**ဦးလှသန်း(ပညာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

ကိုဗစ်ကာကွယ်ဆေး နှစ်ကြိမ်မြောက် ထိုးနှံပြီး ပါပြီ။ ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး အဘတို့ ပတ်ဝန်းကျင်မှာ ကူးစက်တာမရှိသေးဘူး။ ကိုဗစ်ရောဂါ လက္ခဏာတွေကိုတော့ နိုင်ငံပိုင်သတင်းစာတွေ၊ ရုပ်မြင်သံကြားတွေကတစ်ဆင့် နေ့စဉ်အသိပညာ ပေးနေတော့ သိတယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးထားရင် ကူးစက်ခံခဲ့ရင်တောင် ခံနိုင်ရည်ရှိတယ် ဆိုတာသိရတော့ ဆေးထိုးထားတာ ပိုလုံခြုံတယ်လို့ ယုံကြည်ပြီး ဆေးထိုးဖြစ်တာပါ။ အဘ အသက်က ၇၀ ကျော်နေပြီဆိုတော့ ကူးစက်ခံရမှာ ကြောက်တာပေါ့။ အသက်ကကြီးပြီဆိုတော့ သွေးတိုး၊ ဆီးချိုတော့ ရှိတယ်။ ဒါပေမယ့် အခုကာကွယ်ဆေးအပြည့်အဝ ထိုးနှံပြီးပြီဆိုတော့ စိတ်လုံခြုံသွားတယ်။ အခု ကာကွယ်ဆေးကလည်း ၇၀ ရာခိုင်နှုန်းကျော်အထိ ကိုဗစ်ကို ကာကွယ်ပေးနိုင်တယ်လို့ သိထားတယ်။ အခုက အသက် ၆၅ နှစ် အထက်တွေကိုပဲ ကာကွယ် ဆေးထိုးပေးတဲ့အတွက် ကျန်တဲ့မိသားစုဝင်တွေက အသက်ငယ်တဲ့အတွက် ဆေးမထိုးရသေးဘူး။ သူတို့ကိုလည်း ဆေးထိုးနှံစေချင်တယ်။ ဆေးမထိုးရသေးတဲ့ ပြည်သူတွေအနေနဲ့ ဆေးထိုးနှံရမှာကို မကြောက်ကြပါနဲ့၊ ဆေးထိုးတာက နာလည်းမနာဘူး၊ ရောဂါအခံ ရှိ၊ မရှိနဲ့ တည့်၊ မတည့် သေချာစမ်းသပ်ပြီးမှ ထိုးတာဆိုတော့ စိတ်ချရပါတယ်။ ဆေးထိုးနှံပေးတဲ့ နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါတယ်။


ဒေါ်အေးမွှန်စီ


မနန်းရွှေလီ


ဦးလှသန်း

**ကိုရန်နိုင်ထွန်း**
**(သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

ကာကွယ်ဆေးထိုးတာက မိမိကိုယ်ကို ကာကွယ်ပြီးသားလည်းဖြစ်တယ်၊ လုံခြုံမှုလည်း ရှိသွားတယ်လို့ ခံစားရတယ်။ ဒ့ါပြင် ကိုယ့်မိသားစုကိုလည်း ကာကွယ်ပေးပြီးသားဖြစ်တဲ့အတွက် လာရောက် ထိုးနှံတာဖြစ်တယ်။ ကျွန်တော်က ပုဂ္ဂလိက ဝန်ထမ်းပါ။ ပတ်ဝန်းကျင်မှာ ကိုဗစ်-၁၉ ရောဂါဖြစ်တဲ့သူတွေ ရှိတယ်။ ဆေးမထိုးရသေးတဲ့သူတွေက ဆေးထိုးပြီးသားသူတွေနဲ့စာရင် ပိုခံစားရတယ်၊ ရောဂါပြင်းထန်တာကို သတိထားမိတယ်။ ဆေးထိုးပြီးသားသူတွေက ကူးစက်ခံရရင်တောင် ခံနိုင်ရည်ရှိတာ သတိထားမိတယ်။ ဒါကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အခွင့်အရေးရရင်ရသလို လူတိုင်းထိုးထား သင့်ပါတယ်။ ပြည်သူတွေအားလုံး ထိုးနှံခွင့်ရပြီဆိုရင် ဒီရောဂါကို ထိန်းချုပ်နိုင်မယ်။ အခုချိန်မှာ နိုင်ငံတော်အစိုးရက ဦးစားပေးအုပ်စုအလိုက် ထိုးပေးနေတာဆိုတော့ အားလုံးတော့ မထိုးနှံရသေးဘူး။ အစိုးရအနေနဲ့ အခုလို ပုဂ္ဂလိကဝန်ထမ်းတွေကိုပါ အခမဲ့ထိုးနှံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ရောဂါမြန်မြန်ပျောက်ကင်းအောင် မထိုးရသေးတဲ့ သူတွေကိုလည်း အကုန်ထိုးနှံပေးစေချင်ပါတယ်။

**ဒေါ်ကျင်လွှမ်း**
**(ဧယျာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

အဘွားက အသက် ၈၀ ကျော်ပြီ။ အခု ဆေး နှစ်ကြိမ်မြောက် လာရောက်ထိုးနှံတာပါ။ ကာကွယ်ဆေးနှစ်ကြိမ်စလုံး အပြည့်အဝ ထိုးနှံပြီးပြီဆိုတော့ ဝမ်းသာပါတယ်။ အခု နိုင်ငံတော်က ထိုးနှံပေးတဲ့ ကာကွယ်ဆေးတွေကို ထိုးဖြစ်အောင် ထိုးကြပါလို့ ဆေးမထိုးရသေးတဲ့ ပြည်သူတွေကို တိုက်တွန်းချင်တယ်။ ဆေးထိုးပြီးရင်တော့ ဘာဖြစ်ဖြစ် အကာအကွယ် ရထားတာပေါ့။ ကျန်းမာမှ ဘုရား၊ တရားနဲ့ ကုသိုလ်ကောင်းမှုတွေ လုပ်နိုင်မှာပါ။ အဘွားတို့လို သက်ကြီးရွယ်အိုတွေကို ဆေးထိုးနှံခွင့်ပြုပေးတဲ့အတွက် ကျေးဇူးတင်တယ်။ သူတို့လည်း ကုသိုလ်ရတာပေါ့။

**ကိုဇော်မင်းသိန်း(ဌာနဆိုင်ရာဝန်ထမ်း)**

ကျွန်တော်က ကိုဗစ်ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံပြီးပြီ။ ဆေးထိုးထားတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတယ်။ တကယ်လို့ ရောဂါကူးစက်ခံရရင်တောင် ခံနိုင်ရည်ရှိမယ်ဆိုတာ ယုံကြည်တယ်။ လူငယ်ဆိုတော့ လွတ်လပ်မှုကိုကြိုက်တယ်။ အခုလို ကိုဗစ်ရောဂါတွေဖြစ်နေတော့ ခရီးလည်းမထွက်ရတာကြာပြီ။ အစိုးရကလည်း ပြည်သူတွေ ကောင်းစေချင်လို့ ခရီးသွားလာခွင့်တွေ၊ Stay Home တွေ လုပ်တယ်လို့ မြင်ပါတယ်။ ကျွန်တော်တို့တွေ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ စည်းမျဉ်းတွေအတိုင်းလည်း သွားလာနေထိုင်မယ်။ တစ်ဖက်က ကာကွယ်ဆေးတွေ ပြည်သူတွေအားလုံး ထိုးနှံပြီးကြပြီဆိုရင် အရင်လိုပဲ ခရီးတွေထွက်နိုင်မယ်၊ အဝေးရောက် သူငယ်ချင်းတွေ ပြန်လည်ဆုံဆည်းခွင့် ရမယ်လို့ ယုံကြည်တယ်။ ဒါကြောင့် အခုအချိန်မှာ ကျန်းမာရေးလမ်းညွှန်ချက်တွေနဲ့ နေထိုင်ပြီး ကာကွယ်ဆေးထိုးနှံကြပါလို့ တိုက်တွန်းပါတယ်။

**တွေ့ဆုံမေးမြန်း - ဟန်မင်း**
**ဓာတ်ပုံ- ကိုထိန်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှတင်သွင်းနိုင်ရေး ပိတ်ရက်မရှိဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို အများပြည်သူ ရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေး ကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်နှင့် မြဝတီကုန်သွယ်ရေးစခန်း သုံးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၁၃ ခုမှ ယာဉ်စီးရေ ၂၂ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ် နှစ်စီးဖြင့် ၃၈ တန်၊ အောက်ဆီဂျင်(အရည်) အိုးဖြင့် ၁၀ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၁၇၄၀ ၊ Oxygen Plant ခြောက်ခု၊ Oxygen Generator နှစ်ခု၊ အိမ်သုံး Oxygen Concentrator ၄၅၇ ခု၊ PPE ဝတ်စုံ ၇၆၀ ၊ လက်အိတ် ၁၂ တန်နှင့် နှာခေါင်းစည်း (Mask) ၃၇ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည်(Bowser) ယာဉ်နှစ်စီးမှာ မော်လမြိုင်မြို့နှင့် ရန်ကုန်မြို့တို့သို့ဖြစ်ပြီး Oxygen Plant ခြောက်ခုမှာ ရန်ကုန်မြို့သို့ လေးခု၊ မြင်းမူမြို့နှင့် မန္တလေးမြို့သို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအမှုဆောင် ပြန်လည်ရွေးချယ်ဖွဲ့စည်းမှုများ ပြုလုပ်ရန် ဂျပန်ဝန်ကြီးချုပ် ဆူဂါ စီစဉ်

**တိုကျို စက်တင်ဘာ ၂**

ယခုလနှောင်းပိုင်းတွင် ကျင်းပပြုလုပ်မည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်မှုနေရာ ယှဉ်ပြိုင်မှုမတိုင်မီ ဂျပန်ဝန်ကြီးချုပ် ဆူဂါ ယိုရှီဟိဒဲက လာမည့်သီတင်းပတ်တွင် ၎င်း၏လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အမှုဆောင်များကို ပြန်လည်ရွေးချယ်ဖွဲ့စည်းမှုများ ပြုလုပ်ရန် စီစဉ်ထားသည်။

စက်တင်ဘာလလယ်တွင် အောက်လွှတ်တော်ကို ဖျက်သိမ်းကောင်းဖျက်သိမ်းမည်ဆိုသည့် ခန့်မှန်းတွက်ချက်မှုကို စက်တင်ဘာ ၁ ရက်က ဆူဂါက ပယ်ချခဲ့ပြီး လျှပ်တစ်ပြက်အထွေထွေရွေးကောက်ပွဲအတွက် တောင်းဆိုလိုက်သည်။

ထိပ်တန်းဦးစားပေးကိစ္စသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ကိုင်တွယ်ဖြေရှင်းရန်ပင်ဖြစ်ကြောင်း၊ ယခုလို ဆိုးရွားစွာဖြစ်ပေါ်နေသည့် အခြေအနေများအောက်တွင် လွှတ်တော်ကို ဖျက်သိမ်းရန်ဆိုသည်မှာ လုံးဝမဖြစ်နိုင်ကြောင်း ဆူဂါက ပြောကြားလိုက်သည်။

လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ ဥက္ကဋ္ဌနေရာ ရွေးကောက်တင်မြှောက်ခြင်းကို သူ့အနေဖြင့် ရှေ့ဆိုင်းကောင်းရှေ့ဆိုင်းမည်ဟူသည့် ဖြစ်နိုင်ခြေများကိုလည်း ပယ်ချလိုက်သည်။ ဥက္ကဋ္ဌနေရာယှဉ်ပြိုင်မှုအတွက် စည်းရုံးလှုံ့ဆော်ခြင်းများကို စက်တင်ဘာ ၁၇ ရက်တွင် စတင်မည်ဖြစ်ပြီး မဲပေးရွေးချယ်ခြင်းများကို စက်တင်ဘာ ၂၉ ရက်တွင် ပြုလုပ်ရန် စီစဉ်ထားသည်။

ခေါင်းဆောင်နေရာ ရွေးကောက်ပွဲရက်ရွှေ့ဆိုင်းခြင်းဆုံးဖြတ်ချက်သည် ပြည်သူ့ထောက်ခံမှုကို ရရှိလိမ့်မည်မဟုတ်သည့်အတွက် ပါတီအဖွဲ့ဝင်အများစုက ဆူဂါ၏ မှတ်ချက်ပြုပြောစကားများသည် ယုတ္တိဆန်ကြောင်း ပြောသည်။

အထူးအဖွဲ့၏အစည်းအဝေးတွင် အတည်ပြုကြောင်း ထောက်ခံချက်ရရှိပြီးနောက် လာမည့်သီတင်းပတ် တနင်္လာနေ့မတိုင်မီ ပါတီအမှုဆောင်နေရာ အပြောင်းအလဲများ ပြုလုပ်သွားရန် ဆူဂါက စီစဉ်ထားသည်။

ဆူဂါက အတွင်းရေးမှူးချုပ်အဖြစ် ပါတီသမိုင်းတွင် သက်တမ်းအကြာဆုံး ငါးနှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့သည့် နီကိုင်တိုရှီဟီရိုကို အပြောင်းအလဲလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ



ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟိဒဲ

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၃၂၈၅၇၉၃၇ ဦးအထိ ရောက်ရှိလာ

**နယူးဒေလီ စက်တင်ဘာ ၂**

အိန္ဒိယနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၇၀၉၂ ဦးအပါအဝင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၂၈၅၇၉၃၇ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၅၀၉ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၃၉၅၂၉ ဦးအထိ ရောက်ရှိလာခဲ့သည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်တွင် တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူနှင့် သေဆုံးသူအများဆုံးနေ့တစ်နေ့ဖြစ်ခဲ့သည်။ နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၃၈၉၅၈၃ ဦးရှိသည်။ ယခုအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၃၂၀၂၈၈၂၅ ဦးရှိလာပြီဖြစ်သည်။

ဆင်ဟွာ

## အာဖရိက၌ ကိုဗစ်-၁၉ လူနာပေါင်း ၇ ဒသမ ၇၈ သန်းကျော်ရှိ

**အဒစ်အဘာဘာ စက်တင်ဘာ ၂**

အာဖရိကတွင် စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၇၇၈၆၁၀၄ ဦး ရောက်ရှိလာခဲ့ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်းမှာ ၁၉၆၂၄၃ ဦး ရှိလာပြီဖြစ်ကြောင်းနှင့် ၆၉၄၁၈၁၅ ဦးမှာ ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွင် တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ဒုတိယကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဖြစ်သည်။

ဆင်ဟွာ

## ဆီးရီးယားနိုင်ငံတောင်ပိုင်း၌ လက်နက်ကိုင်သူပုန်များ ဆီးရီးယားအာဏာပိုင်များထံ လက်နက်ချအညံ့ခံ

**ဒမတ်စကတ် စက်တင်ဘာ ၂**

လက်နက်ကိုင်သူပုန်များ ဆီးရီးယားအာဏာပိုင်များထံ လက်နက်ချအညံ့ခံပြီးနောက် ဆီးရီးယားနိုင်ငံတောင်ပိုင်း ဒါရာပြည်နယ်တွင် ဖြစ်ပေါ်နေသော တင်းမာမှုများကို လျှော့နည်းစေရန် သဘောတူညီမှုတစ်ခု စက်တင်ဘာ ၁ ရက်က စတင်သက်ဝင်ခဲ့ကြောင်း နိုင်ငံပိုင် ဆာနားသတင်းအေဂျင်စီနှင့် စစ်စောင့်ကြည့်အဖွဲ့က ပြောခဲ့သည်။



ဆီးရီးယားနိုင်ငံတောင်ပိုင်း ဒါရာပြည်နယ် ဒါရာအယ်လ်ဘာလက်ဒေသတွင် တပ်ဖြန့်ထားသော ရုရှားတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ဒါရာအယ်လ်ဘာလက် ဒေသမှ လက်နက်ကိုင်အတော်များများ ဆီးရီးယား အာဏာပိုင်များနှင့် နှစ်ဦးနှစ်ဖက်ညှိနှိုင်းမှုများ လုပ်ဆောင်ပြီးနောက် အဆိုပါပြည်နယ်တွင် လအတန်ကြာဖြစ်ပွားနေသော တင်းမာမှုများကို အဆုံးသတ်ရန် ရုရှားကြားဝင်စေ့စပ်မှု သဘောတူညီချက်သစ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ၎င်းတို့၏ လက်နက်များကို လွှဲပြောင်းပေးအပ်ခဲ့သည်။

လက်နက်ကိုင်အဖွဲ့များ၏ လက်နက်များ လွှဲပြောင်းပေးအပ်ပွဲကို အယ်လ်အာဘာအင်းတွင် ပြုလုပ်ခဲ့သည်။ လက်နက်များ လွှဲပြောင်းပေးအပ်ခြင်းသည် ဆီးရီးယားစစ်တပ်ကို နယ်မြေပြန်လည်စိုးမိုးစေရန်အတွက် လမ်းခင်းပေးလိုက်သကဲ့သို့ဖြစ်သည်။

သဘောတူညီချက်သစ်ကို အကောင်အထည်ဖော်ရန် ရုရှားတပ်ဖွဲ့ဝင်များကို ဆီးရီးယားလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ဒါရာသို့ စတင်ဝင်ရောက်လာခြင်းမှ အစပြုကာ ရုရှားကြားဝင်စေ့စပ်မှု သဘောတူညီချက်သစ်သည် စက်တင်ဘာ ၁ ရက်က စတင်အသက်ဝင်ခဲ့ကြောင်း လူ့အခွင့်အရေးဆိုင်ရာ ဆီးရီးယား အတိုက်အခံအုပ်စုက ပြောကြားသည်။

ဆင်ဟွာ

# နယူးယောက်စီးတီး၌ မိုးသက်မုန်တိုင်းများကျရောက်ပြီး ရေကြီးမှုကြောင့် ကိုးဦးသေဆုံး



နယူးယောက်စီးတီးတစ်နေရာတွင် ရေကြီးနစ်မြုပ်နေသည်ကို တွေ့ရစဉ်။

**နယူးယောက်စီးတီး စက်တင်ဘာ ၂**

ဟာရီကိန်းမုန်တိုင်း အိုင်ဒါသည် အမေရိကန် အရှေ့မြောက်ပိုင်းကို တိုက်ခတ်သွားပြီးနောက် စက်တင်ဘာ ၁ ရက်က နယူးယောက်စီးတီးနှင့် နယူးဂျာစီအပါအဝင် အနီးဝန်းကျင်ဒေသများကို တိုက်ခတ်ခဲ့ရာ မိုးသက်မုန်တိုင်းများကျရောက်ပြီး ရေကြီးလွှမ်းမိုးခဲ့ရာ လူကိုးဦး သေဆုံးခဲ့သည်။

နယူးယောက်စီးတီးတွင် မိုးရေချိန်သည် တစ်နာရီအတွင်း ၇၆ ဒသမ ၂ မီလီမီတာကျော် တိုင်းတာရရှိပြီးနောက် အဆောက်အအုံပေါင်းများစွာနှင့် မြေအောက်ရထားလိုင်းများ ရေကြီးနစ်မြုပ်ခဲ့သည်။

မြို့တွင်းအရေးပေါ် ကြေညာခြင်းကို စက်တင်ဘာ ၁ ရက် ညက ပြုလုပ်ခဲ့ကြောင်း နယူးယောက်မြို့တော်ဝန် ဘီလ်ဒီဘလာစီယိုက ပြောခဲ့သည်။ စံချိန်ကျိုးမိုးရေချိန်၊ ရေကြီးနစ်မြုပ်မှုများ၊ အချိန်မရွေးဖြစ်ပေါ်လာနိုင်သော အန္တရာယ်များနှင့်အတူ မိမိတို့သည် သမိုင်းတွင်မည့် ရာသီဥတုဖြစ်စဉ်ကို ကြုံကြုံခံသွားမည်ဖြစ်ကြောင်း မြို့တော်ဝန်က ပြောခဲ့သည်။

ရေကြီးနစ်မြုပ်မှုကြောင့် ဟာလန်းမြစ်ကားလမ်းမကြီးတစ်လျှောက် လမ်းများပိတ်ထားရကြောင်း နယူးယောက်စီးတီး အရေးပေါ်စီမံခန့်ခွဲရေးဌာနက တွစ်တာတွင် ဖော်ပြထားသည်။

ဒေသအစိုးရက မြို့တော်အတွင်း ရေကြီးနစ်မြုပ်မှုများကြောင့် ပျက်စီးဆုံးရှုံးမှုများကို ထုတ်ပြန်ဖော်ပြခြင်း မရှိသေးပေ။

ထို့အပြင် အမျိုးသားမိုးလေဝသဌာနက စက်တင်ဘာ ၁ ရက်က အနောက်အလယ်ပိုင်း ဆက်ဖ်ဖော့ခ်ကောင်တီအတွက် လေဆင်နှာမောင်း သတိပေးချက်ထုတ်ပြန်ခဲ့ပြီး ပင်ဆယ်လ်ဗေးနီးယား၊ နယူးဂျာစီ၊ ဝက်စ်ဗာဂျီးနီးယား၊ မာရီလန်း၊ ဒလာဝယ်နှင့် တခြားပြည်နယ်များတွင် ရုတ်တရက် ရေကြီးနိုင်မှုအန္တရာယ်များကို သတိပေးချက် ထုတ်ပြန်ခဲ့သည်။

**စီအင်န်အင်န်၊ ဆင်ဟွာ**

# ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDPs စခန်း၌ ခိုလှုံနေသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံ

**ကျောက်ဖြူ စက်တင်ဘာ ၂**
ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDPs စခန်းတွင် ခိုလှုံနေကြသည့် ပြည်သူများကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက ကျန်းမာရေးဌာနမှ ဝန်ထမ်းများက အဆိုပါစခန်းသို့ သွားရောက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား ဒုတိယအကြိမ်မြောက် ပြန်လည်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများက ကာကွယ်ဆေးလာရောက်ထိုးနှံသူများအား စာရင်းမှတ်တမ်းရေးသွင်း ကောက်ယူခြင်းများကို ဆောင်ရွက်ပေးပြီး ကျောက်ဖြူမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း





တို့ကို စနစ်တကျဆောင်ရွက်ပေးကာ ပုံမှန်အခြေအနေရှိသူများသာ ကာကွယ်ဆေးများ ထိုးနှံပေးသည်။

ကျောက်ဖြူမြို့နယ်၌ အဆိုပါခိုလှုံရာစခန်းနေပြည်သူများကို ဩဂုတ် ၄ ရက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ပထမအကြိမ် စတင်ထိုးနှံပေးထားပြီးဖြစ်ကာ ဒုတိယအကြိမ်အဖြစ် စက်တင်ဘာ ၂ ရက်တွင် ဆက်လက်ထိုးနှံပေးခြင်းဖြစ်ကြောင်း၊ယနေ့တွင် ကာကွယ်ဆေး လာရောက်ထိုးနှံသူ ၁၂ ဦး ရှိကြောင်းနှင့် ၎င်းစခန်းတွင် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးရန်ကျန်ရှိနေသူများကိုလည်း သတ်မှတ်နေ့ရက်များအလိုက် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရှိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း( ပြန်/ဆက်)**

# မြေပုံမြို့နယ်ရှိ တိုက်ပွဲရှောင်စခန်း ၁၁ ခု၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinovac ပထမအကြိမ်ထိုးနှံ





**မြေပုံ စက်တင်ဘာ ၂**
ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ်ရှိ တိုက်ပွဲရှောင်စခန်း ၁၁ ခု၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး Sinovac ပထမအကြိမ် ထိုးနှံခြင်းကို ယနေ့ နံနက် ၉ နာရီက စတင်ကာ သတ်မှတ်စုရပ်များ၌ တစ်ပြိုင်တည်း ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဦး ညွှန်ကြားမှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းထွန်း ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ ထွေ/အုပ် ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် စခန်းတာဝန်ခံများ ပူးပေါင်း၍ ကာကွယ်ဆေးထိုးစုရပ် ၁၁ နေရာ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အသက် (၁၈) နှစ်မှ (၆၅)နှစ် အတွင်း တိုက်ပွဲရှောင်စခန်းရှိ ပြည်သူများအား ပထမအကြိမ် ထိုးနှံပေးလျက်ရှိသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမ်းမြို့နယ် နေရပ်စွန့်ခွာစခန်းများရှိ ခိုလှုံနေသူ ၇၆၆ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံ



**အမ်း စက်တင်ဘာ ၂**
ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ နေရပ်စွန့်ခွာစခန်းများတွင် ခိုလှုံနေကြသော အသက် ၁၈ နှစ်နှင့် အထက်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးခြင်းကို ရွှေအမ်းတောင်ခန်းမ၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်လျက်ရှိသည်။(ဓါတ်ပုံ)

အမ်းမြို့နယ်၌ မြို့နယ်ကျန်းမာရေး ဝန်ထမ်းများက ဆီနိုဖမ်းအမျိုးအစား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ပဲပဒုံနေရပ်စွန့်ခွာစခန်း(၁)ရှိ အသက် ၁၈ နှစ်နှင့် အထက်ပြည်သူ ၁၈၄ ဦး၊ မိုးလုံလေလုံအားကစားခန်းမ နေရပ်စွန့်ခွာစခန်း(၂)ရှိ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူ ၅၈၂ ဦး၊ စုစုပေါင်းပြည်သူ ၇၆၆ ဦးအား မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ပထမအကြိမ် ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ထိုးနှံပေးခြင်းကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်၊ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ အောင်ကျော်မိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့ဝင်များ ပူးပေါင်း၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စက်တင်ဘာ ၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၄၅၉ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၁၁၀ ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၅၆၀၀ ရှိ

(၂-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်– ၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့သွားရောက်ရန်ရှိပါကပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကိုမဖြစ်မနေစနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကိုမကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့်နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်– ၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်– ၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း(၃၅,၂၄၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်– ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၃,၄၅၉)ဦးတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း(၃,၆၈၈,၈၁၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်– ၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၀၆,၀၉၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၉၅၃)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၅၅,၇၆၄)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်– ၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၁၀) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၅,၆၀၀) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၁၈၂)ခု | (၄၄၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့်ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၁)ခု | (၈)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၅၂)ခု | (၇)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀၀)ခု | (၅၄)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၈)ခု | (၉)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၆၉)ခု | (၂၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၅၈)ခု | (၂၉၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၁,၉၁၈)ခု | (၂,၆၁၉)ဦး |
| **စုစုပေါင်း** | **(၃၅,၂၄၈)ခု** | **(၃,၄၅၉)ဦး** |

ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်– ၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကိုဗစ်– ၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂-၉ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၀၃၃၁၃၃၆ | ၃၁၁၃၇၉၃၆ | ၆၅၉၉၃၀ |
| ၂။ | အိန္ဒိယ | ၃၂၈၅၇၉၃၇ | ၃၂၀၂၈၈၂၅ | ၄၃၉၅၅၉ |
| ၃။ | ဘရာဇီး | ၂၀၈၀၄၂၁၅ | ၁၉၇၇၅၈၇၃ | ၅၈၁၂၂၈ |
| ၄။ | ရုရှား | ၆၉၅၆၃၁၈ | ၆၂၁၈၀၄၈ | ၁၈၄၈၁၂ |
| ၅။ | ဗြိတိန် | ၆၈၂၅၀၇၄ | ၅၅၀၂၁၀၈ | ၁၃၂၇၄၂ |
| ၆။ | ပြင်သစ် | ၆၇၈၃၃၂၉ | ၆၃၁၀၈၅၉ | ၁၁၄၅၇၇ |
| ၇။ | တူရကီ | ၆၄၁၂၂၇၇ | ၅၈၅၂၃၈၁ | ၅၇၀၀၀ |
| ၈။ | အာဂျင်တီးနား | ၅၁၉၀၉၄၈ | ၄၈၇၈၀၉၉ | ၁၁၂၀၀၅ |
| ၉။ | အီရန် | ၅၀၅၅၅၁၂ | ၄၂၆၉၅၀၈ | ၁၀၈၉၈၈ |
| ၁၀။ | ကိုလံဘီယာ | ၄၉၁၁၀၈၂ | ၄၇၄၀၇၀၉ | ၁၂၅၀၁၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂- ၉ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၁၀၉၀၉၃ | ၃၇၉၈၀၉၉ | ၁၃၄၃၅၆ |
| ဖိလစ်ပိုင် | ၂၀၂၀၄၈၄ | ၁၈၄၀၂၉၄ | ၃၃၆၈၀ |
| မလေးရှား | ၁၇၈၆၀၀၄ | ၁၅၀၆၂၇၃ | ၁၇၁၉၁ |
| ထိုင်း | ၁၂၃၄၄၈၇ | ၁၀၅၈၇၀၄ | ၁၂၁၀၃ |
| ဗီယက်နမ် | ၄၈၆၇၁၁ | ၂၅၉၃၂၄ | ၁၂၁၃၈ |
| မြန်မာ | ၄၀၆၀၉၉ | ၃၅၅၇၆၄ | ၁၅၆၀၀ |
| ကမ္ဘောဒီးယား | ၉၃၉၂၆ | ၈၉၅၀၀ | ၁၉၂၈ |
| စင်ကာပူ | ၆၇၉၉၁ | ၆၆၂၂၂ | ၅၅ |
| လာအို | ၁၅၄၅၉ | ၅၄၁၈ | ၁၄ |
| ဘရူနိုင်း | ၂၉၆၀ | ၁၁၄၄ | ၁၂ |

# ယခုအချိန်အထိ ကမ္ဘာကြီးမှာ ကိုဗစ် - ၁၉ ဖြစ်ပွားကူးစက်မှုတွေ ဆက်ပြီးရှိနေတုန်းဖြစ်ပါတယ်။ ပန်းဝင်တဲ့အချိန်၊ ရပ်လို့ရတဲ့အချိန် မဟုတ်သေးပါဘူး။ ဒါကြောင့် ကာကွယ်ဆေးထိုးထားပြီးရင်တောင် ကိုဗစ် - ၁၉ ကာကွယ်ရေးစည်းကမ်းတွေကို ဆက်လက်လိုက်နာဖို့ လိုအပ်တယ်လို့ WHO က ပြောထားပါတယ်

ဒေါက်တာခင်ခင်ကြီး

## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

### ထက်လျှံ

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စက်တင်ဘာ ၁ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**



အစီအစဉ်မှူး ။ ။ နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ တတိယလှိုင်းဖြစ်ပွားနေတာနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကိုဗစ် – ၁၉ ရောဂါ ခံစားရပြီးသူတွေအနေနဲ့ ကာကွယ်ဆေးထိုးနှံဖို့ လိုအပ်သလားဆိုတာကို ပြောကြားပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး** ။ ။ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားခံစားရသူတွေအနေနဲ့ နောက်တစ်ကြိမ် ထပ်ဖြစ်မှာကို စိုးရိမ်ကြောက်လန့်ပါတယ်။ ဖြစ်ပြီးသွားရင် ကိုယ်ခံအားတွေက ဘယ်လောက်အထိ ရှိနေမှာလဲ၊ ကာကွယ်ဆေးတွေထပ်ထိုးဖို့ လို/မလို ဒါတွေကို မေးမြန်းလာကြပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကိုလည်း ဒီမေးခွန်းမေးမြန်းကြတာများတဲ့အတွက် WHO ရဲ့ ဩဂုတ်လ ၂၀ ရက် ထုတ်ပြန်ချက် Episode #50 မှာ “Do I still need the vaccine if I have COVID–19” ခေါင်းစဉ်နဲ့ ဆွေးနွေးထားတာကို ကိုးကားပြီး ပြန်လည်ဆွေးနွေးသွားပါမယ်။

ဒီဆွေးနွေးချက်ရဲ့ အဓိက ခေါင်းစဉ်က ကိုဗစ်–၁၉ ဖြစ်ပွားပြီးသူအနေနဲ့ ကာကွယ်ဆေးတွေ ထိုးဖို့ လိုသလားဆိုပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Chief Scientist ဖြစ်သူ Dr. Soumya Swaminathan ရဲ့ ဆွေးနွေးချက်ဖြစ်ပါတယ်။ Dr. Soumya Swaminathan က ကိုဗစ် – ၁၉ ဖြစ်သွားပြီးရင် သူ့မှာကိုယ်ခံအားတွေ ရှိလာမှာသေချာပါတယ်။ ဒါပေမယ့် ကိုယ်ခံအားအတိုင်းအတာ ဘယ်လောက်အထိ ရှိမလဲဆိုတာကို မသိနိုင်ပါဘူး။

တကယ်လို့ သာမန်နဲ့ အသင့်အတင့်လက္ခဏာပဲ ခံစားရတယ်ဆိုရင် ကိုယ်ခံအားက သာမန်နဲ့ အသင့်အတင့်လောက် ရှိပါတယ်။ ရောဂါပြင်းထန်စွာ ခံစားရတယ်ဆိုရင် ကိုယ်ခံအားက ပိုရှိပါတယ်။ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားပြီးသူတွေအနေနဲ့ သူတို့က ပြန်ပြီးကူးစက်ခံရမှာ ကြောက်ပါတယ်။ ပုံမှန်အားဖြင့် ကိုဗစ်–၁၉ ဖြစ်ပြီးသူတွေ ပြန်ကူးစက်နိုင်ဖို့ အခွင့်အလမ်းက ၁၀၀ မှာ တစ်ဦးထက် နည်းပါတယ်။ သူတို့တွေအနေနဲ့ ကိုဗစ် – ၁၉ ဖြစ်ပွားပြီးတဲ့အခါ နောက်ထပ်ပြန်ဖြစ်မှာ စိုးရိမ်တဲ့အတွက် ကာကွယ်ဆေးထိုးဖို့ လို/မလို ဒါနဲ့ပတ်သက်ပြီး Dr. Soumya Swaminathan က ကိုဗစ်–၁၉ ရောဂါဖြစ်ပြီးသူတွေအနေနဲ့ ကာကွယ်ဆေးထိုးနှံဖို့ လိုပါတယ်။ ဘာအတွက် လိုအပ်သလဲဆိုရင် ရောဂါဖြစ်ပြီးသူတွေရဲ့ ကိုယ်ခံအားက တစ်ယောက်နဲ့ တစ်ယောက် မတူညီပါဘူး။ ရောဂါဝေဒနာခံစားရပုံနဲ့ အသက်အရွယ်အလိုက် မတူညီကြပါဘူး။ တချို့တွေက ကိုယ်ခံအားကောင်းမွန်စွာ ထွက်ရှိပြီး တချို့တွေက ကိုယ်ခံအားအများကြီး မထွက်တာမျိုး ရှိနိုင်ပါတယ်။ ဒါကြောင့် ဘယ်လောက်အထိ ကိုယ်ခံအား တက်တယ်ဆိုတာက တစ်ဦးနဲ့တစ်ဦး မတူညီတဲ့အတွက် ဒါကို တစ်ပြေးညီပြောလို့ မရပါဘူး။

မြန်မာနိုင်ငံမှာ ကိုဗစ် – ၁၉ ရောဂါပိုးတွေ့သူက ယခုနှစ် ဩဂုတ်လ ၂၅ ရက်အထိ ၃၇၀၀၀၀ ကျော်၊ ၃၈၀၀၀၀ နီးပါး ရှိပြီဖြစ်ပါတယ်။ သေချာတာက အခုလိုကူးစက်ခံရသူတွေအနေနဲ့ ကိုယ်ခံအားရှိနေတာ သေချာပါတယ်။ ကိုယ်ခံအား ရှိနေတယ်၊ သူတို့ နောက်တစ်ကြိမ် ပြန်ကူးစက်ဖို့ အခွင့်အလမ်းက နည်းပါတယ်။ ဒါပေမယ့် သူတို့အနေနဲ့ ကာကွယ်ဆေးထိုးဖို့ လိုအပ်ပါတယ်။

ဒီနေရာမှာ ကာကွယ်ဆေးထိုးပေးခြင်းဖြင့် ရရှိတဲ့ကိုယ်ခံအားသည် တစ်နည်းအားဖြင့် ဘယ်အသက်အရွယ်မှာ ဘယ်လောက်ကာကွယ်နိုင်တယ်၊ ရောဂါလက္ခဏာ ပြင်းထန်စွာ ဖြစ်ပွားမှုနဲ့ သေဆုံးမှုတို့က ဘယ်လောက်ကာကွယ်တယ်ဆိုတာကို လူပေါင်းစုံ၊ အသက်အရွယ်ပေါင်းစုံနဲ့ စမ်းသပ်ထားတဲ့ သုတေသနရလဒ်တွေအရ ထွက်ပေါ်လာတဲ့ အဖြေတွေဖြစ်တဲ့အတွက် ခိုင်မာပါတယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးဖို့ လိုပါတယ်။ ရောဂါဖြစ်ပြီးသူတွေအနေနဲ့ ကာကွယ်ဆေးထိုးပါလို့ ပြောထားပါတယ်။ ကာကွယ်ဆေးထိုးခြင်းဖြင့် မိမိမှာ နဂိုရောဂါဖြစ်နေတာကို ကာကွယ်ဆေးနဲ့ ထပ်ပြီးကာကွယ်ခြင်းဖြင့် ကိုယ်ခံအားတွေ ပိုများလာတယ်၊ ပိုပြီးကြာရှည်ခံတဲ့သဘောကို ပြောခြင်း ဖြစ်ပါတယ်။

အစီအစဉ်မှူး ။ ။ ဒီလိုကာကွယ်ဆေးကို ဘယ်လောက်အကြာမှာ ထိုးနှံဖို့ လိုအပ်သလဲဆိုတာကို ပြောကြားပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး** ။ ။ ကာကွယ်ဆေး ကို ဘယ်လောက်အကြာမှာ ထိုးရမှာလဲ၊ အခုဆိုရင် ကိုဗစ် – ၁၉ ခံစားရတယ်၊ ရောဂါဝေဒနာသက်သာသွားပြီ၊ ပျောက်ကင်းသွားပြီ၊ ဒါဆိုရင် ထိုးလို့ရပြီလား ဒါကို တချို့တွေက သိချင်ကြပါတယ်။

ဒါနဲ့ပတ်သက်ပြီး Dr. Soumya Swaminathan က ကာကွယ်ဆေးကို မဖျားမနာဘူး နေကောင်းသက်သာရင် ထိုးလို့ရတယ်လို့ ပြောပါတယ်။ ဒါပေမယ့် ရက်သတ္တပတ်အနည်းငယ် စောင့်ဖို့ အကြံပေးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်ခါတလေမှာ ရောဂါသက်သာပြီး နှာခေါင်းအနံ့မရသူက နှာခေါင်းအနံ့ပြန်ရတယ်။ ရောဂါလက္ခဏာမပြင်းတဲ့သူကလည်း နည်းနည်းဖျားပြီး ပြန်ကောင်းသွားတယ်။ တစ်ပတ်လောက်နဲ့ ပြန်ကောင်းလာပြီး ကာကွယ်ဆေးသွားထိုးမယ်ဆိုရင် ထိုးလို့မရပါဘူး။ သူကနေ တခြားသူတွေကို ကူးစက်နိုင်တဲ့ အခွင့်အလမ်းတွေက ရှိနေပါတယ်။ ဒါကြောင့် ရက်သတ္တပတ် အနည်းငယ်စောင့်ဖို့ အတွက် တိုက်တွန်းပါတယ်လို့ ပြောပါတယ်။

ကာကွယ်ဆေးထိုးဖို့ ဘယ်လောက်အကြာမှာ ထိုးရမလဲဆိုတာက နိုင်ငံတစ်ခုနဲ့တစ်ခု မတူပါဘူး။ တချို့နိုင်ငံတွေက ရောဂါပိုးကူးစက်ခံရပြီး သုံးလအကြာ၊ တချို့နိုင်ငံတွေက ခြောက်လအကြာမှာ ထိုးပေးတာရှိပါတယ်။ ရောဂါပိုးကူးစက်ခံရပြီးပြီဆိုရင် သူ့ရဲ့ကိုယ်ခံအားက အနည်းဆုံး ခြောက်လ ကောင်းမွန်စွာ အလုပ်လုပ်ပါတယ်။ ဒီ ခြောက်လအတွင်းမှာ ပြန်ဖြစ်နိုင်ဖို့နဲ့ ပြင်းထန်စွာဝေဒနာခံစားရဖို့ ရာခိုင်နှုန်းက နည်းပါတယ်။

ကာကွယ်ဆေး အကန့်အသတ်နဲ့ရှိတဲ့ အခြေအနေမှာ ကာကွယ်ဆေးတွေကို အန္တရာယ်ရှိနိုင်တဲ့သူတွေ၊ ဖြစ်ပွားကူးစက်ရင် သေဆုံးနိုင်တဲ့သူတွေကို ဦးစားပေးထိုးနှံဖို့အတွက် နိုင်ငံတိုင်းက စီစဉ်ဆောင်ရွက်ကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ကာကွယ်ဆေးအကန့်အသတ်ရှိတဲ့ နိုင်ငံတွေက ပိုးတွေ့ရှိသူတွေကို ခြောက်လပြည့်ခါနီးမှာ ထိုးပေးပါတယ်။ ဒီထက်ကာကွယ်ဆေးတွေရရင် ဒီထက်ပိုစောပြီး ထိုးပေးဖို့ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ခြောက်လပြည့်ခါနီးမှာ ကာကွယ်ဆေးထိုးပေးဖို့ အစီအစဉ်ရှိပါတယ်။ လက်ရှိ ကာကွယ်ဆေးရရှိမှုက ၈ သန်းရှိပြီး ထိုးနှံပေးတာက ပြီးသလောက်ဖြစ်နေပြီ။ မကြာခင်မှာ နှစ်သန်း ထပ်ရောက်မယ်။ နောက်ထပ် ဝယ်ယူထားတာတွေ ထပ်ရောက်ဖို့လည်း ဆောင်ရွက်နေပါတယ်။ လက်ရှိကာကွယ်ဆေးတွေကို လုံးဝကာကွယ်နိုင်မှု မရနိုင်သေးတဲ့သူတွေ၊ အသက်ကြီးသူတွေ၊ နောက်ခံရောဂါရှိသူတွေကို ထိုးနှံကြပါစေ၊ မိမိအနေနဲ့ ကာကွယ်မှုရပြီးသားဆိုတာကို သိစေချင်ပါတယ်။

နောက်တစ်ခု အရင်ကိုဗစ် – ၁၉ ဖြစ်တုန်းက Monoclonal Antibodies လို့ခေါ်တဲ့ တချို့ကုသမှုမှာသုံးတဲ့ ဈေးကြီးတဲ့ဆေးမျိုးတွေ၊ ပြန်ကောင်းလူနာတွေရဲ့ သွေးရည်ကြည်တွေသုံးပြီး ကုသမှုခံယူထားသူတွေအနေနဲ့ ရက် ၉၀ (၃ လ) ထက်စောပြီး ကိုဗစ်ကာကွယ်ဆေးထိုးနှံလို့ မရပါဘူး။ ဒါက နဂိုရှိနေတဲ့ ရောဂါပိုးဝင်ရောက်လို့ ထွက်လာတဲ့ ကိုယ်ခံအားတွေ၊ ရောဂါဖြစ်နေတုန်းပေးတဲ့သွေးရည်ကြည်ထဲမှာပါတဲ့ ကိုယ်ခံအားတွေနဲ့ မလိုအပ်တဲ့ တုံ့ပြန်မှုတွေဖြစ်မှာ စိုးရိမ်တာကြောင့် ဒါကို တားမြစ်ထားတာ ဖြစ်ပါတယ်။

ကိုဗစ် – ၁၉ ကာကွယ်ဆေးက ထိုးတိုင်းကောင်းတဲ့ ကာကွယ်ဆေးလားဆိုရင် မဟုတ်ပါဘူး။ တချို့တွေက မိမိကိုယ်ကို ဂရုစိုက်လွန်းတဲ့အတွက် ကာကွယ်ဆေးတွေကို များလေကောင်းလေဆိုပြီး ထိုးနှံတဲ့သူတွေရှိပါတယ်။ ဒါက မလုပ်သင့်ပါဘူး။ ကျွန်မတို့ နံနက်တစ်နပ် ထမင်းစားတယ်။ ညနေတစ်နပ် ထမင်းစားတယ်။ တစ်ခါတည်း နှစ်ကြိမ်စာကို ပေါင်းစားလို့မရသလို အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ ဥပမာ – ပါရာစီတမော တစ်နေ့ကို တစ်လုံးနဲ့ လေးကြိမ် သောက်ရမယ်ဆိုရင် ဆေးရဲ့ အာနိသင်ရရှိမှုကို တွက်ချက်ထားပြီး ညွှန်ကြားတာဖြစ်တဲ့အတွက် လေးကြိမ်သောက်ရမှာ ဖြစ်ပါတယ်။ ကာကွယ်ဆေးသည် များလေကောင်းလေဆိုတဲ့ အမျိုးအစား မဟုတ်ပါဘူး။ ဒီတော့ သတ်မှတ်တဲ့ အကြိမ်အတိုင်း ထိုးနှံဖို့ လိုအပ်တယ်ဆိုတာ ပြောချင်ပါတယ်။

အချို့သုတေသနတွေမှာ ရောဂါကူးစက်ခံရတယ်ဆိုရင် ကာကွယ်ဆေး တစ်ကြိမ်ထိုးရုံနဲ့ လုံလောက်တယ် ပြောပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရောဂါပိုးကူးစက်ခံရတာက ကာကွယ်ဆေး တစ်ကြိမ်ထိုးသလိုဖြစ်မယ်၊ ကာကွယ်ဆေးထိုးတာက ဒုတိယအကြိမ် ထိုးသလိုဖြစ်မယ်။ ဒီအခါမှာ ကိုယ်ခံအားတွေက တော်တော်ကောင်းတယ်လို့ ပြောတာလည်းရှိပါတယ်။ သုတေသနတွေ့ရှိချက်တွေအရ ကာကွယ်ဆေးထိုးဖို့ လိုအပ်ပါတယ်။ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုကနေ ပြန်ကောင်းပြီဆိုရင် ထိုးပါ။

*စာမျက်နှာ ၁၇ သို့*

❒ **ကာကွယ်ဆေးထိုးဖို့ ဘယ်လောက်အကြာမှာ ထိုးရမလဲဆိုတာက နိုင်ငံတစ်ခုနဲ့တစ်ခု မတူပါဘူး။ တချို့နိုင်ငံတွေက ရောဂါပိုးကူးစက်ခံရပြီး သုံးလအကြာ၊ တချို့နိုင်ငံတွေက ခြောက်လအကြာမှာ ထိုးပေးတာရှိပါတယ်။ ရောဂါပိုးကူးစက်ခံရပြီးပြီဆိုရင် သူ့ရဲ့ကိုယ်ခံအားက အနည်းဆုံး ခြောက်လ ကောင်းမွန်စွာ အလုပ်လုပ်ပါတယ်။ ဒီခြောက်လအတွင်းမှာ ပြန်ဖြစ်နိုင်ဖို့နဲ့ ပြင်းထန်စွာဝေဒနာခံစားရဖို့ ရာခိုင်နှုန်းက နည်းပါတယ်**

# စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းစည်းဝေး

မုံရွာ စက်တင်ဘာ ၂

**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂၇/၂၀၂၁) ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပတ်သက်၍ တိုင်းဒေသကြီးအတွင်း ရှိမြို့နယ်အားလုံးတွင် စစ်ဆေးမှုများ များများပြုလုပ်ပြီး ရောဂါပိုးတွေ့ရှိပါက ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ Stay at Home သတ်မှတ်ထားသည့် မြို့နယ်များတွင် ကုသဆဲ လူနာများအတွက် ကုသရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံပေးမှုအနေဖြင့် ကာကွယ်ဆေးများ အမြန်ဖြန့်ဖြူးရန်နှင့် ပြည်သူများအား အမြန်ဆုံးထိုးနှံပေးနိုင်ရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် တည်ဆောက်ထားသော အောက်ဆီဂျင်စက်ရုံတွင် ဆောင်ရွက်နေသည့် ဝန်ထမ်းများအား လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းဆောင်ရွက်မှုများအား စေတနာပါပါဖြင့် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ် ကျော်စွာဝင်းက ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများတွင် မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အောက်ဆီဂျင်များ ပြည့်မီစွာ ရရှိစေနိုင်ရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့်ပေါင်းစပ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းဆိုင်ရာလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးနှံခြင်းဆိုင်ရာလုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီများမှ ပညာပေးလုပ်ငန်းများ၊ ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းဆိုင်ရာလုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီများမှ ပညာပေးလုပ်ငန်းများ၊ ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ကြက်ခြေနီစေတနာလုပ်အားရှင်များအား ချီးကျူးဂုဏ်ပြု

**ရန်ကုန် စက်တင်ဘာ ၂**

မြန်မာနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါဆိုး စတင်ကူးစက်ခံရချိန် ၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ ယနေ့အချိန်ထိတိုင် နေပြည်တော်၊ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ခရိုင်အသီးသီးမှ ကြက်ခြေနီကြီးကြပ်မှုကော်မတီများ၊ မြို့နယ်ကြက်ခြေနီအသင်းခွဲများ၊ အသင်းခွဲငယ်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင် စေတနာ လုပ်အားရှင်များသည် သက်ဆိုင်ရာဒေသအလိုက် ရောဂါကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများတွင် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ အရှိန်အဟုန်မပျက် နေ့ရောညပါ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်း၊ အောက်ဆီဂျင် အချိန်မီရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ဆေးရုံများသို့ ညွှန်းပို့ပေးခြင်း စသည်တို့ကို တက်ကြွစွာပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်သိရှိရသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိကြသော ကြက်ခြေနီစေတနာလုပ်အားရှင်များအားလုံးကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက အထူးဝမ်းမြောက် မှတ်တမ်းတင် ချီးကျူးဂုဏ်ပြုအပ်ပါသည်ဟု သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**



ကြက်ခြေနီတပ်ဖွဲ့ဝင်များ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်း ပါဝင်ဆောင်ရွက်စဉ်။



ကြက်ခြေနီတပ်ဖွဲ့ဝင်များ ကိုဗစ်-၁၉ အသိပညာပေး ဆောင်ရွက်စဉ်။



ကြက်ခြေနီတပ်ဖွဲ့ဝင်များ အောက်ဆီဂျင်ဘူးများ သယ်ယူပေးနေစဉ်။

*စာမျက်နှာ ၁၆ မှ*

တချို့သုတေသနတွေက ကိုဗစ် – ၁၉ ဖြစ်ပြီ ဆိုရင် ကိုယ်ခံအားတွေ ခန္ဓာကိုယ်ကနေ တည်ဆောက်မယ်၊ အလုပ်လုပ်မယ်၊ ဒီအတွက် အချိန်ပေးရပါတယ်။ အချိန်မပေးဘဲ ကာကွယ်ဆေးထိုးလိုက်မယ်ဆိုရင် ကာကွယ်ဆေးရဲ့အာနိသင် အပြည့်အဝ မရတဲ့အတွက် အကျိုးရှိသင့်သလောက် မရှိဘူးဆိုတာကို သိစေချင်ပါတယ်။ ခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားစနစ် အလုပ်လုပ်ဖို့အတွက် စောင့်ရ တာဖြစ်ပါတယ်။ ကိုဗစ်ရောဂါဖြစ်ပွားတာနဲ့ ကာကွယ်ဆေးထိုးတာက အနည်းဆုံး အတိုင်းအတာတစ်ခုအထိ ခြားဖို့လိုတယ်လို့ ပြောခြင်းဖြစ်ပြီး ကာကွယ်ဆေးထိုးနှံဖို့ လိုပါတယ်။

အချို့တွေက ကိုဗစ် – ၁၉ ကာကွယ်ဆေး ပထမအကြိမ်ထိုးပြီးနောက် ၄/၅ ရက်မှာ ပိုးတွေ့တယ်။ ဒုတိယအကြိမ် ဘယ်တော့ထိုးရမလဲဆိုတာနဲ့ ရော မသွားစေချင်ပါဘူး။ ကာကွယ်ဆေးကို တစ်ကြိမ်နဲ့တစ်ကြိမ်ခြားပြီး ကြားထဲမှာ ကာကွယ်မှု အပြည့်အဝ မရခင် ပိုးကူးစက်ခံရရင် ဒုတိယအကြိမ် ထိုးရမှာလား၊ မထိုးရဘူးလား။ ဘယ်လောက်ခြားမလဲဆိုတာ ပြောခြင်းဖြစ်ပါတယ်။ ပျမ်းမျှ ၂၈ ရက် ခြားလို့ရပါတယ်။ ဒါကို အများပြည်သူ မရှင်းမှာစိုးလို့ ထပ်ပြီးရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ စက်တင် ဘာ ၁ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား အမျိုးသား ၁၅၄ ဦး၊ အမျိုးသမီး ၇၆ ဦး စုစုပေါင်း ၂၃၀ နှင့် လောက်ကိုင်မြို့သို့ ဝင်ရောက်လာသည့် အမျိုးသား လေးဦးတို့ကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၁၀၊ အမျိုးသမီး ၉၁ ဦး၊ စုစုပေါင်း ၂၀၁ ဦးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် – ၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်များသို့ လိုက်လံ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာ နေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၂

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန် ရည်ရွယ်၍ မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေး ကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မြဆည်းဆာဘိုးဘွားရိပ်သာ၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်ရှိ မဟာမြိုင် ကျောင်းတိုက်နှင့် တိုက်ကြီးမြို့နယ် ဇရပ်ဖြူကျေးရွာရှိသာသနာ့ ဝေပုလ္လကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ထီးလင်းကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြု ပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ရှိ သာသနာ-၂၅၀၀ ကျောင်းတိုက်၊ တောင်ခါးရိုး ကျောင်းတိုက်၊ အထက်မန်အိုင် ကျောင်းတိုက်၊ အတုလဇေယျဝံသီကျောင်းတိုက်နှင့် အတုလဇေယျဝံသီသာသနာ့ရိပ်သာများရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးအဖွဲ့များက မြို့နယ် ကျန်းမာရေးဦးစီးဌာန ကျန်းမာရေး ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါပိုး ရှိ/ မရှိ စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများကို လာမည့်နှစ်မှ ပြန်လည်ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂

လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနေရှင်နယ်လိဂ်က ယခုနှစ်အတွင်း ကျင်းပရန် စီစဉ်ထားသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများကို ဖျက်သိမ်းလိုက်ပြီး လာမည့်နှစ်မှသာ ပြန်လည်ကျင်းပမည်ဖြစ်သည်။

ယခုနှစ်ဆန်းပိုင်းက ပြုလုပ်သည့် လိဂ်ကော်မတီအစည်းအဝေးတွင် ပြည်တွင်းလိဂ်ပြိုင်ပွဲများကို ဧပြီ သို့မဟုတ် မေလတွင် စတင်ကျင်းပရန် လျာထားခဲ့သော်လည်းကပ်ရောဂါအခြေအနေကြောင့် ကျင်းပနိုင်ရန် မဖြစ်တော့သဖြင့် ယခုနှစ်အတွင်း ကျင်းပမည့်ပြိုင်ပွဲများအားလုံး ဖျက်သိမ်းခဲ့ရခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်သည် ယခုနှစ်တွင် ကျင်းပရန်စီစဉ်ထားသည့် MNL အမှတ်ပေးပြိုင်ပွဲနှင့် ရှုံးထွက်ပြိုင်ပွဲ အပါအဝင် ပြိုင်ပွဲအားလုံး ကျင်းပနိုင်တော့မည်မဟုတ်ဘဲ ၂၀၂၂ ခုနှစ်မှသာ ပြန်လည်ကျင်းပမည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်သည် ကလပ်အသင်းအားလုံးနှင့် ညှိနှိုင်းဆွေးနွေးပြီးနောက် ယင်းကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်အနေဖြင့် ၂၀၂၂ ရာသီ MNL ပြိုင်ပွဲများ ပြန်လည်ကျင်းပမည့်ကာလကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း တစ်ပေါင်းတည်း ထုတ်ပြန်ခဲ့သည်။ မြန်မာနေရှင်နယ်လိဂ်သည် ၂၀၂၁ ရာသီတွင် MNL အမှတ်ပေးပြိုင်ပွဲ၊ MNL–2 အမှတ်ပေးပြိုင်ပွဲ အပါအဝင် ပြိုင်ပွဲငါးခု ကျင်းပရန်စီစဉ်ထားခြင်းဖြစ်သည်။ ပရော်ဖက်ရှင်နယ်လိဂ်ဖြစ်သည့် MNL အမှတ်ပေးပြိုင်ပွဲကို ၂၀၀၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၁၂ ရာသီ ကျင်းပထားပြီးဖြစ်သည်။ ကျင်းပပြီးစီးသွားသည့် ၁၂ ကြိမ်တွင် ရန်ကုန်အသင်းက ငါးကြိမ်၊ ရတနာပုံအသင်းက လေးကြိမ်နှင့် ရှမ်းယူနိုက်တက်အသင်းက သုံးကြိမ် ဖိုလ်စွဲထားသည်။

၂၀၂၀ ရာသီတွင်လည်း ကပ်ရောဂါအခြေအနေကြောင့် လိဂ်ပြိုင်ပွဲအများစု ပြီးဆုံးအောင်ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ MNL အမှတ်ပေးပြိုင်ပွဲကိုသာ ပြီးဆုံးအောင်ပြုလုပ်ခဲ့ရသည်။ မြန်မာနိုင်ငံ၏ ပရော်ဖက်ရှင်နယ်လိဂ်ပြိုင်ပွဲကို ၂၀၀၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး နှစ်စဉ်ပုံမှန်ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် ပြိုင်ပွဲအားလုံး မကျင်းပနိုင်သည့် ပထမဆုံးရာသီ ဖြစ်ခဲ့သည်။

**ရဲရင့်လွင်**

# စီရော်နယ်ဒို၏ နောက်ကျသွင်းဂိုးနှစ်ဂိုးဖြင့် အိုင်ယာလန်အသင်းကို ပေါ်တူဂီ အနိုင်ရ

ကမ္ဘာ့ဖလား ခြေစစ်ပွဲအဖြစ် အုပ်စု (A) မှ နာမည်ကြီး ပေါ်တူဂီအသင်းနှင့် အိုင်ယာလန်အသင်းတို့ ပွဲစဉ်ကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက ပေါ်တူဂီအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အသင်းခေါင်းဆောင် ခရစ္စတီယာနိုရော်နယ်ဒို၏ နောက်ကျသွင်းဂိုး နှစ်ဂိုးနှင့်အတူ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ပေါ်တူဂီအသင်းသည် အုပ်စု (A) တွင် လေးပွဲကစားထားရာ သုံးပွဲနိုင်ပြီး တစ်ပွဲ သရေကျထားသောကြောင့် ရမှတ် ၁၀ မှတ်ရရှိထားသည်။ ပြိုင်ဘက် အိုင်ယာလန်အသင်းက သုံးပွဲကစား သုံးပွဲစလုံး ရှုံးနိမ့်ထားသည့်အတွက် ရမှတ် မရရှိသေးပေ။

ယနေ့ပွဲစဉ်တွင် ပေါ်တူဂီအသင်းသည် အားထားရသည့် ကစားသမားအများစုဖြင့် အိုင်ယာလန်အသင်းကိုရင်ဆိုင်လာခဲ့သလို အိုင်ယာလန် အသင်းကလည်း အဓိက ကစားသမားအများစုဖြင့် ပေါ်တူဂီအသင်းကို ရင်ဆိုင်လာခဲ့သည်။ ပွဲချိန် ၁၅ မိနစ်တွင် အိုင်ယာလန်ကစားသမား ဟန်းဒရစ် က ပေါ်တူဂီကစားသမား ဖာနန်ဒက်ဇ်ကို ဖျက်ထုတ်ပုံကြမ်းတမ်းခဲ့သဖြင့် ပေါ်တူဂီအသင်း ပယ်နယ်တီရရှိခဲ့သည်။ သို့သော်လည်း အဆိုပါပယ်နယ်တီကို အသင်းခေါင်းဆောင် စီရော်နယ်ဒို ကန်သွင်း အဆုံးသတ်ရာ အိုင်ယာလန်ဂိုးသမား ပုတ်ထုတ် ကာကွယ်နိုင်ခဲ့သဖြင့် ပေါ်တူဂီအသင်း နစ်နာခဲ့ရသည်။ ပွဲချိန်ပြီးခါနီးတွင် ဂျွန်အီဂန်က အိုင်ယာလန် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့၍ ပထမပိုင်းကို အိုင်ယာလန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ပေါ်တူဂီအသင်းသည် အိုင်ယာလန်အသင်းကို ခံစစ်ပိုင်း၊ ကွင်းလယ်ပိုင်း၊ တိုက်စစ်ပိုင်းတို့တွင် အသာစီးရယူကာ ဖိအားပေးကစားနိုင်ခဲ့သည်ကို တွေ့ရသည်။ ပွဲချိန် ၈၉ မိနစ်နှင့် မိနစ် ၉၀ တွင် အသင်းခေါင်းဆောင် စီရော်နယ်ဒိုက နှစ်ဂိုးဆက် သွင်းယူပေးနိုင်ခဲ့သောကြောင့် ပေါ်တူဂီအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယနေ့ပွဲစဉ်တွင် အသင်းအတွက် နှစ်ဂိုး သွင်းယူပေးနိုင်ခဲ့သော စီရော်နယ်ဒိုသည် ၁၉၉၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း အီရန်ကစားသမား အလီဒါယီ စံချိန်တင်ထားခဲ့သော နိုင်ငံတကာသွင်းဂိုး ၁၀၉ ဂိုး စံချိန်ကို ကျော်ဖြတ်ကာ ၁၁၁ ဂိုးဖြင့် စံချိန်မှတ်တမ်းသစ် ရေးထိုးနိုင်ခဲ့သည်။

ပေါ်တူဂီအသင်းသည် လာမည့်ပွဲစဉ်တွင် ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် စက်တင်ဘာ ၄ ရက်၌ ကာတာအသင်းနှင့် ကစားမည်ဖြစ်ကာ စက်တင်ဘာ ၇ ရက်တွင် ကမ္ဘာ့ဖလား ခြေစစ်ပွဲအဖြစ် အဇာဘိုင်ဂျန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်အဖြစ် အခြားသောနာမည်ကြီးပွဲစဉ်များတွင် ပြင်သစ်အသင်းက ဘော့စနီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဖက် တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ နော်ဝေနှင့် နယ်သာလန်အသင်း တို့ပွဲစဉ်တွင်လည်း တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။ **အောင်ဇော်**

# ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် စက်တင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်၊ ဇေယျသိန်ပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တပညာသိရီ (အဂ္ဂမဟာပဏ္ဍိတ)၊ မဟာထေရ်မြတ်ကြီးသည် သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါအရ ၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၉)ရက်၊ (၃၁-၈-၂၀၂၁)၊ အင်္ဂါနေ့၊ (၁၆:၃၀) နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် ယင်းနေ့(၁၉:၀၀)နာရီအချိန်တွင် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိစျာပန ကျင်းပပြုလုပ်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်၊ ဇေယျသိန်ပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာနနာယက၊ ဆရာတော် ဘဒ္ဒန္တပညာသိရီ(အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း



ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ နတ်နန်းကျေးရွာတွင် ခမည်းတော် ဦးဘိုးတန်၊ မယ်တော် ဒေါ်မိုးစီတို့မှ ၁၂၉၈ ခုနှစ်၊ ကဆုန်လဆန်း (၁၁) ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၁၁-ခုနှစ်၊ တပို့တွဲလဆန်း (၁၁)ရက်နေ့တွင် ဝက်လက်မြို့နယ်၊ ရွာထောင်တောရကျောင်း ဆရာတော် ဘဒ္ဒန္တ နာရဒကိုဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၇-ခုနှစ်၊ တပို့တွဲလဆန်း(၁၁)ရက်နေ့တွင် ရွာထောင်တောရကျောင်း ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တနာရဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့၊ ရွာထောင် တောရကျောင်းဆရာတော်၊ စစ်ကိုင်းတောင်ရိုး၊ ဇေယျသိန်ပါဠိ တက္ကသိုလ်ကျောင်းတိုက် ဆရာတော်နှင့် မန္တလေးမြို့၊ ပေါက်မြိုင်ကျောင်းတိုက် ဆရာတော် စသော ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇ ဓမ္မာစရိယဘွဲ့ကို အောင်မြင်ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ဇေယျသိန် ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ စာသင်သား ရဟန်း/သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စစ်ကိုင်းမြို့နယ် ဓမ္မာစရိယစာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီး ပါဠိပထမပြန်စာမေးပွဲ ဗဟိုအဖွဲ့ ပုစ္ဆက၊ စာစစ်အဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ၂၀၁၇ ခုနှစ်မှစ၍ နိုင်ငံတော် ဩဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယ ဆေကဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ်၊ ခမာ၊ ဇာဂရိယဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၈ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါအရ ၁၃၈၃-ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၉)ရက်၊ (၃၁-၈-၂၀၂၁)၊ အင်္ဂါနေ့၊ (၁၆:၃၀) နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် ယင်းနေ့ (၁၉:၀၀) နာရီအချိန်တွင် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိ စျာပနကျင်းပပြုလုပ်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၉-၂၀၂၁ သောကြာနေ့

**MRTV HD**

- **၀၆:၀၀** ဓမ္မသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** MRTV Travelogue
- **၀၈:၃၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၁ခုနှစ်၊ ဩဂုတ်လ) (ဒုတိယပိုင်း)
- **၀၉:၁၀** မျက်မှောက်ရေးရာအဖြာဖြာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၅** လူမှုစီးပွားမြင်ကွင်းများ
- **၁၁:၂၀** ကျေးလက်ဆီကပုံတင်သံများ
- **၁၃:၃၀** MRTV National News
- **၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'အင်္ဂလိပ်စာဘာသာရပ်'**
- **၁၆:၃၅** Weekly Sports Info
- **၁၇:၃၀** လူငယ်ပန်းဥယျာဉ်အစီအစဉ်
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၁၅** သုတဝေဖြာသီရိဂေဟာ
- **၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားဒေါ်ဆောင်ရာ'** (အပိုင်း-၅၉)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** **'ဝသာန်မိုးရာသီ'** တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
- **၂၂:၃၀** ပြည်သူ့နီတိ **'အဆိပ်သင့်ပေတ္တာ'**

**mitv**

- **07:01** News
- **07:27** Evergreen Classic: Zambudipar (Shwe Yee Win)
- **07:35** Shrinking Footprints
- **08:01** Lively Group Folk Dance of Kayan Nationals
- **08:05** Art Designer Nay Chi Win Lai Yee
- **08:27** Secret Recipes by Gourmet Chefs (Thai)
- **09:01** Sai Ye Kwan
- **09:10** Rakhine Tourist Area
- **09:42** Bottle Gourd Painting
- **09:47** Rural Customs & Powder Festival
- **10:01** Discovering Tribes- Bwe
- **10:29** The Crocodiles of Meinmahla Island
- **11:35** Myanmar's Bamboo Hat
- **11:49** Popa Trip

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားရိုးရာခေါင်ရည်

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ရိုးရာအဆင်များဖြင့် ပေါ်လွင်လှပနေသော ပိန်ပင်လေးများ

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ရောဝတီရဲ့အရိုင်းဆန်တဲ့အလှ ဂေါ်ရန်ဂျီ(အပိုင်း-၁)

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဩဇာသီးရဲ့အကျိုးကျေးဇူး

**ချင်း (လိုင်စိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ကိုယ်တိုင်မိတ်ကပ်လိမ်းခြယ်နည်း

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
စွန်တောင်ရှာမှလက်မှုပညာ

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ငါးနဝ်မရမ်းပြားမွန်ချက်

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ပြိုးပဒေသာ(မောင်သာလှနှင့်လည်လွန်းတဲ့ဘီး)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
လှပဆင်ယင်ခမ်းတီးအဆင်

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဝဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
မနောအလှမယ်(အပိုင်း-၃)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၇)
- **၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ဝန်ထမ်းကရုဏ်မြင်း'**
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း


SCAN ME
MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

စက်တင်ဘာလ ၄ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် အရသာချိုမြိန်သည့် မြက်များကို စွဲလမ်းနှစ်သက်မိသည့်အတွက် အရသာ၏နောက်သို့လိုက်ရင်း ဥယျာဉ်မှူး၏ လှည့်ကွက်အတွင်းသို့ရောက်ရှိပြီး ဘုရင့်ထံ ဆက်သခံရသည့် ရွှေသမင်လေးအကြောင်း တင်ဆက်ထားသည့် "အရသာ အာရုံ" မျက်နှာဖုံးဇာတ်လမ်း၊ လူတို့ ခန္ဓာကိုယ်ရှိ အာရုံခံစားမှုများအကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "အာရုံခံစားမှုများ" သုတဆောင်းပါး၊ သူတစ်ပါး၏ လုပ်အားအပေါ် အမြတ်ထုတ်လိုသူတို့၏ အခက်တွေ့ရပုံကို သင်ခန်းစာယူဖွယ် တင်ဆက်ထားသည့် "ကိုယ့်အတက် ကိုယ်စူး" နှစ်မျက်နှာကာတွန်း၊ ကိုဗစ်ကာလအတွင်း ကလေးများ ကိုယ်လက်လှုပ်ရှားအားကစားလုပ်ရန်၊ ကျန်းမာရေးနှင့်ညီညွတ်အောင် စားသောက်နေထိုင်ကြရန်နှင့် လက်လှမ်းမီ အပျင်းပြေဖျော်ဖြေရေးနည်းလမ်းများတွင် လိုက်ပါဆောင်ရွက်ကြသင့်ပုံကို တင်ဆက်ထားသည့် "ကလိုက်ကြစို့ တူပျော်ပျော်" ကလေးဝတ္ထု၊ မိမိပိုင်ဆိုင်ထားသည့် အလှအပသည် သဘာဝကပေးသည့် ဆုလာဘ်တစ်ခုဖြစ်ပုံ၊ မိမိနှင့် သူတစ်ပါးကို အမြဲနှိုင်းယှဉ်ပြီး အားငယ်စိတ် မဝင်သင့်ပုံကို သင်ခန်းစာပေးတင်ဆက်ထားသည့် ကျီးကန်းလေးမဲမဲပါဝင်သည့် "အပျော်ဆုံးက ဘယ်သူဖြစ်မလဲ" ပုံပြင်၊ သူငယ်ချင်းဖြစ်သူအပေါ် သံသယထားနေရာမှ သူငယ်ချင်း၏ စိတ်ထားကောင်း၍




လူကြီးသူမအပေါ် ကူညီတတ်ပုံကြောင့် အချင်းချင်း ပြန်လည်ချစ်ခင်သွားကြပုံကို တင်ဆက်ထားသည့် "ပေါက်ကျော် ပါဝင်သော ချစ်ချစ်ခင်ခင်" နှစ်မျက်နှာကာတွန်းအပါအဝင် ရွှေသွေးအင်္ဂလိပ်စာကဏ္ဍ၊ ပုံဆွဲနည်း အခြေခံနည်းလမ်းကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၉-၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၁၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၁၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၁၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၁၄၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၄၀/၁၀၆၀ ကျပ် | ၁၀၆၅/၁၀၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၄၅/၁၀၆၅ ကျပ် | ၁၀၈၀/၁၀၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၉၅/၁၁၀၅ ကျပ် | ၁၁၄၅/၁၁၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၁၁၅/၁၁၅၅ ကျပ် | ၁၂၂၅/၁၂၄၀ ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၀၁ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၅ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၆၅ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၄၁၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၆ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၀၈ . ၉၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၆၃ . ၃၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၂၈၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၈၀၀ | ၂၈၄၉ | ၂၅၂၀၂၄၀၀ |
| MTSH | ၃၂၀၀ | ၃၃၀၀ | ၂၅၈၃ | ၈၃၉၇၆၅၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၂ | ၁၅၈၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၃၈၄၄ | ၁၀၃၇၈၈၀၀ |
| EFR | ၃၁၀၀ | ၃၀၀၀ | ၄၄၆ | ၁၃၄၂၀၀၀ |
| AHP | ၅၀၀၀ | ၄၉၀၀ | ၁၂ | ၅၉၁၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာမည့်သူများထားရှိရန် ထောက်ကြန့်- မင်္ဂလာဒုံ ကိုဗစ် - ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးစခန်းဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၂**

ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာမည့်သူများထားရှိရန် ထောက်ကြန့်-မင်္ဂလာဒုံ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးစခန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါစခန်း ဖွင့်လှစ်ထားရှိသည့် မင်္ဂလာဒုံမြို့နယ် အခြေခံပညာဦးစီးဌာန ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဒုတိယ ဥက္ကဋ္ဌ၊ ထောက်ကြန့်-မင်္ဂလာဒုံ ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး စခန်းစီမံခန့်ခွဲရေး ကော်မတီ ဥက္ကဋ္ဌ ဦးစိုးပိုင်က အဆောင်လေးဆောင်တွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသူ ၃၀၀ ထားရှိရန် အိပ်ရာ၊ ခြင်ထောင်၊ ခုတင်နှင့် ရေချိုးခန်း၊ အိမ်သာများ၊ ဂျင်ဆလင်ဒါအိုးများ အသင့်ပြင်ဆင်ထားရှိမှု တစ်ကိုယ်ရေသုံး ပစ္စည်းများနှင့် အောက်ဆီ အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ထောက်ကြန့်- မင်္ဂလာဒုံ ကိုဗစ်စခန်းအတွက် ကိုဗစ် -၁၉ ကာကွယ်၊ ထိန်းချုပ် ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် အထောက်အကူပြုပစ္စည်းများကို ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဝန်ကြီးများက ထောက်ပံ့ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မြန်မာနိုင်ငံဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲထွန်းက ကျေးဇူးတင်စကားပြောကြားပြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား ပြင်ဆင်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြသရာ (ဝဲပုံ) ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ပြည်မြို့နယ်ရှိ ကျန်းမာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများအား ထောက်ပံ့

**ပြည် စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် စက်တင်ဘာ ၁ ရက်က ပြည်မြို့နယ်ရှိ ကျန်းမာရေးဆိုင်ရာနှင့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများအား ကြည့်ရှုအားပေးထောက်ပံ့မှုများ ဆောင်ရွက်ပေးကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယင်းနေ့နံနက်ပိုင်းက အမှတ်(၆)တပ်မတော်စစ်ဆေးရုံ (ခုတင်-၁၀၀)သို့ သွားရောက်ခဲ့ပြီး အောက်ဆီဂျင်ထုတ်စက် ၁၂ လုံး၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ကိုဗစ်- ၁၉ ရောဂါကုသဆေး (FAVIPAC)နှင့် ငွေကျပ် ၁၀ သိန်းတို့အား စစ်ဆေးရုံဆရာဝန်ကြီးထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်မြို့ခုတင် ၅၀၀ ပြည်သူ့ဆေးရုံ၌ ကိုဗစ်- ၁၉ ရောဂါကူးစက်ခံစားခဲ့ရသည့် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် တစ်ဦးလျှင်ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၈ သိန်း၊ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးခဲ့ သည့် စေတနာ့ဝန်ထမ်းနှစ်ဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်း ၂၀ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အလားတူ ခုတင်၅၀၀ ပြည်သူ့ဆေးရုံကြီးအတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ Flow Meter အစုံ ၁၀၀ နှင့် လက်ဖက်ရည်ထုပ်များအား ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့နယ် ဝွေးပင်ကုန်းကျေးရွာအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် တွင်းနက် စက်ရေတွင်း တည်ဆောက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးပြီး ဆိုလာစနစ်ဖြင့် ရေတင်နိုင်ရေးနှင့် ကျေးရွာအဝင် ကျိုးကျနေသော သစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ မွန်းလွဲပိုင်းတွင် ပြည်မြို့နယ် ပေါင်းတလည်မြို့ အနောက်ရပ်ကွက်ရှိ သဒ္ဓမ္မမဥ္ဇူ ဘုန်းတော်ကြီးကျောင်းတိုက်အတွင်း အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရာတွင် လိုအပ်သော လျှပ်စစ်မီးလိုင်းဆွဲခြင်းအတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းတို့အား ကျောင်းထိုင်ဆရာတော်ထံသို့ ဆက်ကပ်လှူဒါန်းခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့်ဆောင်ရွက်သည့် ဝက်ထီးကန်ပတ်လမ်း ၈ မိုင် ၄ ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်မြို့နယ် သစ်ချိုပင်ကျေးရွာရှိ ချည်မျှင်ရှည်ဝါစိုက်ခင်းများကို ကြည့်ရှုအားပေးပြီး ဝါစိုက်တောင်သူများအတွက် သဘာဝမြေဩဇာအိတ် ၅၀ နှင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး တံဆိပ်ရိုက်နှိပ်ထားသည့် တီရှပ်အင်္ကျီများအား ထောက်ပံ့ပေးအပ်ကာ ဆည်ရေရရှိစေရေးအတွက် ရေပေးမြောင်းများ ပြန်လည်ပြုပြင်ပေးရန် တာဝန်ရှိသူများအား မှာကြားပြီး ပြည်မြို့ ရွှေပြည်မြေ မြေပဲမျိုးစေ့ထုတ်ကေ ၂၀၀ စိုက်ခင်းနှင့် မြေပဲအခြောက်ခံစက်ကို လှည့်လည်ကြည့်ရှုသည်။

ညနေပိုင်းတွင် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေနှင့် ပြည်မြို့ကမ်းနားလမ်း(ညဈေးတန်း) ဆောင်ရွက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့ပေါ်ရပ်ကွက်များ တိုးချဲ့ရေပေးဝေနိုင်ရေးနှင့် ကမ်းနားလမ်း ပန်းခြံအား အဆင့်မြှင့်တင် ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ရှမ်းရွာသစ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**ဘားအံ စက်တင်ဘာ ၂**

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဝန်ကြီးများသည် ယမန်နေ့က လှိုင်းဘွဲ့မြို့နယ် ရှမ်းရွာသစ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှမ်းရွာသစ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ KNU ကရင်အမျိုးသားအစည်းအရုံး ဘားအံခရိုင်ဥက္ကဋ္ဌ ပဒိုစောအောင်မော်အေးနှင့် တွေ့ဆုံပြီး ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများဖြစ်သော ရောဂါကာကွယ်ရေးဝတ်စုံ၊ N 95 နှာခေါင်းစည်း ၊ အပူချိန်တိုင်းကိရိယာ၊ အောက်ဆီဂျင်တိုင်းကိရိယာနှင့် ကျန်းမာရေးသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ရှမ်းရွာသစ်မြို့ ၁၆ ခုတင်ဆံ့ပြည်သူ့ဆေးရုံ၌ ဒေသခံပြည်သူများအား ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးနှံပေးနေမှုအခြေအနေများအား ကြည့်ရှုအားပေးပြီး ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေကျပ်တစ်သိန်း၊ နှာခေါင်းစည်းအခု၂၀၀၀၊ အာဟာရဖြည့်စွက် အစားအစာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများအား အားပေးစကားပြောကြားကာ အာဟာရဖြည့်စွက် အစားအစာများ ထောက်ပံ့ပေးအပ်ပြီး သားဖွားခန်းနှင့် ကိုဗစ်လူနာ အထူးကြပ်မတ် ကုသဆောင်တို့အား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရှမ်းရွာသစ်မြို့ သန္တိသုခကျောင်း ဆရာတော်ဘဒ္ဒန္တဥူးသုစိတ္တအား ဖူးမြော်ကြည်ညို၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ သာသနာတော်ဆိုင်ရာများအား လျှောက်ထားတင်ပြပြီး ဆန်၊ ဆီ အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သန္တိသုခကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လှိုင်းဘွဲ့မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်သော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲသို့ တက်ရောက်သည်။



ယင်းနောက် ရှမ်းရွာသစ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပွဲတက်ရောက်ပြီး လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့အား ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ရှမ်းရွာသစ်မြို့ ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိဘုန်းတော်ကြီးကျောင်းများ၊ ကျန်းမာရေးဌာနနှင့်စာသင်ကျောင်းများအတွက် ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တစ်အိမ်သုံးဆိုလာနှင့် ဆက်စပ်ပစ္စည်း ၆၁ စုံ ကို ထောက်ပံ့ပေးအပ်ကာ ရှမ်းရွာသစ်မြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဌာနဆိုင်ရာဝန်ထမ်းများအား ဆန်၊ ဆီ အစရှိသော စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လှိုင်းဘွဲ့မြို့ အလှူရှင်များ အစီအစဉ်ဖြင့် ဘားအံ- လှိုင်းဘွဲ့ ကားလမ်းမကြီးဘေး၌ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ ဆလင်ဒါအိုး ၈၀ မှ ၁၀၀ ကြား ထုတ်လုပ်နိုင်သည့် လှိုင်းဘွဲ့မြို့နယ် အောက်ဆီဂျင်စက်ရုံ တည်ဆောက်မည့်နေရာအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**

**(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့၌ ကိုဗစ်- ၁၉ အတည်ပြုလူနာများ ပြုစုစောင့်ရှောက်ရေးစခန်းသို့ ကျန်းမာရေးပစ္စည်းများ ထောက်ပံ့



**မြစ်ကြီးနား စက်တင်ဘာ ၂**
ကချင်ပြည်နယ်ဝန်ကြီးချုပ်က မြစ်ကြီးနားမြို့နယ်အတွင်း ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နေကြသည့် ဘာသာရေးအဖွဲ့အစည်းများထံ ကိုဗစ်- ၁၉ အတည်ပြုလူနာများ ပြုစုစောင့်ရှောက်ရေးစခန်းသို့ ကာကွယ်ရေးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ညနေဈေးအတွင်းနှာခေါင်းစည်းတပ်ဆင်ရေး အသိပညာပေးခြင်းလုပ်ငန်းကို ယမန်နေ့က ဆောင်ရွက်သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက်အတွင်းရှိ မြန်မာနိုင်ငံလီဆူ ခရစ်ယာန်အသင်းတော် (ကချင်ပြည်နယ် အသင်းတော်များရုံးချုပ်) ဝင်းအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာများ ပြုစုစောင့်ရှောက်ရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုနှင့် လူနာအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများနှင့် စေတနာ့ဝန်ထမ်းဆောင်ရွက်နေကြသူများအတွက် ထောက်ပံ့ငွေများပေးအပ်ပြီး စခန်းအတွင်းရှိ လူနာများအား အားပေးစကားပြောကြားသည်။**(ဝဲပုံ)**

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်၍ မြစ်ကြီးနားမြို့ ညနေဈေးအတွင်း နှာခေါင်းစည်းတပ်ဆင်ရေး အသိပညာပေးသည့် အနေဖြင့် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား နှာခေါင်းစည်းများနှင့် ဆပ်ပြာခဲများကို ဖြန့်ဝေပေးကြပြီး ပြင်ပသွားလာတိုင်း နှာခေါင်းစည်း စနစ်တကျ တပ်ဆင်သွားလာရေးနှင့် ကိုဗစ်-၁၉ ရောဂါ အန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေး ဟောပြောကြသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

# မူဆယ်မြို့၌ ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံရေး စေတနာ့ဝန်ထမ်းများအား သင်တန်းပို့ချ



ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား သင်တန်းဖွင့်လှစ်ပို့ချ။

**မူဆယ် စက်တင်ဘာ ၂**
ရှမ်းပြည်နယ် မူဆယ်ခရိုင်အတွင်းရှိ ပြည်သူများအားလုံး ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရေးကို မကြာမီစတင်အကောင်အထည်ဖော်တော့မည်ဖြစ်သည်။

ထိုသို့ တရုတ်နိုင်ငံ၏ အကူအညီဖြင့် နယ်စပ်ဖြစ်သော မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ မုံးကိုး၊ တာမိုးညဲ၊ ပန်ဆိုင်းဒေသအတွင်း ပြည်သူများ ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးနှံခြင်းကို ဆောင်ရွက်မည်ဖြစ်ပြီး ပြည်သူနှင့်ဆက်ဆံထိတွေ့ရမည်ဖြစ်ရာ အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ရန် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတ အသင်းအဖွဲ့များမှ စေတနာ့ ဝန်ထမ်းများ၊ ကြက်ခြေနီအသင်းဝင်များအား သင်တန်းပေးခြင်းကို မူဆယ်ခရိုင် စုပေါင်းရုံးခန်းမ၌ ယမန်နေ့က ပြုလုပ်သည်။

အခမ်းအနားတွင် ဆေးရုံအုပ်ကြီး ဒေါက်တာ ဟန်နိုင်စိုးနှင့် ဒေါက်တာကျော်မျိုးထက်တို့က ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ရှောင်ရန်ဆောင်ရန်များ၊ ကြိုတင်ပြင်ဆင်ရမည့် အချက်အလက်များနှင့် သတိထားလုပ်ဆောင်ရမည့် အကြောင်းအရာများကို ပို့ချဆွေးနွေးသည်။

ဆွေးနွေးချက်များကို တက်ရောက်လာကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များက သိရှိလိုသည် များမေးမြန်းကာ ခရိုင်ဆေးရုံအုပ်နှင့် လက်ထောက် ဆရာဝန်တို့က ပြန်လည်ဖြေကြားသည်။

အဆိုပါ သင်တန်းကို သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀ ကျော် တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# ကော့ကရိတ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးလျက်ရှိ



**ကော့ကရိတ် စက်တင်ဘာ ၂**
ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ ဆောင်ရွက်ရန်ကျန်ရှိသော ကျေးရွာများဖြစ်သည့် ကော့လျှမ်းကျေးရွာအုပ်စု အမက (ကော့လျှမ်း )ကျောင်း၌ ယနေ့နံနက်ပိုင်းက နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးသည်။ **(ယာပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးမှ ဦးစီးအရာရှိ ဦးသန်းဝင်းအောင် ဦးဆောင်သော ဝန်ထမ်းများက အဆိုပါကျေးရွာများရှိ ကျေးလက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရေးကို စနစ်တကျ စိစစ်ပြုလုပ်ပေးရာ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် စတင်ပြုလုပ်သူရှစ်ဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် စတင်ပြုလုပ်သူ ၅၀ တို့အား ဆောင်ရွက်ပေးနိုင်ကြောင်း၊ ကျန်ရှိနေသေးသည့် ကျေးရွာအုပ်စုများနှင့် ရပ်ကွက်များသို့လည်း ဆက်လက်ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကော့ကရိတ်မြို့နယ်အတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးရန် ကျေးရွာအုပ်စု ၅၃ အုပ်စု၊ ရပ်ကွက် ၁၁ ရပ်ကွက်ရှိရာ ယနေ့အထိ ကျေးရွာအုပ်စုခြောက်အုပ်စုနှင့် ရပ်ကွက်နှစ်ရပ်ကွက်ကို ပြုလုပ်ပေးပြီးဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးမှ ဦးစီးအရာရှိက ပြောသည်။

**စောအောင်မျိုးလွင်(ပြန်/ဆက်)**

# ဗန်းမောက်မြို့နယ်အတွင်းရှိ ယာယီသစ်လုံးတံတားလေးစင်းအား သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်



**နေပြည်တော် စက်တင်ဘာ ၂**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကနန်း-မူးသား - လယ်ပဒိုးလမ်းပေါ်ရှိ မံနားကျေးရွာနှင့် ကနန်း ရွှေကျောင်းကျေးရွာကြားတွင် ယခင်က ယာယီသစ်လုံးတံတားလေးစင်း ဆောင်ရွက်ထားရှိခဲ့ရာ ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ များစွာဖြစ်ပေါ်ခဲ့သည့်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနသည် အဆိုပါ ယာယီ သစ်လုံးတံတားများကို ပေ ၂၀ သံကူကွန်ကရစ်တံတားလေးစင်းအဖြစ် ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၁၄၆ ဒသမ ၂၄၀ ဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပေ ၂၀ သံကူကွန်ကရစ်တံတားလေးစင်း ဆောင်ရွက်ပေးနိုင်မှုကြောင့် ဒေသတွင်း နေထိုင်လျက်ရှိသော တိုင်းရင်းသား ဒေသခံပြည်သူများ အနေဖြင့် ဗန်းမောက်နှင့် ပင်လည်ဘူးမြို့များသို့ အလွယ်တကူ သွားလာ၍ ကူးသန်းရောင်းဝယ်မှုများ ပြုလုပ်နိုင်ပြီ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျီခါး-တွန်းဇံလမ်းပိုင်း၌ မြေပြိုမှုဖြစ်ပွား

**ကျီခါး စက်တင်ဘာ ၂**

ချင်းပြည်နယ် ကျီခါးမြို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ယနေ့နံနက်ပိုင်းက ကျီခါး-တွန်းဇံ လမ်းပိုင်း မိုင်တိုင်(၇၁ -၇၂) အကြားတွင် လမ်းမြေပြိုမှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ကျီခါးမြို့တွင် ဩဂုတ် ၃၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စက်တင်ဘာ ၁ ရက်က ကျီခါး-တွန်းဇံလမ်းပိုင်း ကျီခါးမြို့မှ ကိုးမိုင်ခန့်အကွာ ဆောင်းဟွေ့ကျေးရွာ လမ်းခွဲအနီး မိုင်တိုင်(၇၁ - ၇၂) အကြားတွင် မြေပြိုမှုဖြစ်ပွားရာ အဆိုပါမြေပြိုမှုကြောင့် ကတ္တရာလမ်း ပေ ၂၀၀ ခန့်နှင့် လမ်းပခုံးသား ပေ ၄၀၀ ခန့် အောက်သို့ ကျွံကျပျက်စီးခဲ့ကြောင်း သိရသည်။



အဆိုပါနေရာသို့ ကျီခါးမြို့ အုပ်ချုပ်ရေးမှူး ဦးနေဇော်အောင်၊ ကျီခါးနယ်မြေရဲစခန်းမှူး ဒုရဲမှူးဝင်းဗိုလ်၊ မီးသတ်ဦးစီးမှူး ဦးကမ်းဆွင်းမုန်နှင့် လမ်းဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဒေါ်ကျိန်ဟောက်ဝုန်တို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ဒေါ်ဒိမ့်ဟောက်ဝုန် ဦးဆောင်သည့် ကျီခါးမြို့ လမ်းဦးစီးဌာနမှ လမ်းတူးစက်ဖြင့် ပြုပြင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (ဓါတ်ပုံ)

ဆလိုင်းလိန်းမာန်(ပြန်/ဆက်)

## မြစ်ရေဝင်ရောက်မှုကြောင့် ရွှေ့ပြောင်းရသည့် ကျွဲနွားများအတွက် အစာအိတ်များ အခမဲ့ဖြန့်ဝေ

**ပခုက္ကူ စက်တင်ဘာ ၂**

ပခုက္ကူခရိုင်အတွင်း ပခုက္ကူမြို့နယ်နှင့် ရေစကြိုမြို့နယ်တို့တွင် ဧရာဝတီမြစ်ရေနှင့် ချင်းတွင်းမြစ်ရေ ဝင်ရောက်မှုကြောင့် ရွှေ့ပြောင်းရသည့် ကျွဲ၊ နွားများအတွက် အစာအိတ်များကို မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက ဩဂုတ် ၃၁ ရက်တွင် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အခမဲ့ ဖြန့်ဝေသည်။

ပခုက္ကူမြို့နယ်တွင် ဧရာဝတီမြစ်ရေ ဝင်ကျေးရွာ ၁၃ ရွာအတွက် ၅၀ ကီလိုပါ အစာအိတ် ၇၀ နှင့် ရေစကြိုမြို့နယ်တွင် ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ရေဝင် ကျေးရွာ ၁၅ ရွာ အတွက် အစာအိတ် ၇၀ အိတ်တို့ကို အခမဲ့ ဖြန့်ဝေခြင်းဖြစ်သည်။

ပခုက္ကူခရိုင်အတွင်း မြိုင်မြို့နယ်အတွက် အိတ် ၃၀၊ ပေါက်မြို့နယ်အတွက် အိတ် ၃၀ နှင့် ဆိပ်ဖြူမြို့နယ်အတွက် အိတ် ၃၀ အပါအဝင် စုစုပေါင်း ခရိုင်အတွင်း ငါးမြို့နယ်အတွက် အစာအိတ် ၂၃၀ ဖြန့်ဝေထားကြောင်း ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ မြင့်ဦးထံမှ သိရသည်။

ဇော်(ပြန်/ဆက်)

## မင်းဘူး(စကု)မြို့နယ် ကျောင်းကုန်းကျေးရွာ၌ ဧရာဝတီမြစ်ကမ်းပါးပြိုကျ၍ လူနေအိမ်ခုနစ်လုံး ပြောင်းရွှေ့

**မင်းဘူး စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ် ကျောင်းကုန်း ကျေးရွာ၌ ဩဂုတ် ၃၁ ရက်က ဧရာဝတီမြစ်ရေ မြင့်တက်လာမှုနှင့်အတူ ရေတိုက်စားပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ် ခုနစ်လုံး ဘေးလွတ်ရာသို့ ကြိုတင် ပြောင်းရွှေ့ခဲ့ရကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်ထံမှ သိရသည်။

အဆိုပါ မြစ်ကမ်းပါးပြိုကျမှုကြောင့် ဩဂုတ် ၃၁ ရက်က ကျောင်းကုန်း ကျေးရွာမှ အိမ်ထောင်စု ခုနစ်စု၊ လူဦးရေ ၁၇ ဦး ကမ်းပြိုဘေးသင့်ခဲ့ရကြောင်း၊ ယင်းကျေးရွာတွင် ဩဂုတ် ၃ ရက်မှ ၃၁ ရက် ညနေပိုင်းအထိ ကမ်းပြိုဘေးကြောင့် အိမ်ထောင်စုပေါင်း ၃၀ မှ လူဦးရေ ၁၁၅ ဦးနှင့် ကျွဲနွားတိရစ္ဆာန်များ ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ခဲ့ရကြောင်း ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မှတ်တမ်းများအရ သိရသည်။

အဆိုပါ ကမ်းပြိုဘေးကြောင့် ထပ်မံပြောင်းရွှေ့ခဲ့ရသည့် ကမ်းပြိုဘေးသင့် အိမ်ထောင်စု ခုနစ်စုတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုးငွေများကို ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ယခုရက်ပိုင်းအတွင်း ထောက်ပံ့ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)



ဧရာဝတီမြစ်ကမ်းပြိုကျနေမှုကို တွေ့ရစဉ်။

## မလှိုင်မြို့နယ်တွင် မန်ကျည်းပင် လဲကျ၍ လူနေအိမ်ပျက်စီး

**မလှိုင် စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် လယ်တာအိုကျေးရွာ၌ ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စက်တင်ဘာ ၁ ရက် ည ၈ နာရီခွဲခန့်က ယင်းကျေးရွာနေ ဦးလှဦး၏ နေအိမ်အနီး သက်တမ်းနှစ်(၈၀) ခန့်ရှိ မန်ကျည်းပင် လူနေအိမ်ပေါ်သို့ လဲကျခဲ့သဖြင့် နေအိမ်ပျက်စီးခဲ့ကြောင်း သိရသည်။

သစ်ပင်လဲကျပြီး နေအိမ်ပျက်စီးမှုကြောင့် နေအိမ်ရှိ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား ဆွေမျိုးများအိမ်တွင် ခေတ္တ နေထိုင်ရန်စီစဉ်ပေးထားကြောင်း သိရသည် ။

အောင်ငွေး (မလှိုင်)

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ၊ လွန်စွာပူအေး၊ ဥတုဘေး**

## ဘိုကလေးမြို့နယ် ဘောဂဝတီကျေးရွာတွင် မိကျောင်းဆွဲခံရသူများအတွက် ထောက်ပံ့



**ဘိုကလေး စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဘောဂဝတီကျေးရွာတွင် ယခုရက်ပိုင်းများအတွင်း မိကျောင်းဆွဲခံရမှုများ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါကျေးရွာတွင်နေထိုင်သည့် လယ်လုပ်ငန်းဆောင်ရွက်သူ အမျိုးသားတစ်ဦးသည် ဩဂုတ် ၃၀ ရက်က ၎င်းအိမ်ရှေ့ ဘောဂဝတီချောင်းစပ်၌ မျိုးစပါးရေဆေးနေစဉ် မိကျောင်းဆွဲခဲ့သဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်ကာ မိကျောင်းမှာ ထွက်ပြေးသွားခဲ့ကြောင်း၊ မိကျောင်းဆွဲခံရသူမှာ ညာဘက်ဒူးခေါင်း၌ ပေါက်ပြဲဒဏ်ရာရရှိခဲ့သဖြင့် ကဒုံကနိတိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အလားတူ ဩဂုတ် ၂၂ ရက်ကလည်း ဘောဂဝတီကျေးရွာတွင် နေထိုင်သည့် အသက်(၁၂)နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးသည် ရေချိုးရန် မြစ်ကမ်းစပ်မှ ကျောက်စည်ပိုင်းထဲသို့ ရေခပ်ထည့်နေစဉ် မိကျောင်းကိုက်ချီဆွဲသွားခဲ့ပြီး ၎င်း၏ရုပ်အလောင်းအား ဩဂုတ် ၂၄ ရက်မှသာ ရွာသာယာကျေးရွာ မြောက်ဘက်သုသာန်အနီး ညောင်ပိတ်ချောင်း ကမ်းဘေးတွင် တွေ့ရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ မိကျောင်းကိုက်ခံရ၍ ကဒုံကနိတိုက်နယ်ဆေးရုံတွင် ဆေးကုသမှု ခံယူနေသည့် အမျိုးသား၏ လက်ဝယ်အရောက် စက်တင်ဘာ ၁ ရက်က ထောက်ပံ့ငွေကျပ် ငါးသောင်းအား တာဝန်ရှိသူများ ရှေ့မှောက်တွင် ပေးအပ်ပြီး မိကျောင်းကိုက်ခံရ၍ သေဆုံးခဲ့ရ သည့် အမျိုးသမီးငယ်အတွက် သေဆုံးသူ၏ မိသားစုဝင်များ လက်ဝယ် အရောက် ဩဂုတ် ၂၂ ရက်တွင် ထောက်ပံ့ငွေကျပ် သုံးသိန်းအား ပေးအပ်ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

## ရေစကြိုမြို့နယ်တွင် မြစ်ကမ်းပါးများ ပြိုကျ ရွှေ့ပြောင်း နေအိမ်များအတွက် ထောက်ပံ့

**ရေစကြို စက်တင်ဘာ ၂**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ဆင်တဲကျေးရွာ၌ ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် မြစ်ကမ်းပါးများ ပြိုကျသဖြင့် ရွှေ့ပြောင်းခဲ့ရသည့် လူနေအိမ်လေးလုံးအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို စက်တင်ဘာ ၁ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌရုံးခန်း၌ ကျင်းပသည်။

အဆိုပါ မြစ်ကမ်းပါးများ ပြိုကျသဖြင့် ဆင်တဲကျေးရွာမှ အိမ်ခြေလေးစု လူဦးရေ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၄ ဦးတို့အား နီးစပ်ရာဆွေမျိုးများနေအိမ်၌ ယာယီနေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားသည်။ အဆိုပါ နေအိမ်လေးလုံးဖျက်သိမ်းခဲ့ရသည့်အတွက် တစ်အိမ်ထောင်စုလျှင် ငွေကျပ်တစ်သိန်း၊ အိမ်ထောင်စု လေးစုအတွက် ဆန်ရိက္ခာထောက်ပံ့ငွေ တစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် တစ်ပတ်စာ ထောက်ပံ့ငွေများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ကြက်မောက်တောင်ချောင်းရေလျှံခြင်းကြောင့် မိုးကောင်းသောက်စပါးခင်း ဧက ၈၀ ခန့်နှင့် အခြားသီးနှံဧက ၇၀ ခန့်ပျက်စီး



**ကျောက်ပန်းတောင်း စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် စက်တင်ဘာ ၂ရက်က ရွာသွန်းခဲ့သည့်မိုးကြောင့် ချောင်းပေါင်းစုံကျပြီး ကြက်မောက်တောင်ချောင်း ရေလျှံကာ ချောင်းဘေးတစ်လျှောက် စိုက်ပျိုးထားသည့် မိုးကောင်းသောက် စပါးစိုက်ခင်းများနှင့် အခြားသီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း လဲဂွကျေးရွာ မိုးကောင်းသောက်စပါးစိုက်ပျိုးတောင်သူများထံမှ သိရသည်။

ထိုသို့ ရွာသွန်းခဲ့ရာ ပုပ္ပားတောင်မှ ချောင်းဖျားခံစီးဆင်းလာသည့် သံဘိုချောင်းဖျား (ဆည်ပေါက်)ချောင်း၊ ငဝချောင်း၊ သဖန်းချောင်း၊ ထန်းလယ်ချောင်းတို့ဆုံပြီး ချောင်းပေါင်းစုံသည့် ကန်ပတ်လည်အုပ်စု၊ လဲဂွကျေးရွာ၊ ညောင်ဖြူပင်ကျေးရွာ စိုက်ခင်းများနှင့် မကျီးတိုင်းအုပ်စု ကုန်းတဲကျေးရွာ စိုက်ခင်းများ ရေကြီးရေလျှံကာ စိုက်ခင်းများ ပျက်စီးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

"မိုးကတစ်ညလုံးနီးပါးရွာတာ။ ချောင်းကကျွန်တော်တို့ရွာနားရောက်တော့ တစ်ဖာလုံကျော်လောက်ကျယ်တယ်။ ချောင်းလုံးပြည့်ရေလာတာ လက်ပံပင်ကြီးတွေ၊ သရက်ပင်ကြီးတွေ၊ ညောင်ပင်တွေ ချောင်းစပ်က အပင်တွေကျွတ်ပါတဲ့အထိ ချောင်းရေများခဲ့တယ်။ ချောင်းစပ်ကုန်းပေါ်စိုက်ခင်းတွေ ရေလွှမ်းပြီး သဲနုန်းဖို့သလိုဖြစ်တာတွေ၊ လယ်တွေထဲကနေ ချောင်းရေဖြတ်စီးဆင်းတော့ စိုက်ပျိုးပင်တွေ ကျွတ်ထွက်ကုန်တာတွေ ဖြစ်ကုန်ပြီး မိုးကောင်း သောက်စပါးစိုက်ခင်းဧက ၈၀ လောက်နဲ့ အခြားသီးနှံစိုက်ခင်းတွေက ဧက ၇၀ လောက် ပျက်စီးကုန်ပါတယ်။ စက်တင်ဘာ ၂ ရက် နံနက် ၃ နာရီလောက်ထဲက ချောင်းရေကျလာပြီး ရေကြီးရေလျှံဖြစ်တာ နံနက် ၈ နာရီအထိ ချောင်းရေမကျသေးပါဘူး" ဟု လဲဂွကျေးရွာ စပါးစိုက်တောင်သူ ဦးကျော်ဇောအောင်က ပြောသည်။

မိုးကောင်းသောက်စပါးခင်းအများကြီး ပျက်စီးသွားခြင်းကြောင့် ပြန်လည်ထွန်ယက်စိုက်ပျိုးရန် မဖြစ်နိုင်တော့ကြောင်း၊ စပါးပျိုးထောင်ချိန်၊ ပြန်လည်ထွန်ယက်ချိန် မမီနိုင်တော့ကြောင်း သိရသည်။ ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးကောင်းသောက်စပါးစိုက်ပျိုးသူများ အထွက်နှုန်းကောင်းမွန်ကြခြင်းကြောင့် စိုက်ပျိုးမှုများပြီး စပါးရိတ်သိမ်းချိန်စပါးရကြကြောင်း ကြက်မောက်တောင်ချောင်း ရေကြီးရေလျှံမှုကြောင့် စိုက်ခင်းဧက ၁၅၀ ခန့် ပျက်စီးသွားကြောင်း ရေကြီးရေလျှံမှုနှင့်အတူ သဲနုန်းဖို့ခဲ့ခြင်းက လယ်ယာမြေပြန်ဖော်ဖို့ပင် တောင်သူများအတွက် အခက်အခဲပိုဖြစ်စေကြောင်း သိရသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**

# ကျီခါးမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကြိုးတံတားတစ်စင်း နေရာအချို့ပျက်စီး

**ကျီခါး စက်တင်ဘာ ၂**

ချင်းပြည်နယ် ကျီခါးမြို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျီခါးမြို့မှ ခြောက်မိုင်ခန့်အကွာ ဗန်လိုင်ကျေးရွာ သွားလမ်းရှိ ကြိုးတံတားတစ်စင်း၌ နေရာအချို့ ပျက်စီးသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ကျီခါးမြို့တွင် ဩဂုတ် ၃၁ ရက် ညနေပိုင်းမှ စက်တင်ဘာ ၁ ရက် နံနက်ပိုင်းအထိ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျချောင်းရေမြင့်တက်လာမှုကြောင့် ကျီခါး - ခင်မန်းကားလမ်းမှ ဗန်လိုင်ကျေးရွာသွားလမ်းပိုင်းရှိ လူနှင့် ဆိုင်ကယ်ကူး ကြိုးတံတားမှာ ယမန်နေ့က နေရာအချို့ ပျက်စီးခဲ့သည်။



အဆိုပါ ကြိုးတံတားကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တည်ဆောက်ထားသော အလျား ပေ ၂၀၀၊ အနံ ခြောက်ပေရှိ လူနှင့် ဆိုင်ကယ်ကူး ကြိုးတံတားဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားပျက်စီးရာနေရာသို့ ကျီခါးမြို့ အုပ်ချုပ်ရေးမှူး ဦးနေဇော်အောင်၊ ကျီခါးနယ်မြေရဲစခန်းမှ ဒုရဲအုပ်ထိန်လင်းဟန် ဦးဆောင်သည့် ရဲတပ်ဖွဲ့နှင့် မီးသတ်ဦးစီးမှူး ဦးကမ်းဆွင်းမုန် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းစစ်ဆေးပြီး ပျက်စီးသွားသော နေရာများအား လူနှင့် ဆိုင်ကယ်ယာယီဖြတ်သန်းသွားလာနိုင်ရေးအတွက် ကျေးရွာဒေသခံလူငယ်များနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကျောက်ပန်းတောင်းမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်သားတံတားတစ်စင်း ချောင်းရေဖြင့် မျောပါပြီး စိုက်ခင်းများပျက်စီး

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် စက်တင်ဘာ ၂ရက် နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကန်ပတ်လည်ကျေးရွာအုပ်စု မုံကမ်းကျေးရွာနှင့် ညောင်ဖြူပင်ကျေးရွာ ဆက်သွယ်သည့် သစ်သားတံတား အရှည် ပေ ၁၀၀၊ အကျယ် ၁၂ပေမှာ ချောင်းရေဖြင့် မျောပါပျက်စီးခဲ့ပြီး စပါးခင်းဧက ၃၀ ခန့် ချောင်းရေတိုက်စားပျက်စီးခဲ့ကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် ချောင်းရေကျဆင်းသွားပြီဖြစ်သဖြင့် တံတားမျောပါသွားခဲ့သော်လည်း မော်တော်ယာဉ်များမှအပ လူနှင့် ဆိုင်ကယ်များ ဖြတ်သန်းသွားလာ၍ ရရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းလွင်နှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်၍ ပျက်စီးစပါးခင်းများအခြေအနေနှင့် ပတ်သက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သလို ကွင်းဆင်းစိစစ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**နေအောင်**
**(ပြန်/ဆက်)**



ရေတိုက်စားပျက်စီးသွားသည့် စိုက်ခင်းများကို တွေ့ရစဉ်။

# ပခုက္ကူ - မန္တလေးကားလမ်းမပေါ်တွင် မိုးရေကျော်နေသောကြောင့် မြို့နယ်မီးသတ်တပ်ဖွဲ့က ကူညီဆောင်ရွက်ပေးနေ



**ရေစကြို စက်တင်ဘာ ၂**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ဩဂုတ် ၃၀ ရက်မှစတင်ကာ သုံးရက်ဆက်တိုက် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ပခုက္ကူ-မန္တလေးကားလမ်းမပေါ်တွင် မိုးရေကျော်နေကာ အများပြည်သူသွားလာရေး ခက်ခဲနေသောကြောင့် ကား၊ ဆိုင်ကယ်များနှင့် ကလေးမိခင်များကို စက်တင်ဘာ ၂ ရက် နံနက်မှစတင်ကာ မြို့နယ်မီးသတ်တပ်ဖွဲ့က ကူညီဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

ရေစကြိုမြို့နယ်အတွင်း ပခုက္ကူ-မန္တလေးကားလမ်းမပေါ်ရှိ ကံသစ်ကျေးရွာနှင့် ဆင်ချောင်းကျေးရွာတို့တွင် ရေကျော်နေသောကြောင့် ကား၊ ဆိုင်ကယ်နှင့် လူများ သွားလာရခက်ခဲနေသောကြောင့် ကူညီပေးနေခြင်းဖြစ်သည်ဟု ရေစကြိုမြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးညီညီအောင်က ပြောပြသည်။

"နံနက်က ကံသစ်ကျေးရွာမှာ တစ်နေရာ၊ ဆင်ချောင်းကျေးရွာနားမှာ တစ်နေရာ၊ ပခုက္ကူ-မန္တလေးကားလမ်းမပေါ်မှာ မိုးများပြီးတော့ လမ်းကိုရေကျော်လို့ ကားတွေရပ်တန့်နေရတာ မဖြစ်အောင် သွားပြီးဆောင်ရွက်ပေးတာပါ။ မိုးကတော့ သုံးရက်ဆက်တိုက် ရွာတာ၊ ကားလမ်းမပေါ်မှာ ရေတွေကျော်ပြီး ကားတွေ မောင်းမရလို့ တွန်းပေးတာတို့၊ ဆိုင်ကယ်တွေ ထမ်းပြီးတော့ ဟိုဘက်ဒီဘက်ရွှေ့ပေးတာတို့၊ တချို့ကလေးချီလာတဲ့ မိန်းမတွေကို ကံသစ်နေရာက ရေကစီးတဲ့အတွက်ကြောင့် ရေစီးထဲမပါအောင် တွဲပြီးတော့ လိုက်ပို့တာတို့ ဆောင်ရွက်ပေးတာပါ" ဟု ၎င်းက ဆက်ပြောသည်။

ထိုသို့ ကူညီဆောင်ရွက်ပေးနေမှုကို မြို့နယ်မီးသတ်တပ်ဖွဲ့အနေဖြင့် အင်အား၂၀ ဖြင့် နေရာ နှစ်နေရာခွဲကာ ကူညီဆောင်ရွက်ပေးနေသည်ဟု သိရသည်။

**အိမွန်ဆွေ**

# ကော့သောင်းမြို့ ရပ်ကွက်များအတွင်း လှည့်လည်၍ ကိုဗစ်-၁၉ ရှိ မရှိ စစ်ဆေး




ကော့သောင်း စက်တင်ဘာ ၂

**ကော့သောင်းမြို့တွင် ကိုဗစ်- ၁၉ ရောဂါ ကွင်းဆက်ဖြတ်တောက်ထိန်းချုပ်နိုင်ရေးအတွက် ရောဂါပိုးတွေ့ရှိမှုများပြားသည့် ရပ်ကွက်များအတွင်း ပိုးတွေ့သူနှင့် ဆက်စပ်သူများအား Antigen test kit ဖြင့် လှည့်လည်စစ်ဆေးခြင်းကို ကျန်းမာရေးဌာနက ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁ ရက် ညနေပိုင်းတွင် အေးရိပ်ငြိမ်ရပ်ကွက်အတွင်း ကွင်းဆင်းစစ်ဆေးပေးသည်။**

အဓိကအားဖြင့် ရပ်ကွက်များထဲမှ ရောဂါလက္ခဏာမပြဘဲ ကိုဗစ်-၁၉ ရောဂါပိုးရှိနေသူများကို ဖော်ထုတ်ပြီး ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ထိန်းချုပ်နိုင်ရန် ရည်ရွယ်ကြောင်း၊ ရပ်ကွက်များအတွင်း ပိုးတွေ့သူများနှင့် ဆက်စပ်သူများကို ကျန်းမာရေးဌာနက အခမဲ့ကွင်းဆင်းစစ်ဆေးပေးခြင်းဖြစ်ကြောင်း၊ ရောဂါပိုး တွေ့ရှိမှုများပြားသည့် ရပ်ကွက်နှင့်ကျေးရွာများအထိ မိုဘိုင်းအသွင်သဏ္ဌာန်ဖြင့် ကွင်းဆင်းလှည့်လည်၍ ရောဂါထိန်းချုပ်နိုင်သည့် အချိန်အတိုင်းအတာတစ်ခုအတွင်း လူဦးရေ ၃၀၀၀ ခန့်အား လိုက်လံစစ်ဆေးပေးရန် အစီအစဉ်ရှိကြောင်း၊ ရောဂါပိုးရှိသူကို စစ်ဆေးတွေ့ရှိပါက ပိုးတွေ့လူနာများထားရှိသည့် စင်တာသို့ ပို့ဆောင်၍ အသွားအလာ ကန့်သတ်ထားရှိပြီး ဆေးကုသမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာလင်းထိုက်က ပြောသည်။

ကွင်းဆင်းစစ်ဆေးမှုတွင် မြို့နယ်ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးကော်မတီဝင်များ၊ ကျန်းမာရေးဌာနနှင့် ကြက်ခြေနီတပ်ဖွဲ့၊ ပရဟိတကျန်းမာရေးအဖွဲ့များဖြင့် လိုက်လံစစ်ဆေးခြင်းဖြစ်ပြီး ရောဂါပိုးတွေ့ရှိမှုများသည့် အေးရိပ်ငြိမ်ရပ်ကွက်အတွင်း လူ ၁၀ ဦးအား စစ်ဆေးရာတွင် ရောဂါပိုးတွေ့ရှိသူတစ်ဦး ဖော်ထုတ်နိုင်ခဲ့ကြောင်း၊ ဆက်လက်၍ မြို့ပေါ်မှ အခြားရပ်ကွက်များနှင့် ကျေးရွာများအထိလည်း ကွင်းဆင်းစစ်ဆေး၍ ရောဂါပိုးရှိသူများကို ဖော်ထုတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

# မောင်တောမြို့တွင်းသို့ ဝင်ရောက်မည့်သူများအား ကိုဗစ်-၁၉ ပိုး ရှိ မရှိ စစ်ဆေး

**မောင်တော စက်တင်ဘာ ၂**

ရခိုင်ပြည်နယ် မောင်တောမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မြို့တွင်းသို့ ဝင်ရောက်မည့်သူများအား နှာခေါင်းတို့ဖတ်ယူ၍ Rapid Diagnostic Test ဖြင့် ကိုဗစ်-၁၉ ပိုး ရှိ/မရှိ စစ်ဆေးခြင်းကို



မြို့အဝင်/အထွက်ဂိတ်၌ စက်တင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီမှစ၍ ဆောင်ရွက်လျက်ရှိသည်။

မောင်တောမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံထွန်းအောင်၏ ဦးဆောင်မှုဖြင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့အဝင်/အထွက်ဂိတ်၌ ယခုလို စစ်ဆေးမှုဆောင်ရွက်ခြင်းဖြစ်ပြီး စက်တင်ဘာ ၁ ရက်တွင် မြို့တွင်းသို့ ဝင်ရောက်မည့် သုံးဘီးယာဉ်မောင်းနှင်သူများ၊ စစ်တွေမြို့မှ ဝင်ရောက်လာသော ကုန်တင်ကားကြီး မောင်းနှင်သူများနှင့် ယာဉ်နောက်လိုက်များ စုစုပေါင်း ၅၈ ဦးအား စစ်ဆေးခဲ့ရာ ရောဂါပိုးတွေ့သူ မရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ခရိုင်
(ပြန်/ဆက်)

# ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (စစ်ကိုင်း)က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ လှူဒါန်း

**စစ်ကိုင်း စက်တင်ဘာ ၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော စစ်ကိုင်းမြို့ရှိ ဌာနဆိုင်ရာများ၊ ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(စစ်ကိုင်း)က စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ အသင်းရုံး၌ စက်တင်ဘာ ၂ ရက်က လှူဒါန်းသည်။

လှူဒါန်းပွဲတွင် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (စစ်ကိုင်း)ဥက္ကဋ္ဌ ဦးအောင်ကြီးက ရောဂါကာကွယ်ရေး ဆောင်ရွက်ကြသည့် ဌာနဆိုင်ရာများနှင့် ပရဟိတအဖွဲ့များအတွက် အမှန်တကယ်လိုအပ်မည့် ကာကွယ်ရေးသုံးပစ္စည်းများ လှူဒါန်းပေးခြင်းဖြစ်ကြောင်း၊ အသင်းအနေဖြင့် ပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များတွင် ကိုယ်တိုင်ပါဝင် လုပ်ဆောင်နိုင်ခြင်းမရှိသော်လည်း ယခုလိုလှူဒါန်းပေးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်းစိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် အသင်းတာဝန်ရှိသူများက အောက်ဆီဂျင်လီတာ ၄၀ ဆံ့အိုး ၆၁ လုံး၊ ရောဂါကာကွယ်ရေးဝတ်စုံ အစုံ၂၅၀ ၊ အလောင်းထည့်အိတ် ၁၂၅ ခု၊ မျက်နှာအကာ အခု ၁၅၀ ၊ နှာခေါင်းစည်း ၉၅ ဘူးနှင့် Test Kit အခု ၁၅၀ တို့ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကျောက်ဖြူခရိုင်အတွင်းရှိ ဆေးရုံများသို့ အောက်ဆီဂျင်အိုးများနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်း

**ကျောက်ဖြူ စက်တင်ဘာ ၂**

ရခိုင်ပြည်နယ်အတွင်း မြို့နယ်လေးမြို့နယ်ရှိ ပြည်သူ့ဆေးရုံများသို့ CITIC Group မှ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် အောက်ဆီဂျင်အိုးများနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

လှူဒါန်းပွဲတွင် ကျောက်ဖြူခရိုင်စီမံအုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးရဲလင်းမောင်က အမှာစကား ပြောကြားပြီး CITIC Group ကိုယ်စား ကျောက်ဖြူခရိုင် ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း အများပိုင်ကုမ္ပဏီလီမိတက် (KDDCO) မှ တာဝန်ရှိသူ ဦးကျော်ကျော်စိုးနှင့် ဦးလှမျိုးကျော်တို့က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး CITIC Group မှ လှူဒါန်းသည့် နှာခေါင်းစည်း အခုရေ ၂၀၀၀၀၊ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၁၅၀၊ Flow Meter အခု ၁၅၀၊ Oxygen Mask အခု ၁၅၀၀၊ တွန်းလှည်း အစီး ၃၀ စုစုပေါင်း ခန့်မှန်းကာလ တန်ဖိုးငွေကျပ် ၅၃၃ သိန်းကို ခရိုင် စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ ပေးအပ်သည်။

အဆိုပါ လှူဒါန်းရရှိသော ပစ္စည်းများကို ကျောက်ဖြူခရိုင်အတွင်းရှိ ပြည်သူ့ဆေးရုံကြီးများဖြစ်သော ခုတင် ၂၀၀ ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီး၊ ရမ်းဗြဲမြို့နယ်ပြည်သူ့ဆေးရုံ၊ မာန်အောင်မြို့နယ် ပြည်သူ့ဆေးရုံနှင့် အမ်းမြို့နယ် ပြည်သူ့ဆေးရုံများသို့ လိုအပ်ချက်အလိုက် ခွဲဝေလှူဒါန်းပေးမည်ဖြစ်ကြောင်း ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ဖြိုးဝေလင်း
တင်ထွန်းဦး

# မုဒုံမြို့နယ် ပရဟိတအသင်းများထံသို့ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံနှင့် ကျန်းမာရေးသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်

**မုဒုံ စက်တင်ဘာ ၂**

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသော ပရဟိတအသင်းများထံသို့ မွန်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများနှင့် ကျန်းမာရေးသုံးပစ္စည်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က လွှဲပြောင်းပေးအပ်ခဲ့သည်။

လွှဲပြောင်းပေးအပ်ရာတွင် မုဒုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဇော်က မြို့နယ်အတွင်း ရောဂါကူးစက်ပြန့်ပွားမှု လျော့ကျစေရန် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ရှေ့တန်းမှ ကူညီဆောင်ရွက်ပေးနေသော ပရဟိတအသင်းများနှင့် အရေးပေါ်ကယ်ဆယ်ရေးအသင်းများကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး ပရဟိတအသင်းများနှင့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့ ခုနစ်ခုမှ တာဝန်ရှိသူများထံသို့ နှာခေါင်းစည်း ၁၈၂ ဘူး၊ လက်သန့်ဆေးရည် ၁၀၅ ဘူး၊ အဝတ်နှာခေါင်းစည်း အထုပ် ၄၂၀၊ ဘွတ်ဖိနပ် ခုနစ်ရံ၊ ဆပ်ပြာ ငါးဘူး၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၁၆၁ စုံ၊ ဖိနပ်ကာဗာ ၃၅ ခုနှင့် အမှိုက်အိတ် ၁၀၅ အိတ်တို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပေးအပ်သည်။ **အောင်မျိုးသူ(ပြန်/ဆက်)**

# ကျေးလက်နေပြည်သူအိမ်ထောင်စု ၂၀၀ ကျော်အား ဆန်နှင့် စားသောက်ကုန်များ လှူဒါန်း

**ကျိုက်လတ် စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ဆင်တာကျေးရွာအုပ်စုရှိ ကျေးရွာသုံးရွာမှ အိမ်ထောင်စု ၂၁၀ အတွက် ဆန်နှင့် အခြားစားသောက်ကုန်များကို အလှူရှင်မိသားစုက စက်တင်ဘာ ၁ ရက်တွင် ထောက်ပံ့လှူဒါန်းသည်။

ညောင်ပင်စုကျေးရွာမှ အလှူရှင် ဦးမောင်ထွန်း မိသားစုက ကိုဗစ်ကာလအတွင်း ကျေးရွာများရှိ အခြေခံလူတန်းစားမိသားစုများ အဆင်ပြေစေရေးအတွက် သံဖြူစုကျေးရွာ၊ ညောင်ပင်စုကျေးရွာနှင့် ဘိုတဲစုကျေးရွာများရှိ အိမ်ထောင်စု ၂၁၀ အတွက် တစ်အိမ်ထောင်လျှင် ဆန်လေးပြည်၊ ဆား ၅၀ သား၊ ဆီ ၃၀ သား၊ ကြက်သွန် တစ်ပိဿာနှင့် ပါရာစီတမောတစ်ကတ်ကို လှူဒါန်းခြင်းဖြစ်ကာ ဂုံးစုကျေးရွာရှိ အိမ်ထောင်စု ၈၇ စုထံသို့လည်း တစ်အိမ်ထောင်လျှင် ဆန်သုံးပြည်နှင့် ဆား ၅၀ သား၊ ကြက်သွန်တစ်ပိဿာ၊ ပါရာစီတမော တစ်ကတ်တို့ကို ၎င်းအလှူရှင်ကပင် ထပ်မံလှူဒါန်းကြောင်း သိရသည်။

မြို့နယ် ( ပြန်/ဆက်)

# ကိုဗစ်-၁၉ ကူးစက်ခံရသည့် ကျန်းမာရေးဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းများအား ထောက်ပံ့



**ရွှေတောင် စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂ ရက်က ရွှေတောင်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ မြို့နယ်ဆရာဝန်၊ တိုက်နယ်ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြီး မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု အခြေအနေများ၊ ရောဂါ ကာကွယ်၊ ထိန်းချုပ်မှုများနှင့်ပတ်သက်၍ မေးမြန်းပြီး တိုင်းဒေသကြီးအတွင်း ရောဂါဖြစ်ပွားနေမှု အခြေအနေများကို ဝန်ကြီးချုပ်က ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါကူးစက်ခံနေရသော ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ အတွက် ထောက်ပံ့ငွေများ ပေးအပ်ပြီး ပြည်သူ့ဆေးရုံအတွက် အောက်ဆီဂျင် ထုတ်စက်များနှင့် လူမှုကူညီရေးအသင်း များအတွက် ရောဂါကာကွယ်ရေး ဝတ်စုံ ၂၀၀၊ ခေါင်းစွပ် ၂၀၀ နှင့် ခြေစွပ် ၂၀၀ တို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်သည်။ **မြို့နယ်(ပြန်/ဆက်)**

## မုဒုံမြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအား ကိုဗစ်- ၁၉ အခမဲ့စစ်ဆေးပေး

**မုဒုံ စက်တင်ဘာ ၂**

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းမှ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ/ မရှိ Rapid Antigen Diagnostic Test Kit ဖြင့် စစ်ဆေး ပေးခြင်းကို ယမန်နေ့က မုဒုံ မြို့နယ်ပြည်သူ့ဆေးရုံ၊ ကမာဝက် တိုက်နယ်ဆေးရုံ၊ ကလော့သော့ ကျေးရွာနှင့် တံခွန်တိုင်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနတို့၌ အခမဲ့ ဆောင်ရွက်ပေးသည်။

အဆိုပါ နေရာလေးခု၌ မြို့နယ်အတွင်းရှိ ကျန်းမာရေး ဌာနများမှ ဝန်ထမ်းများက စစ်ဆေးပေးရာတွင် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၂၅၅ ဦးအား စစ်ဆေးပေးနိုင်ခဲ့ပြီး ယင်းတို့ထဲတွင် အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၂၂ ဦး စုစုပေါင်း ၃၉ ဦး ၌ ရောဂါပိုးတွေ့ရှိကြောင်း၊ အဆိုပါ ရောဂါပိုးတွေ့ရှိလူနာများ ကို မြို့နယ်ပြည်သူ့ဆေးရုံနှင့် ကမာဝက် တိုက်နယ်ဆေးရုံရှိ စင်တာများသို့ ပို့ဆောင်၍ ဆေးကုသပေးလျက် ရှိကြောင်း သိရသည်။



မြို့နယ်အတွင်း၌ ပြည်သူ များအား ယခုကဲ့သို့ ကြိုတင် စစ်ဆေးပေးခြင်းအားဖြင့် ကိုဗစ်-၁၉ ရောဂါကို ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရန်နှင့် ကူးစက် ပြန့်ပွားမှုနှုန်း အမှန်တကယ် လျော့နည်းကျဆင်းမှု ရှိ/ မရှိ သိရှိနိုင်ရန် ရည်ရွယ်ကြောင်း၊ မြို့နယ်အတွင်းမှ ကျန်ရှိသည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများကိုလည်း စက်တင်ဘာ ၄ ရက်အထိ ဆက်လက်စစ်ဆေး ပေးမည်ဖြစ်ကြောင်း မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

မုဒုံမြို့နယ်တွင် ဩဂုတ် ၃၁ ရက်အထိ ကိုဗစ်- ၁၉ ရောဂါ အတည်ပြုလူနာစုစုပေါင်း ၉၄၀ ရှိပြီး အတည်ပြုလူနာများအနက် ကျန်းမာရေး ပြန်လည်ကောင်း မွန်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ ၇၅၀ နှင့် သေဆုံးသူ ၆၂ ဦးရှိပြီ ဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## ကိုဗစ်ကာလအတွင်း ရွှေပြည်အေးပရဟိတအဖွဲ့က အခြေခံစားသောက်ကုန်များ လှူဒါန်း

**မင်းလှ စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး မင်းလှ မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း ဒေသခံပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် စား သောက်ကုန်များကို ရွှေပြည်အေး ပရဟိတအဖွဲ့က လှူဒါန်းလျက်ရှိရာ ယမန်နေ့က လက်ဆက်ကျေးရွာမှ နွမ်းပါးသော အိမ်ထောင်စုများ ကို အခြေခံစားသောက်ကုန်များ သွားရောက်လှူဒါန်းသည်။

ထိုသို့ လှူဒါန်းရာတွင် ရပ်နီး ရပ်ဝေးမှ စေတနာရှင်များလှူဒါန်း သော ငွေကြေးပစ္စည်းများကို ရွှေပြည်အေးပရဟိတအဖွဲ့ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် အဖွဲ့ဝင်များက တာဝန်ခံ၍ လှူဒါန်းပေးခြင်းဖြစ် ကြောင်း၊ လက်ဆက်ကျေးရွာမှ အိမ်ထောင်စု ၄၅ စုအား တစ်အိမ် ထောင်လျှင် ဆန်တစ်ပြည် (သို့မဟုတ်) တစ်ပြည်ခွဲ၊ ကြက်သွန် နီ ၅၀ ကျပ်သား၊ ကြက်ဥ လေးလုံး၊ လက်ဖက်ခြောက် တစ်ထုပ်၊ ဆားတစ်ထုပ်နှုန်းဖြင့် လှူဒါန်း ကြောင်း သိရသည်။

ရွှေပြည်အေးပရဟိတ အဖွဲ့ အနေဖြင့် ဩဂုတ် ၄ ရက်မှ စတင် ကာ အခြေခံစားသောက်ကုန်များ ကို မြို့နယ်အတွင်းမှ နွမ်းပါးသော အိမ်ထောင်စုများထံ ထောက်ပံ့ လှူဒါန်းရာ ယနေ့အထိ အမှတ် (၁)၊ (၂)၊ (၅) ရပ်ကွက်များနှင့် ဂန့်ဂေါ်ပင်၊ ဘုရားငုတ္တို၊ ထန်းပင် ကုန်း၊ လက်ဆက်ကျေးရွာများမှ အိမ်ထောင်စုပေါင်း ၇၅၀ အား ထောက်ပံ့လှူဒါန်းပြီးဖြစ်ကြောင်း နှင့် စေတနာအလှူရှင်များ ထပ်မံ ရရှိပါက နွမ်းပါးသောအိမ်ထောင်စု များကို ဆက်လက် ထောက်ပံ့ လှူဒါန်းပေးမည်ဖြစ်ကြောင်း သိရ သည်။ **ပေါက်စ (မင်းလှ)**



## မြို့နယ်အသီးသီး၌ သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်များ ထောက်ပံ့ပေးအပ်

**ကျွန်းစု**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းမှ အသက် ၈၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများအား နိုင်ငံတော်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာ နှစ် တတိယသုံးလပတ်အတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် သုံးသောင်းစီကို စတင်ထောက်ပံ့ပေးလျက်ရှိသည်။ မြိတ်ခရိုင် လူမှု ဝန်ထမ်းဦးစီးဌာနဦးစီးအရာရှိ ဒေါ်သီနွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး များက စက်တင်ဘာ ၂ ရက်တွင် ကျွန်းစုမြို့ အမှတ်(၂) ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်တို့ရှိ သက်ကြီးဘိုးဘွားများထံ အိမ်တိုင်ရာရောက် သွားရောက် ထောက်ပံ့ပေးအပ်ပြီး အခြားရပ်ကွက်နှင့် ကျေးရွာများမှ ဘိုးဘွား စုစုပေါင်း ၄၃၇ ဦးထံသို့လည်း သက်ဆိုင်ရာ အုပ်ချုပ်ရေး မှူးများမှတစ်ဆင့် ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**စည်သူရအောင်(ကျွန်းစု)**

**ကြံခင်း**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်းမှ အသက် ၈၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများအတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေ များကို လူမှုဝန်ထမ်းဦးစီးဌာနက စက်တင်ဘာ ၁ ရက်မှစ၍ အိမ် အရောက် လိုက်လံထောက်ပံ့ပေးအပ်လျက်ရှိသည်။ ဧပြီ၊ မေ၊ ဇွန် သုံးလ အတွက် တစ်လလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် သုံးလစာကို ထောက်ပံ့ ပေးခြင်းဖြစ်ပြီး ကြံခင်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်စု ၃၅ စု၌ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၉၃၂ ဦးရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ချောင်းဦး**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် မြို့မရပ်ကွက်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သည့် လူမှုရေးပင်စင် ထောက်ပံ့ငွေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကျော်နှင့် အဖွဲ့ဝင်များက စက်တင်ဘာ ၁ ရက်က အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေး အပ်ကာ ဘိုးဘွားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေး အတွက် ကာကွယ်ရေးနည်းလမ်းများဖြင့်နေထိုင်ရန်နှင့် ကာကွယ်ဆေး များထိုးကြရန် မြို့နယ်အုပ်ချုပ်ရေးမှူးက တိုက်တွန်းပြောကြားသည်။ ချောင်းဦးမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၂ စု၌ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွား ၈၆၈ ဦးရှိကာ နိုင်ငံတော်မှ ထောက်ပံ့ပေးအပ် သည့် သုံးလစာ လူမှုရေးပင်စင်ထောက်ပံ့ငွေ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ စီကို ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ဘိုးဘွားများထံ အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးမည်ဖြစ် ကြောင်း သိရသည်။ **ဝင်းမြင့်အောင်(ပြန်/ဆက်)**

**ကျိုက်ထို**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေများကို ဩဂုတ် ၃၁ ရက်မှစတင်၍ ရပ်ကွက်/ကျေးရွာများအလိုက် အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ပေးလျက်ရှိသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၏ ဒုတိယ သုံးလပတ် (ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်)လများအတွက် ဘိုးဘွားတစ်ဦး လျှင် ထောက်ပံ့ငွေကျပ်သုံးသောင်းစီဖြင့် ရပ်ကွက်/ ကျေးရွာအုပ်စု ၄၁ အုပ်စုမှ ဘိုးဘွား ၆၄၅ ဦးအတွက် ထောက်ပံ့ငွေများကို အိမ်တိုင်ရာ ရောက် လိုက်လံထောက်ပံ့ပေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ဂန္ဓမာလမ်းနှင့် ရွှေအုတ်ဂူလမ်းထောင့်၊ မြေတိုင်းရပ်ကွက်အ မှတ်(၈)၊ မြေကွက်အမှတ်(၆၃၆)၊ မြေအကျယ်အဝန်း ပေ(၄၀ x ၆၀)၊ ၂၄၀၀ စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် မြို့မြေစာရင်းတွင် ဒေါ်ခင်မျိုးနိုင် ၁၂/သကတ(နိုင်)၀၀၅၁၃၃၊ ဒေါ် အိဆွေဝင်း ၁၃/တကန(နိုင်)၀၀၃၃၅၆ အမည်ဖြင့် တည်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ကို ကျွန်ုပ်မိတ်ဆွေက တရားဝင် အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေအိမ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှခိုင် (လိုင်စင်-၂၃၃၈၀)အထက်တန်းရှေ့နေ
အမှတ်(၃၉)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၅၀၄၇၀၀၁

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ပိတောက်ပင်လမ်း၊ (၅)လွှာ၊ အမှတ် (၇၆)နေ ဒေါ်ယဉ်မြင့်အေး(ဘ)ဦးစန်းအေး ၁၂/သလန(နိုင်)၀၈၀၀၈၇ ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အုတ်ဖိုစုရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် (၇)ဟုခေါ်တွင်သည့် အကွက်အမှတ် (၂၆)၊ ကျိုက်ဇောခိမြောက်ကွက်၊ ဦးပိုင်အမှတ် (၆၃/က)၊ ဧရိယာ ၀ဒသမ၁၁၀ဧကအကျယ်ရှိ မြေကွက်မှာ မောင်ဘရှင်အမည်ပေါက် (မြို့မြေ) ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကြသူများဖြစ်သည့် ဒေါ်စန်းရီ ၁၂/သလန(နိုင်)၀၁၄၇၁၃၊ ၂။ ဒေါ်မြင့်ရွှေ ၁၂/သလန(နိုင်)၀၃၂၉၇၀၊ ၃။ ဦးသန်းဝင်း(ခ)ကစ္စနား (SRM-၀၀၆၃၆၁)၊ ၄။ ဒေါ်သန်းသန်းညို ၁၂/သလန(နိုင်)၀၁၅၀၀၆၊ ၅။ ဦးရွှေဝင်း ၁၂/သလန(နိုင်)၀၁၄၉၆၃၊ ၆။ ဦးမောင်မောင်အေး ၁၂/သလန(နိုင်)၀၁၄၇၈၀၊ ၇။ ဒေါ်မြင့်စိန် ၁၂/သလန(နိုင်)၀၁၅၀၀၈၊ ၈။ ဦးကျော်ဝင်း ၁၂/သလန(နိုင်)၀၁၄၆၀၃၊ ၉။ ဦးမောင်မောင်သန်း ၁၂/သလန(နိုင်)၀၁၄၈၀၀၊ ၁၀။ ဦးကျော်ထွေး ၁၂/သလန(နိုင်)၀၆၉၄၇၂ ကိုင်ဆောင်သူတို့ထံမှ ကျွန်မတို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်မာသောစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)အပြည့်အစုံဖြင့် ကျွန်မတို့ထံကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B) | ဒေါ်ခိုင်သူဇာဝင်း (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၄၉/၂၀၁၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၃၄/၂၀၁၄) |
| ဖုန်း-၀၉-၄၂၀၅၃၁၁၀ | ဖုန်း-၀၉-၄၂၀၅၃၁၀၁ |

(ရုံးခန်း) ရန်ကုန်တောင်ပိုင်းခရိုင်၊ တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။







**စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းနှင့် ပတ်သက်၍ ထပ်မံရက်တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း**

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ပေး/တင်သွင်းခြင်းကို **၃၁-၈-၂၀၂၁ ရက်နေ့**အထိ နောက်ဆုံးထုတ်ယူ/တင်သွင်းရန် ကြော်ငြာထားရှိခဲ့သော်လည်း ယခုအခါ COVID-19 ရောဂါကူးစက်ပြန့်ပွားမှု အခြေအနေများအရ ဗိုလ်လောင်းလျှောက်လွှာထုတ်ပေး/တင်သွင်းခြင်းကိုလည်း **၃၀-၉-၂၀၂၁ ရက်နေ့**အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း**

ဦးထွန်းအောင်-ဒေါ်တင်တင်သိန်းတို့၏သားဖြစ်သူ မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ကန်သာယာ(၈)လမ်းနေ ဒေါ်နန်းအိဖြူ ဖြူကျော်၏ ခင်ပွန်း၊ ဦးရဲဇော်သူ ၇/သကန(နိုင်)၁၀၃၃၁၀သည် မိဘနှစ်ပါးနှင့် မိသားစုဆွေမျိုးများအပေါ်တွင် စိတ်ဆင်းရဲ ဒုက္ခရောက်အောင် ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ပါသဖြင့် ၂-၉-၂၀၂၁ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် ဦးရဲဇော်သူနှင့် ပတ်သက်လာသမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးထွန်းအောင် ၉/အမရ(နိုင်)၀၉၂၉၈၃
ဒေါ်တင်တင်သိန်း ၉/မမန(နိုင်)၀၃၄၇၂၃

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ အောင်သဗ္ဗာလမ်း၊ မြေကွက်အမှတ်(၃၅၁)၊ အကျယ်အဝန်း(၄၂ပေ× ၆၀ပေ)ရှိ ဦးစိုးမြင့်(MUN-၀၅၂၂၇၁) အမည်ပေါက်နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်စိန် (၇/ပခန(နိုင်)၁၀၁၀၈၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးဇော်မျိုးနိုင် |
| LL.B, D.B.L, D.I.L, | LL.B, D.B.L, |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ (စဉ်-၄၅၆၅၃) |
| Hein Htet San Law Firm | ဖုန်း- ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၅၅၀၆၁၄၆ |



## ကျိုက္ခမီမြို့နယ်အတွင်းရှိ မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် ငါးဖမ်းမျှောပိုက်လှေမှ လှေသားများအား ကူညီကယ်ဆယ်

**နေပြည်တော် စက်တင်ဘာ ၂**

မွန်ပြည်နယ် ကျိုက္ခမီမြို့နယ်အတွင်းရှိ မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၃၁ ရက် နံနက် ၃ နာရီ ၅ မိနစ်တွင် ကျိုက္ခမီမြို့၏ အနောက်တောင်ဘက် ရေမိုင် ၂၃ မိုင်ခန့်အကွာသို့အရောက်၌ ရေဝင်နစ်မြုပ်မှု ဖြစ်ပေါ်နေသည့် ငါးဖမ်းမျှောပိုက်လှေငယ်တစ်စင်းအား တွေ့ရှိသဖြင့် အဆိုပါလှေမှ လှေသား ခြောက်ဦးကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အဆိုပါ ငါးဖမ်းမျှောပိုက်လှေငယ်သည် သံဖြူဇရပ်မြို့နယ် စက်စဲကမ်းခြေ ခမင်းဆိပ်ကျေးရွာနေ ဦးအထွန်း ပိုင်ဆိုင်သော လှေဖြစ်ပြီး ၎င်းလှေသည် လှိုင်းလေကြမ်းတမ်းသဖြင့် ရေဝင်နစ်မြုပ်ခဲ့ခြင်းဖြစ်ရာ တပ်မတော်ရေယာဉ်မှ တပ်မတော်သားများက လှေသား ခြောက်ဦးကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြိတ်၊ ဟိုပန်နှင့် နောင်ချိုမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီတွင် မြိတ်မြို့နယ်မြိတ်တောင်ကျေးရွာရှိ သီဟဇော်၏ နေအိမ်သို့ ဝင်ရောက်စစ်ဆေးရှာဖွေရာ ၎င်းအားတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးပေါ်ပေါက်ချက်အရ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအတွင်း၌ မရွှေကျင်ကို စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် ဟိုပန်မြို့နယ် မတ်ဝမ်ကျေးရွာအနီး မတ်ဝမ်-ခြူးရွှေကျေးရွာသွား လမ်းမပေါ်တွင် သတင်းအရ သူရကျော်(ခ)လှကျော် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း၊ ညနေ ၆ နာရီ ၃၅ မိနစ်တွင် အဆိုပါနေရာ၌ပင် ကျန်ချိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ စက်တင်ဘာ ၁ ရက် ည ၁၀ နာရီ ၁၅ မိနစ်တွင် နောင်ချိုမြို့နယ် အိုရီယမ်တယ် တိုးဂိတ်အနီး မူဆယ်-မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ်(၇၉/၁)တွင် ခင်မောင်လွင် မောင်းနှင်ပြီး အောင်သန်း လိုက်ပါလာသည့် Kluger အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ခင်မောင်လွင်နှင့် အောင်သန်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး) ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

( ခ ) ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

( ဂ ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) (**M.B.B.S**) သို့မဟုတ် (**B.D.S**) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာ တက္ကသိုလ်မှ (**Grading Certificate**) အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး အောက်တိုဘာလ ၁၅ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**သို့ ပေးပို့ကြရမည်။

၉။ သတ်မှတ်အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များအား တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
### အခွန်ထမ်းကုမ္ပဏီများ၏ ကြေညာလွှာတင်သွင်းခြင်းလုပ်ငန်းစဉ်တွင် အီလက်ထရောနစ် အခွန်ကြေညာလွှာတင်သွင်းမှုစနစ်ဖြင့် ပြောင်းလဲကျင့်သုံးသွားမည့်အစီအစဉ်ကို အသိပေး ကြေညာခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ အခွန်ကြေညာလွှာတင်သွင်းသည့် လုပ်ငန်းစဉ်များတွင် လွယ်ကူလျင်မြန်စေရန် ရည်ရွယ်လျက် အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာ တင်သွင်းမှုစနစ် (E-Filing Management System) ကိုအသုံးပြု၍ ကြေညာလွှာများတင်သွင်းနိုင်ရေး ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

၂။ အခွန်ထမ်းမှတ်ပုံတင်အမှတ် (Taxpayer Identification Number – TIN) ရရှိပြီးဖြစ်သော အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄) နှင့် (၅) တို့၏ အခွန်ထမ်းကုမ္ပဏီများအနေဖြင့် သက်ဆိုင်ရာ အခွန်ရုံးများသို့ သုံးလပတ်အထူးကုန်စည်ခွန် ကြေညာလွှာ၊ သုံးလတစ်ကြိမ် ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ၊ အခြေပစ္စည်းမှ မြတ်စွန်းငွေ ကြေညာလွှာ၊ နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာနှင့် ဝင်ငွေခွန်ကြေညာလွှာများကို လူကိုယ်တိုင် လာရောက်တင်သွင်းနေမှုအစား အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းခြင်းစနစ်ကို အသုံးပြု၍ တင်သွင်းနိုင်ပါသည်။

၃။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမည်ဆိုပါက အခွန်ထမ်းများအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝက်ဘ်ဆိုဒ် (www.ird.gov.mm) ၏ E-Filing Service Login Here မှတစ်ဆင့် Link ဝင်ရောက်ပြီး စနစ်အသုံးပြုခွင့်အတွက် ပထမဦးစွာ Account Register ပြုလုပ်ရမည် ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းခြင်းစနစ် အသုံးပြုနိုင်ရန်အတွက် Account Registration ပြုလုပ်ပုံနှင့် စနစ်အသုံးပြု၍ ကြေညာလွှာတင်သွင်းပုံအဆင့်ဆင့် ဗွီဒီယိုဖိုင် (User Guide Video Files) များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် www.ird.gov.mm > Media Menu (https://www.ird.gov.mm/my/content/video) တွင် လေ့လာနိုင်ပါသည်။

၄။ ကြေညာလွှာများကို အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဦးစီးဌာနမှ အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့ အား တင်သွင်းသည်ဟုမှတ်ယူမည်ဖြစ်ပြီး ယင်းပေးပို့သည့်နေ့သည် အများပြည်သူရုံးပိတ်ရက်တွင် ကျရောက်ပါက ယင်းနေ့နှင့် နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု သတ်မှတ်မည်ဖြစ်ပါသည်။

၅။ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing) ကိုအသုံးပြု၍ တင်သွင်း ခြင်းအားဖြင့် သက်ဆိုင်ရာအခွန်ရုံးများသို့ လူကိုယ်တိုင်သွားရောက် ရန်မလိုအပ်ဘဲ အချိန်နေရာမရွေးတင်သွင်းနိုင်သည့်အတွက် အချိန်နှင့်ကုန်ကျစရိတ်သက်သာနိုင်ခြင်း၊ အခွန်ရုံးများနှင့် တိုက်ရိုက်ထိတွေ့မှုကိုလျှော့ချနိုင်ခြင်း၊ ဆောင်ရွက်လိုသည့်လုပ်ငန်းများကိုလျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

၆။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် ရန်ကုန်မြို့ရှိ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးတို့တွင်၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့မှ စတင်၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing) ဖြင့်သာ ကြေညာလွှာ တင်သွင်းခြင်းကို လက်ခံဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အခွန်ထမ်းကြီးများဆိုင်ရာအခွန် ရုံးနှင့် ရန်ကုန်မြို့ရှိအလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးတို့၏အခွန်ထမ်းကုမ္ပဏီများအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့မှစတင်၍ သက်ဆိုင်ရာအခွန်ရုံးများသို့ အခွန်ကြေညာလွှာများကို တင်သွင်းရာတွင် အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing) ဖြင့်သာ ပြောင်းလဲဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

၇။ အခွန်ထမ်းများအနေဖြင့် သိရှိလိုသည်များရှိပါက ပြန်ကြားရေးအဖွဲ့၊ ပြည်တွင်းအခွန်များဦးစီး ဌာန၊ ရုံးအမှတ်-၄၆၊ နေပြည်တော်၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂၊ သက်ဆိုင်ရာ အခွန် ရုံးများ၏ အခွန်ထမ်းရေးရာဌာနစုနှင့် သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ (e-Service Section) ဖုန်းနံပါတ် ၀၁-၈၃၇၉၀၂၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်းနှင့် အခွန်ထမ်းပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

## ကွာရှင်းပြတ်စဲပြီးစီးကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနရပ်ကွက်၊ ဧရာဝတီလမ်း၊ အမှတ်(၈၅)နေ ကိုထင်လင်းဇော်(ခ)မုဟမ္မဒ်ဖေရို့စ် ၁၂/အလန(နိုင်)၀၄၈၂၄၇နှင့် ရန်ကုန်တိုင်းဒေသကြီး၊ အရိုးကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၂၉၉)နေမခင်ဆောင်းဟေမာန်(ခ)ဖွာသွေမဟ်ဘီ ၁၂/တမန(နိုင်)၁၃၁၁၉၄တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသောကြောင့် (၃၀-၈-၂၀၂၁)ရက်တွင် မော်လဝီဟာဖစ်အိုဆာမား၏ ရှေ့မှောက်ထံတွင် နှစ်ဦးသဘောတူသွလာက်(၃)ကြိမ်(၃)ခါပေး၍ လင်မယားအဖြစ်မှ အပြီးအပြတ် ကွာရှင်းပြတ်စဲလိုက်ပြီးဖြစ်ပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦးဂုဏ်သိက္ခာကျဆင်းစေသည့် ပြောဆိုခြင်း၊ နေထိုင်ပြုမူခြင်းများကို မပြုလုပ်ရန်အတွက် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထိုက်ထိုက်စိုး**
**အထက်တန်းရှေ့နေ(စဉ်-၃၃၆၃၈)**
**အမှတ်(၁၁၁)၊ ပန်းလှိုင်(၃)လမ်း၊ ဟုမ်းလမ်း၊ ဘူတာရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (V 57)၊ အကျယ်အဝန်း (ပေ ၁၀)x (၄၅)ပေရှိ နှစ် ၉၀ ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသော အမှတ် (၂၁)၊ ဆင်စွယ်လမ်း၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ အလုံမြို့နယ်ရှိ နေအိမ်အဆောက်အဦး၏ မြေညီထပ် (ခေါင်းရင်းခန်း)အား ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အေးသန္တာဦး ၁၂/တမန(နိုင်)၀၀၁၁၇၃ ကိုင်ဆောင်သူ၏ ခင်ပွန်း ဖြစ်သူ ဦးမျိုးဇော်လတ်(ဘ)ဦးမျိုးမြင့် ၁၂/အလန(နိုင်)၀၂၉၃၄၇ ကိုင်ဆောင်သူသည် ဒေါ်အေးစိန်ထံမှ အရပ်ကတိစာချုပ်ဖြင့် (၂၉-၁၀- ၂၀၁၃)ရက်နေ့တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ ကျွန်ုပ်မိတ်ဆွေ၏ခင်ပွန်း ဦးမျိုးဇော်လတ်မှာ ကွယ်လွန်သွားသည့်အတွက် ဒေါ်အေးသန္တာဦးသည် ၎င်းဝယ် ယူပိုင်ဆိုင်ထားသော နေအိမ်အား ဇနီးဖြစ်သူမှ တရားဝင်လက်ဝယ်ရရှိပိုင်ဆိုင်ခဲ့သည့်အတွက် ဤနေအိမ်အား ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လျှုဒါန်းစသောကိစ္စအဝဝကို တရားဝင်ပိုင်ဆိုင်လာခဲ့ပြီး မည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်မှုမရှိကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထိုက်ထိုက်စိုး**
**အထက်တန်းရှေ့နေ**
**(စဉ်-၃၃၆၃၈)**
**အမှတ် (၁၁၁)၊ ပန်းလှိုင် (၃)လမ်း၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ဖုန်း-၀၉-၄၂၁၀၈၇၈၄၉**

## တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၁-၂၀၂၂ခုနှစ် (၆)လရန်ပုံငွေ ဘဏ္ဍာနှစ်ဖြစ်သော (၁-၁၀-၂၀၂၁ ရက်မှ ၃၁-၃-၂၀၂၂ရက်ထိ) တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ(ရန်ကုန်) ကြီးကြပ်မှုအောက်ရှိ အောက်ဖော်ပြပါလုပ်ငန်း (၁၁)ခုကို အငှားချဆောင်ရွက်ရန်အတွက် လုပ်ငန်းလုပ်ကိုင်လိုသူများထံမှ ချိတ်ပိတ်တင်ဒါ/ဈေးပြိုင်စနစ်ဖြင့် ခေါ်ယူမည်ဖြစ်ပါသည်-

(၁) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ စက်ဘီးငှားရမ်းခြင်းလုပ်ငန်း(၁)
(၂) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ စက်ဘီးငှားရမ်းခြင်းလုပ်ငန်း(၂)
(၃) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်း
(၄) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း (၁) ပင်မဂိတ်အနီး
(၅) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း (၂) ပြည်ထောင်စုခန်းမ အနောက်
(၆) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း (၃) ဗမာအိမ်အနီး
(၇) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း (၄) မွန်အိမ်အနီး
(၈) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း (၅) ရခိုင်အိမ်အနီး
(၉) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း (၆) ချင်းအိမ်အနီး
(၁၀) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း (၇) အင်းလေးကန်အနီး
(၁၁) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း (၈) ကယားအိမ်အနီး

၂။ ချိတ်ပိတ်တင်ဒါ/ ဈေးပြိုင်စနစ်ပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တာဝန်ခံအရာရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ရုံးသို့ဖြစ်စေ၊ ဖုန်း-၀၉-၅၁၄၈၉၅၄၊ ၀၉-၄၅၀၀၄၇၅၈၈၊ ၀၁-၅၄၇၄၂၆တို့သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| **တင်ဒါရောင်းချမည့်ရက်** | - | ၇-၉-၂၀၂၁ရက် |
| **တင်ဒါအရောင်းပိတ်မည့်ရက်** | - | ၂၀-၉-၂၀၂၁ရက် |
| တင်ဒါကျင်းပမည့်ရက် | - | ၂၁-၉-၂၀၂၁ရက် |
| **တင်ဒါကျင်းပမည့်နေရာ** | - | ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)အစည်းအဝေးခန်းမ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**မွေးသက္ကရာဇ် အမှန်**

ပေါင်မြို့နယ်၊ ကဒုံစီးရပ်ကွက်၊ အလယ်ပိုင်းနေ (ဘ)ဦးလှသန်း၏သား မောင်ကျော်မင်းအောင် ၁၀/ပမန(နိုင်)၀၆၄၇၅၄ ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၅-၁၁-၁၉၇၃) ဖြစ်ပါကြောင်း။

**မောင်ကျော်မင်းအောင်**

### စာချုပ်စာတမ်းမှုကြမ်းအား ကန့်ကွက်တင်ပြနိုင်ရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၃၄)
### ပြည်မြို့နယ်တရားမရုံးတော်၌
### ၂၀၂၁ခုနှစ် တရားမဇာရီမှုအမှတ်-၁၇

ဦးမောင်မောင်ခင်(ခ)ဦးတင်ရွှေ နှင့် ဦးထွန်းအေး
**တရားနိုင်** **တရားရှုံး**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ဆံတော်ရပ်၊ တီကျစ်ဆုံလမ်းနေ(ယခု နေရပ်လိပ်စာမသိသူ) တရားရှုံးဦးထွန်းအေး သိစေရမည်။

အထက်ဖော်ပြပါအမှုတွင် ဒီကရီအနိုင်ရသူက နောက်တွင်မှုကြမ်းအဖြစ် ပူးတွဲပါရှိသည့် အောက်တွင်သီးခြားဖော်ပြထားသော မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် စပ်လျဉ်းသည့် မြေနှင့် အဆောက်အအုံအပြီးအပိုင်အရောင်းအဝယ်စာချုပ်စာတမ်းကို ရုံးတော်က သင်၏ကိုယ်စား ချုပ်ဆိုပေးနိုင်ရန် (၈-၇-၂၀၂၁)ရက်တွင် ဤရုံးတော်သို့ လျှောက်လွှာတင်သွင်းလာသည်ဖြစ်၍ ဆိုခဲ့သည့် လျှောက်လွှာကိုကြားနာရန် ၂၀၂၁ခုနှစ် ဩဂုတ် ၉ရက်သို့ ချိန်းဆိုထားရှိရာ သင်ကအဆိုပါနေ့ရက်တွင် ရုံးတော်သို့ လာရောက်၍ ဆိုခဲ့သည့်စာချုပ် မှုကြမ်းကို တစ်စုံတစ်ရာ ရေးသားကန့်ကွက်ချက်များတင်သွင်းလိုက တင်သွင်းနိုင်ရန် အကြောင်းကြားလိုက်သည်။

**ပစ္စည်းစာရင်း**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ဆံတော်ရပ်ကွက်၊ တီကျစ်ဆုံလမ်း၊ အကွက်အမှတ် (၉D-ဆံတော်အနောက်)၊ ဦးပိုင်အမှတ်-(၁၁၁)(က)၊ ပိုင်ဆိုင်ခွင့်(B)၊ မြေချိန် ဧရိယာ ၀ ဒသမ ၀၁၉ဧကရှိ အိမ်ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်။

၂၀၂၁ခုနှစ် ဇူလိုင် ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နေဦး)
**မြို့နယ်တရားသူကြီး**
**ပြည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)က၊ ကျွန်းရွှေဝါလမ်း၊ မြေကွက်အမှတ်(၃၂၅)၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)အနက်မှ ခေါင်းရင်းခြမ်း မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးလှကြိုင် ၁၂/ဥကတ(နိုင်)၀၃၃၂၁၆ အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးသန့်ဇင် ၁၂/ဥကတ(နိုင်)၀၀၆၅၄၃ သည် နှစ်ဦးသဘောတူအဆင့်ဆင့် အဆက်ဆက် အစပ်ကတိစာချုပ်များဖြင့် ရောင်းဝယ်လာခဲ့ပြီး နောက်ဆုံး ဦးဇော်မင်း ၁၀/ကထန(နိုင်)၀၉၅၇၀၆ မှ ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်တော် ဦးကြည်စိုး ၁၂/ဒဂတ(နိုင်)၀၆၀၉၆၈ ထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်တော်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်တော်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**အပြီးအပိုင်ဝယ်ယူမည့်သူ**
**ဦးကြည်စိုး ၁၂/ဒဂတ(နိုင်)၀၆၀၉၆၈**
**စမ်းရေတွင်းလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၀၀၃၉၉၁၆**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်
## ညောင်လေးပင်မြို့နယ်တရားရုံး
## ညောင်လေးပင်မြို့
## အိတ်ဖွင့်တင်ဒါကြော်ငြာခေါ်ယူခြင်း

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ညောင်လေးပင်မြို့နယ်တရားရုံး၏ ၀၄၀၂ ခေါင်းစဉ်ဖြင့် မြို့နယ်တရားရုံးအဆောက်အဦ အမိုးပြန်လည်မိုးခြင်း၊ မျက်နှာကြက်ပြန်လည်ပြင်ဆင်တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရန်ရှိပါ၍ လိုင်စင်ရကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ညောင်လေးပင်မြို့နယ်တရားရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၇-၉-၂၀၂၁ရက် |
| **တင်ဒါပိတ်မည့်ရက်** | - | ၁၅-၉-၂၀၂၁ရက် |
| **တင်ဒါပိတ်မည့်အချိန်** | - | ၁၆:၀၀ |
| **ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်** | - | ၀၉-၄၂၈၁၇၂၉၀၆၊ ၀၅၂-၂၇၅၀၀၃၉ |

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ညောင်လေးပင်မြို့နယ်တရားရုံး**
**ညောင်လေးပင်မြို့**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ ၂၀၂၁ ခုနှစ် အောက်တိုဘာလ (၁)ရက်မှ ၂၀၂၂ ခုနှစ် မတ်လ ၃၁ရက်ထိ (၆) လ ဘဏ္ဍာရေးနှစ်အတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနမှ အရပ်ရပ်အခွင့်အရေးလိုင်စင် (၆)ခု၏ လုပ်ပိုင်ခွင့်များအား (ဒုတိယအကြိမ်) ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | လယ်ဝေးနွားပွဲဈေးဝင်ကြေးကောက် | ၂၀၅၀၀၀/- |
| (ခ) | လယ်ဝေးနွားပွဲဈေးစက်ဘီး၊ ဆိုင်ကယ်အပ်နှံမှု | ၁၂၅၀၀၀/- |
| (ဂ) | သာဝတ္ထိနွားပွဲဈေးဝင်ကြေးကောက် | ၆၃၉၀၀၀၀/- |
| (ဃ) | သာဝတ္ထိနွားပွဲဈေးစက်ဘီး၊ ဆိုင်ကယ်အပ်နှံမှု | ၅၂၀၀၀၀/- |
| (င) | တပ်ကုန်းနွားပွဲဈေးဝင်ကြေးကောက် | ၅၅၁၀၀၀၀/- |
| (စ) | တပ်ကုန်းနွားပွဲဈေးစက်ဘီး၊ ဆိုင်ကယ်အပ်နှံမှု | ၃၇၇၅၀၀/- |

၂။ ဈေးပြိုင်စနစ်ဖြင့် (ဒုတိယအကြိမ်) လေလံတင်ရောင်းချခြင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

(က) နေ့ရက် - ၉-၉-၂၀၂၁ရက် (ကြာသပတေးနေ့)
(ခ) အချိန် - နံနက် ၁၀:၃၀ နာရီ
(ဂ) နေရာ - ဈေးများဌာနအစည်းအဝေးခန်းမ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ။

၃။ လေလံလျှောက်လွှာနှင့် စည်းကမ်းချက်များကို နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနတွင် ရုံးချိန်အတွင်း အခမဲ့ရယူလျှောက်ထားနိုင်ပါသည်။ လျှောက်လွှာပိတ်ရက်မှာ ၇-၉-၂၀၂၁ရက် (အင်္ဂါနေ့) ညနေ ၃:၃၀ နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၃၂၄၉၃၊ ၀၉-၂၆၂၅၈၀၃၀၆သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၄၈)လမ်း၊ အမှတ်(၁၅၈)၊ မြေညီထပ်၊ အကျယ်အဝန်း ပေ(၂၅ x ၆၀)ခန့်ရှိ တိုက်ခန်းတစ်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဥပဒေနှင့်အညီတရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြု၍ လွှဲပြောင်းရောင်းချလိုကြောင်း အဆိုကမ်းလှမ်းသူ ဒေါ်ခင်အေးကြူ ၁၂/ဗတထ(နိုင်)၀၀၈၆၁၉ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးဝင်းစိန် ၁၂/ဗတထ(နိုင်)၀၂၄၆၇၅နှင့် ဒေါ်ဌေးဌေးဝင်း ၁၂/တမန(နိုင်)၀၇၃၇၀၁ တို့က အပြီးအပိုင်ဝယ်ယူ ရန်သဘောတူညီကြပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို (စရန်ငွေ)အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်း အရောင်းအဝယ်ကိစ္စကို အကျိုးသက်ဆိုင်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းစိန် ၁၂/ဗတထ(နိုင်) ၀၂၄၆၇၅ နှင့် ဒေါ်ဌေးဌေးဝင်း**
**၁၂/တမန(နိုင်) ၀၇၃၇၀၁တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်လဲ့ဝေ(LL.B.,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၉၁)**
**အမှတ်(၅၇)၊ ခြောက်လွှာ၊ သိပ္ပံလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၇၄၇၅၆၅၀၆**

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၉-၂၀၂၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၃၀)ပါ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၉၁) ဦးရန်ပိုင်စိုး အများသိစေရန် ကြေညာချက်တွင် ဦးကိုကိုသိုက် ၁၂/ဒဂမ(နိုင်)၀၀၁၀၈၇အစား ဦးအောင်ကိုကိုသိုက် ၁၂/ဒဂမ(နိုင်)၀၀၁၀၈၇ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### သားသမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ ဖားကန့်မြို့၊ မရှိကထောင်ရပ်ကွက်၊ အိမ်အမှတ် (A/၄၈)တွင် နေထိုင်သော ဦးကျော်ဝင်း ၁/ကမန(နိုင်)၀၅၁၂၉၄-ဒေါ်ရီမြင့် ၁/ဗမန(နိုင်)၀၁၂၆၀၇ တို့၏ သား မောင်စိုးကျော်ကျော် ၁/ကမန(နိုင်)၀၅၄၉၂၈ သည် မိဘများ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ အရှက်ရစေခြင်းတို့ကို ပြုလုပ်ပါသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံးကို တာဝန်ယူဖြေရှင်းမည် မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးကျော်ဝင်း-ဒေါ်ရီမြင့်**

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဒေါ်ခင်ခင်ကြည်

## (Director-Ta-Fa Trading Co.,Ltd.)

## အသက်(၇၃)နှစ်

(ဦးစံရင်-ဒေါ်ခင်ကြူ)တို့၏သမီး ဒေါ်မြင့်မြင့်အောင်၏ညီမ၊ ဦးထွန်းကြည်(Executive Director-Ta-Fa Trading Co.,Ltd.) - ဒေါ်တင်လှမြင့် Director-Ta-Fa Trading Co.,Ltd.)၊ ဦးကျင်စိန် (Managing Director-Ta-Fa Trading Co.,Ltd) - ဒေါ်နီနီအေး (Director-Ta-Fa Trading Co.,Ltd.)၊ ဒေါ်ခင်ခင်တို့၏ အစ်မ၊ ကိုထွန်းလင်း (GM-Ta-Fa Trading Co.,Ltd)-မမို့မို့အောင်၊ ကိုဟိန်းသူ (BM-Ta-Fa Trading Co.,Ltd.)-မနှင်းရည်လှိုင်၊ မထက်ထက်လင်း၊ မမော်လီလင်းတို့၏အဒေါ်၊ မောင်လင်းခန့်ထွန်း၊ မောင်မင်းခန့်ထွန်းနှင့် မမြတ်ဟေမာသာလင်းတို့၏ အဘွား ဒေါ်ခင်ခင်ကြည်သည် ၁-၉-၂၀၂၁ ရက် ည ၈:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**TA-FA Trading Co., Ltd.**

**ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဒေါ်ခင်ခင်ကြည်

## (Director-Ta-Fa Trading Co.,Ltd.)

## အသက်(၇၃)နှစ်

(ဦးစံရင်-ဒေါ်ခင်ကြူ)တို့၏သမီး ဒေါ်မြင့်မြင့်အောင်၏ညီမ၊ ဦးထွန်းကြည်(Executive Director-Ta-Fa Trading Co.,Ltd.) - ဒေါ်တင်လှမြင့် Director-Ta-Fa Trading Co.,Ltd.)၊ ဦးကျင်စိန် (Managing Director-Ta-Fa Trading Co.,Ltd.) - ဒေါ်နီနီအေး (Director-Ta-Fa Trading Co., Ltd.)၊ ဒေါ်ခင်ခင်တို့၏ အစ်မ၊ ကိုထွန်းလင်း (GM-Ta-Fa Trading Co.,Ltd.)-မမို့မို့အောင်၊ ကိုဟိန်းသူ (BM-Ta-Fa Trading Co.,Ltd.)-မနှင်းရည်လှိုင်၊ မထက်ထက်လင်း၊ မမော်လီလင်းတို့၏အဒေါ်၊ မောင်လင်းခန့်ထွန်း၊ မောင်မင်းခန့်ထွန်းနှင့် မမြတ်ဟေမာသာလင်းတို့၏ အဘွား ဒေါ်ခင်ခင်ကြည်သည် ၁-၉-၂၀၂၁ ရက် ည ၈:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**Noble Beauty Business Group Co.,Ltd.**

**Natural Green Beauty Co., Ltd.**

**ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစု**

---

### နှစ်ဦးသဘောတူ မြေအရောင်းအဝယ်ဖျက်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ၂၉-ရပ်ကွက်၊ အောင်မာယာလမ်း၊ မြေကွက်အမှတ် (၅၁၇/ခ)ဟုခေါ်တွင်သော အလျား (၂၀ပေ) × အနံ (၆၀ပေ) မှတ်သားတည်ရှိသော နှစ် (၆၀)မြေငှားဂရမ်မြေအမျိုးအစားအပါအဝင် ယင်းမြေနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်သည့် ဒေါ်သော်မိအောင် (၇/ပခန(နိုင်)၃၅၀၂၉၆)မှ ရောင်းချခဲ့သဖြင့် ဝယ်ယူရန်အတွက် ဒေါ်သန်းသန်းဝင်း (၁၂/လကန(နိုင်) ၀၀၅၆၅၉)မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားသော်လည်း (၁.၉.၂၀၂၁) ရက်နေ့တွင် နှစ်ဦးသဘောတူ အရောင်းအဝယ်အား ဥပဒေနှင့်အညီ အသိသက်သေများ၏ရှေ့မှောက်၌ တရားဝင် ရှင်းလင်းဖျက်သိမ်းပြီးဖြစ်ကြောင်းနှင့် ဒေါ်သော်မိအောင် (၇/ပခန(နိုင်)၃၅၀၂၉၆)မှ အထက်လိပ်စာပါ အရောင်းအဝယ်ပြုလုပ်ခဲ့သော မြေအား တရားဝင်လက်ဝယ်ပိုင်ဆိုင်ကြောင်း လွှဲအပ်ညွှန်ကြားချက်များအရ အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သော်မိအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးရဲအောင်နိုင်ထူး** | **ဒေါ်ဖြိုးရိရိ** |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ် - ၃၃၀၄၆/၂၀၁၀) | (စဉ် -၅၄၁၆၈) |
| WIPO(Switzerland) | WIPO(Switzerland) |

၀၉- ၇၉၁၆၈၆၃၃၄၊ ၀၉ ၄၅၀၀၄၅၁၈၇၊ ၀၉ ၇၉၆၃၆၀၀၈၁

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၇) ရွှေပေါက်ကံ၊ ခတ္တာလမ်း၊ မြေကွက်အမှတ်(၁၅၇)၊ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးမျိုးဝေ ၁၂/မဘန(နိုင်)၀၁၃၉၄၀၊ ဒေါ်လှကေခိုင် ၁၂/မရက(နိုင်)၀၇၇၂၂၂၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်အနက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော မြေ၏တစ်ဝက်(စံပယ်လမ်းဘက်မှ မျက်နှာမူကြည့်လျှင် အကျယ်အဝန်း(၃၅x၄၈)ပေရှိ ခြေရင်းဘက်အခြမ်းမြေကွက်)နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC တစ်ထပ်တိုက်(၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်လှကေခိုင် ၁၂/မရက(နိုင်)၀၇၇၂၂၂ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်နွဲ့ ၁၂/စခန(နိုင်)၀၁၃၉၂၅ က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်နွဲ့ ၁၂/စခန(နိုင်)၀၁၃၉၂၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအေး(LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၀၇)**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၄၀၆၉၄၊ ၀၉-၇၆၅၀၄၀၆၉၄**

### May Phoo Wai ဖေ့ဘုတ်စ်အကောင့်ပိုင်ရှင်နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ယေးယေး(ခ)မို့မို့အောင်(ဘ) ဦးဇော်မင်းဦး ၁၂/လမန(နိုင်)၁၅၆၂၄၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ယေးယေးဟူသောအမည်ဖြင့် အနုပညာရှင်အဖြစ် အသက်မွေးဝမ်းကျောင်းပြုနေသူဖြစ်ပြီး ဩဂုတ်လဆန်းပိုင်းတွင် အထက်ပါ May Phoo Wai ဖေ့ဘုတ်စ်အကောင့်မှ ကျွန်ုပ်၏ မိတ်ဆွေနှင့်ပတ်သက်သည့် မမှန်ကန်သော ဂုဏ်သတင်းကျော်စောမှုကို ထိခိုက်စေသည့်အကြောင်းအရာများကို ဆိုရှယ်မီဒီယာတွင်တင်ခြင်း၊ ကျွန်ုပ်၏မိတ်ဆွေ၏ အနုပညာဖန်ဂရုများမှ ဖန်များသို့ Messsenger မှ သွားရောက်ပြောဆိုခြင်းတို့ကို သိရှိရသဖြင့် May Phoo Wai အကောင့်ပိုင်ရှင်အား လူမှုရေးအရ အသိပေးဟန့်တားခဲ့ပြီးဖြစ်ပါသည်။ သို့သော် ယခုအချိန်ထိမမှန်သတင်းများ ဆက်လက်ပြန့်ပွားလျက်ရှိရာ ကျွန်ုပ်၏မိတ်ဆွေ၏ ဂုဏ်သတင်းကျော်စောမှုကို များစွာထိခိုက်နစ်နာရပါသဖြင့် နောက်နောင်တွင် May Phoo Wai အကောင့်ပိုင်ရှင် သော်လည်းကောင်း၊ အခြားသူများမှသော်လည်းကောင်း ကျွန်ုပ်၏မိတ်ဆွေနှင့်ပတ်သက်သည့် မမှန်ကန်သည့်အကြောင်းအရာများ ဆက်လက်ပြောဆို ဖြန့်ဝေနေပါက ၎င်းတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အလေးအနက် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်လှိုင်သိန်း(တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၉၇၂၂(၂၆-၃-၂၀၁၄)**
**အမှတ်(၈)၊ K-4၊ (၇)လမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊တာမွေမြို့နယ်။**
**ဖုန်း-၀၉-၅၁၄၃၇၄၁၊ ၀၉-၄၅၈၁၈၃၈၈၄**

### ရောင်းမည်

တိုက်ခန်း-၃လွှာ၊ ဗဟန်းမြို့နယ်၊ သိန်း(၉၈၀)ညှိနှိုင်း၊ ၁၇ပေ ၆၅ပေ၊ အသင့်နေနိုင်ပြင်ဆင်ပြီး၊ တိုက်ရိုက် အဝယ်များသာ ဆက်သွယ်ပါရန်။

အကျိုးဆောင်များမလိုပါ။

ဖုန်း-၀၉-၇၇၀၂၁၈၁၈၂

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ သုဒဿန(၃)လမ်း၊ သီရိဂုဏ်အိမ်ရာ၊ တိုက်အမှတ်-(၁)၊ အခန်း(၄၀၄)တိုက်ခန်းနှင့် အခန်းတွင်တပ်ဆင်ထားသော ရေ၊ မီးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းဖြင့် ပြောဆိုဝန်ခံသူ ဦးကျော်သူထက် ၁၂/သဃက(နိုင်)၁၅၀၀၈၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇေယျ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၄၅)**
**တိုက်အမှတ်-(B6)၊ အခန်း(၄၀၁)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ (၃)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၇၇၈၃၅၁၆**

### ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၇-ဘီ)၊ အလျားxအနံ(၁၁၀ပေx၁၀၁ပေ)၊ ဧရိယာ ၀ ဒသမ ၂၅၅ဧကရှိသည့် မြေကွက်အမှတ်(၆၇)၊ နှစ်(၆၀)မြေငှားဂရန်မြေကွက်ကို အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အထက်ပါမြေကွက်အမှတ်(၆၇)မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်ထားသူဖြစ်ကြောင်းနှင့် ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းသူ ဦးကျော်မြင့်ဦး ၉/ဒမဇ(နိုင်)၀၂၂၆၆၅ ၎င်း၏ ကိုယ်စားလက်မှတ်ရေးထိုးသူ ဦးစိုးမိုးအောင် ၁၃/ကခန(နိုင်)၀၆၂၁၈၉ ထံမှ ဦးအောင်မြင့်ထွန်း ၁၁/ကဖန(နိုင်)၀၄၀၈၅၁ က ယင်းမြေကွက်ကို လက်ရောက်ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်၍ ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း သက်ဆိုင်သည့် စာချုပ်၊ စာရွက်စာတမ်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေအရ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သိန်းကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၃/၂၀၁၂)**
**ရုံးခန်း-တိုက် B၊ အခန်း ၁၀၂၊ ပထမထပ်၊ ဗညားဒလလမ်း၊**
**ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၆၁၀၃၆၉၀၆**
**Facebook : landlawyer1@gmail.com**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၂၃၁)၊ လူနေအခေါ် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၅)ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ်(၂၃၁) ဟုခေါ်တွင်သည့် အလျား(၂၀)ပေxအနံ(၅၀)ပေရှိသော ဦးကျော်လင်း၊ ဒေါ်ခင်အုန်းသွင် အမည်ပေါက် ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်စာချုပ်ဖြင့် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်သူ ဦးဝင်းစိုး ၁၂/ရကန(နိုင်)၀၅၂၀၄၃ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်လှရီအေး ၇/ရတန(နိုင်)၀၀၁၃၅၉ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်နေအိမ် အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်သဇင်စိုး(LL.B) (D.B.L) (D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၄၄)**
**အမှတ်(၄၁၄)၊ ပုလဲ(၂)လမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၁၂၃၅၄၁၀**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးခင်မျိုးအောင်
## အသက်(၆၂)နှစ်

အနန္တကျေးဇူးရှင်ဖခင်ကြီးကွယ်လွန်ခဲ့တာ ယနေ့ ၃-၉-၂၀၂၁ရက်တွင် တစ်လပြည့်ခဲ့ပါပြီ။ ဆပ်၍မကုန်နိုင်သော ဖေဖေ့ရဲ့မေတ္တာတရားကျေးဇူးများကို ရည်စူးပြီး ယနေ့(၁)လပြည့်နေ့တွင် ရန်ကြီးအောင်ဘုန်းကြီးကျောင်းနှင့် အောင်မင်းခေါင်ကျောင်းတိုက်တွင် လှူဒါန်းခဲ့သော ဆွမ်း၊ ဝတ္ထု၊ သင်္ကန်းကုသိုလ်အစုစုတို့ကို ကွယ်လွန်သူ ကျေးဇူးရှင်ဖခင်ကြီး ဦးခင်မျိုးအောင် မြင့်မြတ်တဲ့ ရောက်ရာဘုံဘဝမှ ရရှိခံစားပါစေကြောင်း ဆုတောင်းအမျှပေးဝေပါသည်။

မြင့်မြတ်အေးချမ်းသော ဘုံဘဝမှ သာဓုခေါ်ပါဖေဖေ.....

ကျန်ရစ်သူမိသားစု

## ဦးညဏ်ဝင်း
## ညွှန်ကြားရေးမှူး(ငြိမ်း)
## ကုန်သွယ်ရေးဝန်ကြီးဌာန
## အသက်(၈၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကျွဲပွဲမြို့နေ ကုန်သည်ကြီး (ဦးလှမောင်-ဒေါ်သိန်း)တို့၏တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဌာနာလမ်း၊ အမှတ်(၃၄)နေ [ဦးလှမောင် (စာရင်းစစ်မှူး)-ဒေါ်သန်းကြည်]တို့၏သားသမက်၊ ဒေါ်ဝင်းဝင်းလှ၏ချစ်လှစွာသောခင်ပွန်း၊ ဦးသီဟညဏ်၊ ဦးသူရညဏ်(J.S.M SHIPPING Co.,Ltd)၊ ဒေါ်ရှင်ထွေးညဏ်ဝင်း(ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီးသည် ၂၆-၈-၂၀၂၁ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ၂၇-၈-၂၀၂၁ရက် (သောကြာနေ့)တွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## အရှင်ကောဝိဒ
## (ဦးကျော်ကျော်)
## B.Sc(Chemistry)
## ဒု-ကြီးကြပ်ရေးမှူး(ငြိမ်း)-စာရွေးစာပို့စခန်း
## သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၇)ဝါ

ညောင်ဦးမြို့၊ သာယာဝတီရပ်နေ(ဦးချို-ဒေါ်စိန်ရင်)တို့၏ စတုတ္ထမြောက်သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရပ်ကွက်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၃၀)၊ အခန်း(၁)တွင်နေထိုင်သူ ဒေါ်တင်နွဲ့ဦး၏ခင်ပွန်း၊ ဦးအောင်ကျော်ဦး၊ ဦးဘိုဘိုကျော်ဦး-ဒေါ်ချိုချိုဝင်း၊ ဒေါ်ဇင်ဇင်ကျော်ဦး၊ ဦးအောင်ကျော်ခိုင်-ဒေါ်သီရိမောင်တို့၏ဖခင်၊ မြေး သုံးယောက်တို့၏ အဘိုးသည် ၂၀-၈-၂၀၂၁ရက်(သောကြာနေ့) မွန်းလွဲ ၁:၄၅ နာရီတွင် သီတင်းသုံးနေသော ကျောက်ခက်တော်ရာတောင်ပေါ်ကျောင်းတွင် ပျံလွန်တော်မူသွားပါသဖြင့် မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒေါ်နုနုလှိုင်
## အသက်(၅၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အောင်တံခွန်လမ်း၊ အမှတ်(၃၂၂)၊ ၅(B)နေ (ဦးသိန်းအောင်-ဒေါ်ရွှေရင်)တို့၏သမီး၊ ဦးစိုးဝင်း-ဒေါ်ကြည်စောတို့၏ချွေးမ၊ ဗိုလ်မှူးဝဏ္ဏ(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ မအေးချမ်းမြတ်ဖြိုး၊ မောင်အာကာဝဏ္ဏ၊ (မအေးချမ်းမြတ်မိုး)တို့၏ မိခင်ဖြစ်သူ ဒေါ်နုနုလှိုင်သည် ၂-၉-၂၀၂၁ရက်(ကြာသပတေးနေ့) နံနက် ၀၁:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရွှေပြည်သာကျူချောင်သုသာန်၌ နေ့ချင်းပြီး မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒေါ်ခင်ခင်ကြည်
# (Director-Ta-Fa Trading Co.,Ltd.)
# အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ ရွှေတောင်တန်းလမ်း၊ အမှတ်(၁၁၀)၊ (၅)လွှာနေ (ဦးစံရင်-ဒေါ်ခင်ကြူ)တို့၏ သမီး ဒေါ်မြင့်မြင့်အောင်၏ ညီမ၊ ဦးထွန်းကြည် (Executive Director-Ta-Fa Trading Co.,Ltd.)-ဒေါ်တင်လှမြင့် (Director-Ta-Fa Trading Co.,Ltd.)၊ ဦးကျင်စိန်(Managing Director-Ta-Fa Trading Co.,Ltd.)-ဒေါ်နီနီအေး(Director-Ta-Fa Trading Co.,Ltd.)၊ ဒေါ်ခင်ခင်တို့၏ အစ်မ၊ ကိုထွန်းလင်း(GM-Ta-Fa Trading Co.,Ltd.) - မမို့မို့အောင်၊ ကိုဟိန်းသူ(BM-Ta-Fa Trading Co.,Ltd.)-မနှင်းရည်လှိုင်၊ မထက်ထက်လင်း၊ မမော်လီလင်းတို့၏ အဒေါ်၊ မောင်လင်းခန့်ထွန်း၊ မောင်မင်းခန့်ထွန်းနှင့် မမြတ်ဟေသာလင်းတို့၏ အဘွား ဒေါ်ခင်ခင်ကြည်သည် ၁-၉-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) ည ၈:၅၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၂၁ရက် (သောကြာနေ့) နံနက် ၁၁:၀၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ညှိုးငယ်စွာဖြင့် အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာစိန်မောင်
## ဥက္ကဋ္ဌ ပထမ ပုဂ္ဂလိကဘဏ်လီမိတက်
## အသက်(၈၅)နှစ်

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)၏ နာယကကြီး ဒေါက်တာစိန်မောင်သည် ၃၀-၈-၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာစိန်မောင်
## ဥက္ကဋ္ဌ ပထမ ပုဂ္ဂလိကဘဏ်လီမိတက်
## အသက်(၈၅)နှစ်

ဒေါက်တာ အောင်မင်း(ဒါရိုက်တာ၊ ပထမ ပုဂ္ဂလိကဘဏ်လီမိတက်)၏ ဖခင် ဒေါက်တာစိန်မောင်(ဥက္ကဋ္ဌ ပထမပုဂ္ဂလိကဘဏ်လီမိတက်)သည် ၃၀-၈-၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါသည်။

ဦးနေလင်းဦး
ဂမုန်းပွင့်ကုမ္ပဏီလီမိတက်

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးသိန်းဇံ (ငြိမ်း)
## ကြည်း-၂၂၃၂၊ ကသ (၇၄)၊ စည်သူ (၈၀)

သူငယ်ချင်းဖြစ်သူ OTS (၈၀) စည်သူတပ်ခွဲမှ ဗိုလ်ကြီးသိန်းဇံ (ငြိမ်း)သည် ၁-၉-၂၀၂၁ရက် ညနေပိုင်းတွင် နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့်ကျန်ရစ်သူမိသားစုနှင့်အတူထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းကောင်းရာသုဂတိလားပါစေ။

**စည်သူ (၈၀) ကျောင်းဆင်းအရာရှိများနှင့်**
**မိသားစုဝင်များ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအုန်းလွင်
## အထွေထွေမန်နေဂျာ(မြို့ပြ)(ငြိမ်း)၊ ခေတ္တကျောင်းအုပ်ကြီး(ငြိမ်း)
## ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း(မိတ္ထီလာ)
## အသက်(၇၂)နှစ်

ဦးအုန်းလွင်(အထွေထွေမန်နေဂျာ၊ မြို့ပြ-ငြိမ်း၊ ခေတ္တကျောင်းအုပ်ကြီး-ငြိမ်း)သည် ၁-၉-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၁၆ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာ(မြို့ပြ)နှင့်**
**မြို့ပြအင်ဂျင်နီယာဌာနဝန်ထမ်းများ**

## သားအဖြစ်မှ
## အမွေပြတ်စွန့်လွှတ်ခြင်း

ရွှေညောင်မြို့၊ နီလာလမ်း(ခ)ဘူတာလမ်း၊ သုခချမ်းသာ (၂)ရပ်ကွက်နေ ဒေါ်နန်းရွှေအေး ၁၃/တကန(နိုင်)၀၃၉၄၁၀၏ သားဖြစ်သူ ကိုအောင်အောင်လွင် ၁၃/တကန(နိုင်)၁၃၄၃၆၄ သည် မိခင်ဖြစ်သူကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် စိတ်ညိုညင်အောင်ပြု လုပ်သည့်အပြင် မိခင်ဖြစ်သူအား ရန်သူသဖွယ်ပြုမူဆက်ဆံပြီး အသက်အန္တရာယ်ကိုပါ ထိပါးခြိမ်းခြောက်မှုများပြုလုပ်သဖြင့် သွာနုတ္တ သားအဖြစ်သတ်မှတ်ပြီး အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံး၀(လုံး၀) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းရွှေအေး**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ချို
## ပါမောက္ခ(ငြိမ်း)၊ မြန်မာစာဌာန၊ မအူပင်တက္ကသိုလ်
## အသက် (၇၇)နှစ်

မော်လမြိုင်ကျွန်းမြို့နေ (ဦးကြင်-ဒေါ်စိန်တင်)တို့၏သမီး၊ (ဦးဘိုးရွှေ-ဒေါ်ချိုတ်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့နေ [ဦးသိန်းမြင့် (ဒုတိယဝန်ကြီး-ငြိမ်း၊ စက်မှု-၁)-ဒေါ်တင်ကြည်ကြည် (တွဲဖက်ပါမောက္ခ-ငြိမ်း၊ ပထဝီဝင်ဌာန)]၊ (ဒေါက်တာ ဦးရဲမွန် (ဆေးရုံအုပ်ကြီး-ငြိမ်း၊ သန်လျင်ပြည်သူ့ဆေးရုံ)-ဒေါက်တာ ဒေါ်ခင်ခင်အေးတို့၏ညီမ၊ ဦးဇော်ဝင်း-ဒေါ်မေအုန်းသက်တို့၏အစ်မ၊ ဦးတင့်လွင်၏ဇနီး၊ ဦးမျိုးသန့်တင်-ဒေါ်ဝေမျိုးသူတို့၏မိခင်၊ မောင်သုတအိမ်၏အဘွား၊ တူ/တူမ ၁၃ ယောက်တို့၏အဒေါ်ဖြစ်သူ ဒေါ်တင်ချို (ပါမောက္ခ-ငြိမ်း၊ မြန်မာစာဌာန၊ မအူပင်တက္ကသိုလ်)သည် ၂၉-၈-၂၀၂၁ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီး/ရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြည်ကြည်အေး
## MPPE-ဌာနစုမှူး
## အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၉၂)လမ်း၊ အမှတ်(၄၈)နေ (ဦးလှအောင်)၏ဇနီး၊ဦးဖြိုးဝင်းအောင်-ဒေါ်နန်းချိုဇင်သန့်တို့၏မိခင်၊ မနန်းယွန်းရွှေရည်ဖြိုး၊ ကိုစိုင်းမြင့်မြတ်ဖြိုးတို့၏ အဘွားသည် ၁-၉-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅:၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၂၁ ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ရဟန်းဒါယကာကြီး
## ဦးရှူဝံကျော်
## BE (Textile)
## 2nd Engineer
## အသက် (၅၁)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးဝင်းရှိန်-ဒေါ်သန်းကြည်) အိုမီဂါခေတ်ပုံတိုက်တို့၏သားထွေး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးသိန်းကြိုင်-(ဒေါ်နီနီသိန်း)တို့၏သားသမက်၊ ဒေါ်ယုယုကြိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မထက်နန္ဒာကျော်၏ ချစ်လှစွာသောဖခင်၊ ဦးရှူဝံကျော်သည် ၁-၉-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅:၂၀ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၂၁ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကလေးရပ်ကွက်၊ သံလမ်းအမှတ်(၁၃၂)နေ ဦးမင်းလွင် ၅/ကသန(နိုင်)၀၀၃၀၁၇ ၏ သမီးဖြစ်သူ ဒေါ်မြင့်မြင့်မော် ၁၂/တမန(နိုင်)၀၆၃၉၄၆ သည် မိဘ၏ ဆိုဆုံးမမှုကို နာခံလိုက်နာခြင်းမရှိ၊ ညီအစ်ကိုမောင်နှမများကိုလည်း အကြိမ်ကြိမ် ကိုယ်ဆင်းရဲ စိတ် ဆင်းရဲအောင် ပြုလုပ်လာပါသဖြင့် ၂-၉-၂၀၂၁ ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ယင်းနေ့မှစ၍ ၎င်းနှင့် ပတ်သက်သည့် မည်သည့် ကိစ္စရပ်ကိုမျှ တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

ဦးမင်းလွင်

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## International Army Games-2021 ပြိုင်ပွဲ၏ ဆက်စပ်ပြိုင်ပွဲတစ်ရပ်ဖြစ်သည့် Creative Competition ပြိုင်ပွဲတွင် မြန်မာ့တပ်မတော်မှ ယဉ်ကျေးမှုတပ်ဖွဲ့ဝင်များ ပထမဆုတစ်ဆု၊ ဒုတိယဆု နှစ်ဆုနှင့် တတိယဆု တစ်ခု ဆွတ်ခူးရရှိ

**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာ့တပ်မတော်အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ဩဂုတ် ၂၂ ရက်မှစတင်၍ ကျင်းပပြုလုပ်လျက်ရှိသည့် International Army Games–2021 ပြိုင်ပွဲတွင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့်အတူ တင့်ကားစွမ်းရည် ပြိုင်ပွဲ၊ လက်ဖြောင့်သေနတ်ပစ် စွမ်းရည်ပြိုင်ပွဲ၊ စစ်မြေပြင်ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲ၊ လေကြောင်းချီတပ်စုများစွမ်းရည်ပြိုင်ပွဲများအပြင် ဆက်စပ်ပြိုင်ပွဲ တစ်ရပ်ဖြစ်သည့် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ပြိုင်ပွဲ Creative Competition တွင်လည်း ဝင်ရောက်ယှဉ်ပြိုင် လျက်ရှိသည်။

ထိုသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ့တပ်မတော်မှ ယဉ်ကျေးမှုတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၂ ရက်မှစတင်၍ နိုင်ငံပေါင်း ၁၅ နိုင်ငံမှ ပြိုင်ပွဲဝင် ရိုးရာယဉ်ကျေးမှု တပ်ဖွဲ့ဝင်များနှင့်အတူ ပြိုင်ပွဲအသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရိုးရာဝတ်စုံဖြင့် ဖျော်ဖြေတင်ဆက်ပြသမှုတွင် ပထမဆု၊ ရုရှားသီချင်းဖြင့် တစ်ဦးချင်း သီဆိုဖျော်ဖြေတင်ဆက်မှုတွင် ဒုတိယဆု၊ နိုင်ငံ့ရိုးရာယဉ်ကျေးမှုကို

*စာမျက်နှာ ၇ ကော်လံ ၄* ❁



မြန်မာ့ရိုးရာယဉ်ကျေးမှုအဖွဲ့ မြန်မာ့စောင်း၏ ယိမ်းအလှအကဖြင့် ပြိုင်ပွဲဝင်နေစဉ်။

## ကျန်းမာရေးဝန်ကြီးဌာန၏ အသိပေးကြေညာချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019) (COVID–19) မြန်မာနိုင်ငံအတွင်း ကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019) (COVID–19)ကို ကူးစက်မြန်ရောဂါ (သို့မဟုတ်) တိုင်ကြားရမည့် ကူးစက်ရောဂါအဖြစ် သတ်မှတ်ပြီး ဤအမိန့်ကို မရုပ်သိမ်းသမျှ ကာလပတ်လုံး အတည်ဖြစ်ကြောင်း ၂၈–၂–၂၀၂၀ ရက်စွဲပါစာအမိန့်အမှတ် ၁၉/၂၀၂၀ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ကျန်းမာရေးဝန်ကြီးဌာနသည် အထက်ဖော်ပြပါ ကူးစက်မြန်ရောဂါ (သို့မဟုတ်) တိုင်ကြားရမည့်ရောဂါအား မြန်မာနိုင်ငံအတွင်း ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်အတွက် လိုအပ်သော တားမြစ် ကန့်သတ်ချက်များ ထုတ်ပြန်ခြင်း၊ ရောဂါကူးစက်ဖြစ်ပွားမှုများသော မြို့နယ်များတွင် မိမိနေအိမ်တွင် နေထိုင်ရေးအစီအစဉ် (Stay at home) များ သတ်မှတ်ကြေညာခြင်း၊ အဆိုပါအစီအစဉ်တွင် မပါဝင်သော မြို့နယ်များတွင်လည်း လိုအပ်သော ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်များ ချမှတ်ဆောင်ရွက်ခြင်းနှင့် လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်ခြင်းများ ဆောင်ရွက်၍ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများကို အထူးကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

၃။ ယခုအခါ ကိုဗစ်–၁၉ မျိုးရိုးဗီဇပြောင်းလဲသော ပိုးတွေ့ရှိသူများ မြန်မာနိုင်ငံတွင် တွေ့ရှိရသည့်အပြင် အဆိုပါ ကိုဗစ်–၁၉ မျိုးရိုးဗီဇပြောင်းမျိုးကွဲမှာ အထူးဂရုစိုက်ရမည့် မျိုးရိုးဗီဇကွဲ ကိုဗစ်–၁၉ (Variants of Concern) Delta မျိုးစိတ်ဖြစ်သဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ချက်များအရ ရောဂါပိုးကူးစက်နိုင်မှုနှင့် ရောဂါပြင်းထန်မှု မြင့်မားသဖြင့် သေဆုံးနိုင်ခြေမြင့်မားနိုင်ကြောင်း သုံးသပ်ထားပြီး အချို့သော ကိုဗစ်ကာကွယ်ဆေးများ၏ အကျိုးအာနိသင်ကိုလည်း အနည်းငယ်လျော့ကျနိုင်ကြောင်း သိရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကူးစက်မြန်ရောဂါ (သို့မဟုတ်) တိုင်ကြားရမည့်ကူးစက်ရောဂါအဖြစ် သတ်မှတ်သည့်အမိန့်သည် မရုပ်သိမ်းသမျှကာလပတ်လုံး အတည်ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ထုတ်ပြန်ထားသော အမိန့်ကြေညာချက်များ၊ ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်**

ယနေ့ သတင်းအညွှန်း

လူငယ်ထုဟာ နိုင်ငံရေးသမားများရဲ့ ခေတ်အဆက်ဆက် အသုံးချခံ သက်သက်လား စာ - ၁၀

ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၄၅၉ ဦး တွေ့ရှိ စာ - ၁၅

စီရော်နယ်ဒို၏ နောက်ကျသွင်းဂိုးနှစ်ဂိုးဖြင့် အိုင်ယာလန်အသင်းကို ပေါ်တူဂီ အနိုင်ရ စာ - ၁၈